# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၀ ပြည့်နှစ် နယုန်လပြည့်၊ အင်္ဂါနေ့။ Tuesday 29 May 2018 ၉၃၀၁


# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးစိုးဝင်းကို ခန့်အပ်ရန် ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်သို့ တင်ပြ

နေပြည်တော် မေ ၂၈

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ခန့်အပ်ရန် လွှတ်တော်သို့တင်ပြခြင်း၊ ပြည်နယ်ဝန်ကြီးခန့်အပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအဖွဲ့ဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၇ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာကို မှတ်တမ်းတင်ခြင်း၊ ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများ၏ စီမံကိန်းလုပ်ငန်းတစ်ခုချင်းအလိုက် လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးစိုးဝင်းကို ခန့်အပ်တာဝန်ပေးလိုခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ၎င်းအား သက်ဆိုင်ရာ အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသည့်

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

## ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ဇွန် ၂ ရက်တွင် ထုတ်ပြန်မည်

**နေပြည်တော် မေ ၂၈**

၂၀၁၈ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၂ ရက် (စနေနေ့) နံနက် ၆ နာရီတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ အောင်စာရင်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သက်ဆိုင်ရာစာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်း ကပ်ထားမည်ဖြစ်သည်။

ထို့အပြင် အင်းစိန်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့တွင်လည်း တိုင်းဒေသကြီး/ပြည်နယ်များ၏ အောင်စာရင်းများကို ကပ်ထားမည်ဖြစ်သည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် အောင်စာရင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများတွင် လည်းကောင်း၊ ခရိုင်အလိုက်သိရှိလိုပါက သက်ဆိုင်ရာ ခရိုင်ပညာရေးမှူးရုံးများတွင် လည်းကောင်း၊ မြို့နယ်အလိုက်သိရှိလိုပါက သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် လည်းကောင်း ဇွန် ၂ ရက် နံနက် ၆ နာရီနောက်ပိုင်းတွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

အောင်စာရင်းထုတ်ပြန်မည့် ဇွန် ၂ ရက် နံနက် ၆ နာရီတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**စစ်ကိုင်းတိုင်းဒေသကြီး လူထုအခြေပြုခရီးသွားလုပ်ငန်း နှစ်ရှာအနက် နွယ်ငြိမ်းကျေးရွာတွင်သာ ဖော်ဆောင်မှုပီပြင်**



စာမျက်နှာ - ၁၆

**ကျွန်းစုမြို့နယ်၌ ပျားရည်များ ဈေးကောင်းရသဖြင့် တစ်နိုင်တစ်ပိုင် ပျားမွေးမြူသူများပြား**



စာမျက်နှာ - ၁၇

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းကာ ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် မေ ၂၈။** ။ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **ကြေးမုံ**


သင် ! အိမ်ခြံမြေ ရောင်း/ဝယ်/ငှား နှင့် ပတ်သက်နေလျှင် ဝင်ရောက်ကြည့်ရှုလိုက်ပါ။

11 သိန်းတန် iphone7+ ကံစမ်းမဲရှိတယ်နော်

homemyan.com

အိမ်/ခြံ/မြေ/တိုက်ခန်း/အဆောင်/ဂိုဒေါင် ရောင်း/ဝယ်/ငှား ``FREE ကြော်ငြာ'' WEBSITE

Operated by SHOWA

## ကြေးမုံ

# နှစ်ဖက်အသိုက်အဝန်း သဟဇာတနေထိုင်

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက နေရပ်စွန့်ခွာသူများ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိခြင်းနှင့်စပ်လျဉ်း၍ မေလ ၂၇ ရက်နေ့က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ထိုနေ့တွင်ပင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံကက်သလစ်ဂိုဏ်းချုပ်ဆရာတော် ဦးဆောင်သည့် နိုင်ငံတကာနှင့် ပြည်တွင်းမှ အဖွဲ့နှင့် ဘာသာပေါင်းစုံအဖွဲ့တို့သည် စစ်တွေမြို့မှတစ်ဆင့် မောင်တောမြို့နယ် လှဖိုးခေါင်ကြားစခန်းသို့ သွားရောက်ပြီး ဒေသခံတိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များအား တွေ့ဆုံခဲ့သည်။

ထိုနေ့တွင်ပင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးတို့ဦးဆောင်သောအဖွဲ့သည် စစ်တွေမြို့နယ် သက်ကြေပြင် IDP စခန်းများ ပိတ်သိမ်းရေးနှင့် ပြန်လည်နေရာချထားရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စခန်းတာဝန်ခံများ၊ နေထိုင်သူများနှင့် တွေ့ဆုံဆွေးနွေးကူညီအားပေးခဲ့ကြသည်ကို တွေ့ရသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများ၏နောက်ဆက်တွဲအရေးများဖြစ်သည့် လူသားချင်း စာနာထောက်ထားမှုအရေးများကို နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးသဘောတူညီချက်ကို ယမန်နှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ရာ ၁၉၉၃ ခုနှစ် သဘောတူညီချက်တွင် သဘောတူညီခဲ့ကြသည့်အတိုင်း နေရပ်စွန့်ခွာသွားသူများ ပြန်လည်ရောက်ရှိလာလျှင် အကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခြင်းမရှိပါက အရေးယူမည်မဟုတ်ကြောင်း သဘောတူညီခဲ့ကြသည်။

ထို့နောက် ပြန်လည်လက်ခံရေးအတွက် လုပ်ငန်းများကိုပြင်ဆင်ပြီး အဆင်သင့်စောင့်ဆိုင်းခဲ့သည့်အပြင် မြန်မာနိုင်ငံအစိုးရ တာဝန်ရှိသူများက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အကြိမ်ကြိမ်သွားရောက်၍ ပြန်လည် လက်ခံရေးအတွက် အသိပေးပြောကြားခဲ့သော်လည်း သတ်မှတ်ထားသောစည်းကမ်းနှင့်အညီ စနစ်တကျ ပြန်လည်ဝင်ရောက်လာခြင်းမရှိဘဲ မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ပေးနေသည့်လုပ်ငန်းများအား အရာမရောက်စေသည့်အနေအထားများနှင့် ကြုံတွေ့နေရသည်။

ယခုကာလအတောအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆက်လက်နေထိုင်လိုခြင်းမရှိသော နေရပ်စွန့်ခွာသူများသည် ၎င်းတို့၏သဘောဆန္ဒအစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာကြရာ ဒေသခံအဖွဲ့အစည်းများက တရားမဝင် ဝင်ရောက်သဖြင့် ဖမ်းဆီးအရေးယူကာ အချို့ကို ပြစ်ဒဏ်ချမှတ်ခဲ့သည်။ အမှန်တကယ်တွင် ၎င်းတို့သည် လိုအပ်သည့်ပုံစံများဖြည့်ရန်ကိစ္စ၊ လက်ခံရေးစခန်းမှတစ်ဆင့် ပြန်လည်ဝင်ရောက်ရေးကို မသိရှိခဲ့ကြသဖြင့် ၎င်းတို့ကို လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ပြီး နှစ်နိုင်ငံသဘောတူညီချက်အတိုင်း သတ်မှတ်ထားသည့် ပြန်လည်လက်ခံရေးစခန်းများတွင် စနစ်တကျစိစစ်မှုများပြုလုပ်ကာ ကြားစခန်းတွင် ထားရှိရေးအတွက် ကျခံရသောပြစ်ဒဏ်များကို နိုင်ငံတော်သမ္မတက လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည်။ အကြမ်းဖက်မှုနှင့်ပတ်သက်သူများကိုမူ တရားဥပဒေစိုးမိုးရေးအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ သုံးသပ်လေ့လာကြည့်မည်ဆိုလျှင် ARSA အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် အပြစ်မဲ့နေထိုင်သူများ ဒုက္ခရောက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းကို နိုင်ငံတော်အစိုးရက လူသားချင်းစာနာစိတ်ထားပြီး တရားမျှတစွာဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့သော ဆောင်ရွက်ပေးမှုနှင့်အညီ မတူကွဲပြားသော နှစ်ဖက်အသိုက်အဝန်းအတွင်း သဟဇာတဖြစ်စွာ နေထိုင်ရေးတွင် အသိစိတ်ဓာတ်ရှိစွာဖြင့် ပူးပေါင်းပါဝင်ရမည်ဖြစ်သလို အပြုသဘောဆောင်လက်တွဲဆောင်ရွက်ကြသင့်သည်ဟု ရှုမြင်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) ငါးမှု စီရင်ချက်ချမှတ်ပြီး ငါးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိမ်းနှင့် ဦးခင်မောင်ကြည်တို့ပါဝင်သည့် အပြီးသတ် ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)တွင် ရုံးထိုင်ပြီး တရားမ အထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba နှင့်အဖွဲ့နှင့် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။



ထိုသို့တွေ့ဆုံစဉ် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ အသက်မပြည့်သည့် ကလေးသူငယ်များနှင့် ပတ်သက်၍ ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောင်းကျန်းမာရေးနှင့် ဆယ်ကျော်သက်လူငယ် ကျန်းမာရေးလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်လှစ်

**ပုသိမ် မေ ၂၈**

တိုင်းဒေသကြီးအဆင့် ကျောင်းကျန်းမာရေးနှင့် ဆယ်ကျော်သက်လူငယ် ကျန်းမာရေးလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းပြည်သူ့ကျန်းမာရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ လှမြတ်သွေးက အမှာစကားပြောကြားရာတွင် လုပ်ငန်းဆင့်ပွားသင်တန်းဖြစ်ပြီး ကျောင်းသားလူငယ်တစ်ရပ်လုံးတွင် ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝဟန်ပုံစံများသိရှိ ကျင့်သုံးစေရန်နှင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရန် ရည်ရွယ်ပြီး ကျန်းမာရေး အဆင့်မြင့်ကျောင်းလုပ်ငန်းစဉ်(၉)ရပ်ကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများ တစ်ဝက်လျှော့ချနိုင်စေရန် ဆေးလိပ်၊ဆေးရွက်ကြီးသုံးစွဲမှု လျှော့ချရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် စသည့် ကျန်းမာရေး ရည်မှန်းချက်များ ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျောင်းသားလူငယ်များအပါအဝင် ဆယ်ကျော်သက် လူငယ်များအနေဖြင့် အရေးကြီးကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန တိုင်းကျန်းမာရေးမှူး ဒေါက်တာ အောင်ကျော်ထွေး က အမှာစကားပြောကြားကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ပြည်သူ့ကျန်းမာရေး ဦးစီးမှူးနှင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ NGO အဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မြင့်ဟန်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၂၈**

ရန်ကုန်(ရွှေဈေး) ၉၃၃၅၀၀ - ၉၃၃၅၀၀ မန္တလေး(ရွှေဈေး) ၉၃၃၅၀၀ - ၉၃၃၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၅၀/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၀၅/၉၃၀ ကျပ်၊ | ၉၉၀/၁၀၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၈၀ ကျပ်၊ | ၉၅၀/၉၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၆၅/၉၇၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၅/၈၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၀/၉၀၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၂၅/၈၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၆.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၈၆.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၂.၂၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂.၅၁၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀.၄၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉.၈၄၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၇.၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၃၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၅.၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၁.၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957 ၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၈၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၁၃၅၁

## မဟာမိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီး သုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် နားလည်မှု၊ အပြန်အလှန် ယုံကြည်မှုတွေနဲ့ ပြည်သူတွေအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်း ပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှမှု အာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ် ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၈**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံအမတ်ကြီး H.E. Mr. Hassan Bin Mohamed Rafei AL-Emadi အား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ကာတာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် ကာတာနိုင်ငံက ကူညီဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၆/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၂၈ ရက်)

**စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေခြင်း**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၇/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၂၈ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်သူကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ နွေနှမ်းဧက ၁၁၀၀ အောင်မြင်ဖြစ်ထွန်းနေမှုများ ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂၈**

သီးနှံများ၏ အထွက်နှုန်းတိုးတက်ရေး သာမက ကျန်းမာရေးနှင့် ညီညွတ်သော အရည်အသွေးကောင်း သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်တောင်းဆိုမှုရှိပြီး တောင်သူ အကျိုးအမြတ် အမှန်တကယ် ခံစားရရှိစေနိုင်သည့် သီးနှံပုံစံ ချမှတ်ဆောင်ရွက်နိုင်ရေး၊ စံချိန်စံညွှန်းမီ သီးနှံများ ထုတ်လုပ်တင်ပို့နိုင်ရေးတို့အတွက် ရိတ်သိမ်းချိန်လွန် နည်းပညာများကို သက်ဆိုင်ရာဌာနများက တိုးချဲ့ပညာပေးရေး လုပ်ငန်းများအားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တောင်သူများဘက်မှလည်း တိကျစွာ လိုက်နာဆောင်ရွက်ကြစေလိုကြောင်း မေ ၂၇ ရက်က ကျောက်ဆည် မြို့နယ်ရှိ နွေသီးနှံစိုက်တောင်သူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် အဖွဲ့သည် GAP နည်းစနစ်ဖြင့် တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးထားရှိသော နွေနှမ်း ဧက ၁၁၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးကြရာ စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ရှင်းလင်းပြသပြီး တောင်သူများအနေဖြင့် ပိုးသတ်ဆေး ဓာတ်ကြွင်းအာနိသင် လျော့ပါးစေရေး လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ၂၀၁၇-၂၀၁၈ နွေသီးနှံများအဖြစ် နွေစပါး ၁၈၅၉၉ ဧက၊ နွေနှမ်း ၂၇၃၂၄ ဧက၊ ပဲတီစိမ်း ၃၄၉၃ ဧက၊ မိုးကြိုဝါ ၂၀၄ ဧက အသီးသီးစိုက်ပျိုးထားရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာစည်မြို့နယ် မိုးကြိုချည်မျှင်ရှည်ဝါ အထူးဇုန်ဧက ၂၀၀ စိုက်ကွင်းသို့ ရောက်ရှိကြပြီး ဒေသနေ တောင်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာတွင် GAP စနစ်ဖြင့် စိုက်ပျိုးထားသော မိုးကြိုပဲတီစိမ်း ဧက ၃၅၀ စိုက်ကွင်းသို့ ရောက်ရှိကြပြီး ဒေသနေတောင်သူများနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးဖူလုံစေရေး၊ လယ်ယာသုံး စက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုနိုင်ရေး၊ တောင်သူအစုအဖွဲ့ သမဝါယမအသင်းများ ဖွဲ့စည်းထူထောင်လုပ်ကိုင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဓိကကျသော အမြန်လမ်းမကြီးနှစ်ခုကို အိန္ဒိယဝန်ကြီးချုပ်မိုဒီ ဖွင့်လှစ်ပေး



**နယူးဒေလီ မေ ၂၈**

အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် မီးရွတ်မြို့မှ မြို့တော်နယူးဒေလီသို့ ဦးတည်သော အဝေးပြေးလမ်းမကြီး၏ ပထမအဆင့်လမ်းပိုင်းကို မေ ၂၈ ရက်တွင် အိန္ဒိယဝန်ကြီးချုပ် မိုဒီက ဖွင့်လှစ်ပေးခဲ့ကြောင်း၊ လမ်းဖွင့်ပွဲအခမ်းအနားတွင် စုရုံးတက်ရောက်လာသည့် လူထုပရိသတ်အား ဝန်ကြီးချုပ်မိုဒီက မိန့်ခွန်းပြောကြားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

**ဖွင့်လှစ်**

ဝန်ကြီးချုပ်မိုဒီသည် နိုင်ငံအရှေ့ပိုင်း အဝေးပြေးလမ်းကိုလည်း ယင်းနေ့မှာပင် ဖွင့်လှစ်ပေးခဲ့သည်။

ဒေလီ-မီးရွတ်အဝေးပြေးလမ်း၏ပထမအဆင့်လမ်းပိုင်းဖွင့်ပွဲတွင် ဝန်ကြီးချုပ်မိုဒီက အက်စ်ယူဗွီ မော်တော်ယာဉ်ဖြင့် ခြောက်ကီလိုမီတာမျှ ခရီးသွားခဲ့သည်။ **(ဓာတ်ပုံ)**

ဝန်ကြီးချုပ်မိုဒီသည် ဒေလီ-မီးရွတ်လမ်းပိုင်း ဖွင့်ပွဲအပြီးတွင် ဥတ္တရာပရာဒေ့ရှ်ပြည်နယ် ဘဂ္ဂပက်မြို့သို့ လေယာဉ်ဖြင့် သွားရောက်ခဲ့ပြီး နိုင်ငံအရှေ့ပိုင်း အဝေးပြေးလမ်းမသစ်ကြီးကို ဖွင့်လှစ်ပေးခဲ့သည်။ ယင်းလမ်းမသည် မြို့တော်ဒေလီကို ဟာယာနာပြည်နယ်နှင့် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တို့နှင့် ဆက်သွယ်ထားပြီး ၁၃၅ ကီလိုမီတာ အရှည်ရှိကာ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ အကုန်ကျခံ ဖောက်လုပ်ခဲ့သည်။

နိုင်ငံဖွံ့ဖြိုးရေးအတွက် ကုန်းလမ်းကွန်ရက်ကို တိုးချဲ့တည်ဆောက်ရန် အိန္ဒိယအစိုးရက ရည်မှန်းထားသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံပြီးလျှင် တတိယမြောက် ကုန်းလမ်းကွန်ရက်အကြီးဆုံးနိုင်ငံဖြစ်သည်။

**ပီတီအိုင်။**

# ပလတ်စတစ်အမှိုက်ဘေးမှ ပင်လယ်လိပ်များကိုကာကွယ် ဟောင်ကောင်တွင် သဲသောင်ပြင်သန့်ရှင်းရေးပြုလုပ်

**ဟောင်ကောင် မေ ၂၈**

ပလတ်စတစ်အမှိုက်များကြောင့် ပင်လယ်လိပ်များနှင့် အခြားသောရေနေသတ္တဝါများ သေကျေပျက်စီးရခြင်းမှ ရှောင်လွှဲနိုင်စေရန် ရည်ရွယ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုအစီအစဉ်တစ်ရပ်အရ တရုတ်နိုင်ငံ ဟောင်ကောင်ကျွန်း၏ ဝေးလံခေါင်သီသော သဲသောင်ပြင်တစ်နေရာတွင် စေတနာ့ဝန်ထမ်းပြည်သူ ၂၀၀၀ ကျော်က သန့်ရှင်းရေးလုပ်ငန်းကို စုပေါင်းလုပ်ဆောင်ခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

**စိုးရိမ်**

ဟောင်ကောင်ကျွန်း၏ တစ်နံတစ်လျားတည်ရှိနေသော သဲသောင်ပြင်ပေါ်သို့ ရေမျောကမ်းတင်ရောက်ရှိလာသော ပလတ်စတစ်အမှိုက်များ တိုးပွားလာနေမှုနှင့်ပတ်သက်၍ ဒေသခံပြည်သူများက စိုးရိမ်ပူပန်လျက်ရှိကြသည်။ ဟောင်ကောင်ကျွန်းသို့ စီးမျောရောက်ရှိလာသော ပလတ်စတစ်အမှိုက်များသည် တရုတ်နိုင်ငံ တောင်ပိုင်းမြို့ရွာများမှ ထွက်ရှိသည့်အမှိုက်များဖြစ်သည်ဟု အာဏာပိုင်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများက ပြစ်တင်ပြောကြားခဲ့ကြသည်။

လွန်ခဲ့သည့်နှစ်က တရုတ်ပြည်မကြီးတွင် ရေယာဉ်တိုက်မိမှုကြောင့် စားအုန်းဆီယိုဖိတ်မှုဖြစ်ရပ် ဆိုးဆိုးရွားရွားဖြစ်ပွားခဲ့ရာ ဟောင်ကောင်ကျွန်း၏ ပင်လယ်ကမ်းခြေတစ်လျှောက် ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်ပေါ်ခဲ့ရသည်။ ထို့အပြင် ဟောင်ကောင်ကျွန်းရှိ ဆေးခန်းများက ဆေးထိုးအပ်ဟောင်းများနှင့် ဆေးခန်းများ၏ စွန့်ပစ်ပစ္စည်းများကို ပင်လယ်ပြင်အတွင်းသို့ အဆင်အခြင်ကင်းမဲ့စွာ စွန့်ပစ်ခဲ့သည့် ဖြစ်ရပ်လည်း ပေါ်ပေါက်ခဲ့သည်ဆို၏။

**ရှင်းလင်း**

ဟောင်ကောင်ကျွန်းမကြီးကို ခြံရံထားသော လမ်မားကျွန်းငယ်သည် ပင်လယ်လိပ်များ သားပေါက်ရာ နေရာတစ်နေရာဖြစ်ပြီး သဲသောင်ပြင် သန့်ရှင်းရေးအတွက် စေတနာ့ဝန်ထမ်းပြည်သူများက မေ ၂၇ ရက်တွင် အမှိုက်သရိုက်များကို ရှင်းလင်းခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

ပလတ်စတစ်အမှိုက်များ ပိတ်ဆို့နေခြင်းဖြင့် လိပ်မကြီးများ ဥ ဥရန် နေရာရှာဖွေရာတွင် အခက်အခဲရှိကြောင်း၊ ၎င်းအပြင် လိပ်များသည် ပလတ်စတစ်အမှိုက်ကို ရေခူအဖြစ်အမှတ်မှားကာ စားသောက်မိရာမှ အသက်ရှူမွန်းကျပ်ကာ သေဆုံးရလေ့ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများက ပြောကြားကြသည်။

**အေအက်ဖ်ပီ။**



# အမေရိကန်ကိုယ်စားလှယ်အဖွဲ့နှင့် မြောက်ကိုရီးယား တာဝန်ရှိသူများ ပန်မွန်ဂျုံကျေးရွာ၌ တွေ့ဆုံ

**ဝါရှင်တန် မေ ၂၈**

အမေရိကန်နှင့်မြောက်ကိုရီးယားခေါင်းဆောင်များအကြား ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေချိန်အတွင်း အမေရိကန်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မြောက်ကိုရီးယားအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ကိုရီးယားနှစ်နိုင်ငံနယ်နိမိတ်၌ တည်ရှိသော အပစ်အခတ်ရပ်စဲရေးကျေးရွာ ပန်မွန်ဂျုံ၌ မေ ၂၇ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံဆွေးနွေးပါမည်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ကတိကဝတ်ပြုခဲ့မှုကို ၎င်းကိုယ်တိုင် ပြန်လည်အတည်ပြုပြောကြားခဲ့သည်ဟု သတင်းများတွင် ဖော်ပြသည်။

ဇွန် ၁၂ ရက်တွင် ထိပ်သီးချင်း တွေ့ဆုံဆွေးနွေးရန် အဆိုပြုထားချက်ကို သမ္မတထရန့်က မေ ၂၄ ရက်တွင် ပြန်လည်ရုပ်သိမ်းခဲ့သော်လည်း ထိပ်သီးဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် နှစ်နိုင်ငံစလုံးမှ တာဝန်ရှိသူများက ကြိုးပမ်းလျက်ရှိနေကြဆဲဖြစ်သည်။

အမေရိကန်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ကိုရီးယားနှစ်နိုင်ငံအကြား စစ်မဲ့ဇုန်ရှိ ပန်မွန်ဂျုံ ကျေးရွာတွင် မြောက်ကိုရီးယား တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အမေရိကန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဟီသာနော်ရတ်က ပြောကြားသည်။ **(အပေါ်ပုံ)**

အမေရိကန်နှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့ တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် မိမိတို့ပြင်ဆင်ဆောင်ရွက်မှုများကို ဆက်လက်ပြုလုပ်နေကြောင်း ၎င်းက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အမေရိကန်နှင့် မြောက်ကိုရီးယားထိပ်သီးဆွေးနွေးပွဲကို မဖြစ်မနေကျင်းပနိုင်ရေးအတွက် တောင်ကိုရီးယားသမ္မတ မွန်းဂျေအင်းက မေ ၂၆ ရက်တွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်နှင့် ကြိုတင်ကြေညာခြင်းမပြုဘဲ တွေ့ဆုံခဲ့သည်။

**အေအက်ဖ်ပီ။**

# ပါလက်စတိုင်းဒုက္ခသည်စခန်းကို အစ္စရေးစစ်ဘက်က စီးနင်းရှာဖွေ

**ရာမာလာ မေ ၂၈**

အသိမ်းပိုက်ခံ အနောက်ဘက်ကမ်းဒေသရှိ ပါလက်စတိုင်း ဒုက္ခသည်စခန်းတစ်ခုကို မေ ၂၈ ရက်က အစ္စရေးစစ်ဘက်က စီးနင်းခဲ့ကြောင်း၊ ယင်းစခန်းအတွင်း၌ အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးအား သတ်ဖြတ်ခဲ့သည်ဟု သံသယရှိသော လူများကို ရှာဖွေဖမ်းဆီးနိုင်ရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း အေအက်ဖ်ပီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

မေ ၂၈ ရက် နံနက် အစောပိုင်းတွင် ရာမာလာမြို့ရှိ အမာရီအမည်ရှိ ပါလက်စတိုင်းဒုက္ခသည်စခန်းအတွင်းသို့ အစ္စရေးတပ်ဖွဲ့ဝင် ဒါဇင်ပေါင်းများစွာ ဝင်ရောက်လာခဲ့ကြပြီး ဒုက္ခသည်စခန်း၏ ဝင်ပေါက်အားလုံးကို ပိတ်ဆို့ထားခဲ့ကြောင်း အေအက်ဖ်ပီသတင်းထောက်များက ပြောကြားကြသည်။

ပါလက်စတိုင်းအချို့ ဖမ်းဆီးခံရကြောင်း ဒေသခံများက ပြောကြားသော်လည်း အစ္စရေးစစ်ဘက်က လတ်တလောတွင် အတည်ပြု ပြောကြားခြင်းမရှိပေ။

အစ္စရေးတပ်ဖွဲ့ဝင်များသည် နောက်ပိုင်းတွင် အဆိုပါစခန်းမှ ဆုတ်ခွာသွားခဲ့ကြသည်။ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းက အဆိုပါ ဒုက္ခသည်စခန်းအတွင်းပိုင်း၌ စီးနင်းမှုတစ်ခုပြုလုပ်ခဲ့စဉ် အစ္စရေးစစ်ဘက်မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည်။

အစ္စရေးစစ်ဘက် ဒုဒီဗန်အထူးတပ်ဖွဲ့မှ အသက် (၂၀) အရွယ် တပ်ကြပ်ကြီး ရိုနန်လူဗားစကီးသည် အဆိုပါစခန်းတွင် မေ ၂၄ ရက်က စီးနင်းရှာဖွေမှုပြုလုပ်စဉ် သုံးထပ်အဆောက်အအုံတစ်ခု၏ ပြတင်းပေါက်မှ ကျောက်တုံးဖြင့် ပစ်ပေါက်ခံရမှုကြောင့် ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာရခဲ့ပြီးနောက် မေ ၂၆ ရက် နံနက် အစောအပိုင်းတွင် သေဆုံးခဲ့သည်။

အခင်းဖြစ်ပွားချိန်တွင် ကျောက်တုံးဖြင့် ပစ်ပေါက်ခဲ့သူကို ဖမ်းဆီးနိုင်ခြင်း မရှိခဲ့ပေ။

**အေအက်ဖ်ပီ။**

❂ ရှေ့ဖုံးမှ

လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီးအဖြစ် ဦးစိုးထက်အား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ် တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးနေဝင်းအစား ဗိုလ်မှူးချုပ် ရဲနိုင်မျိုးအား ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက် ရယူသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက ပြန်လည်ရှင်းလင်းတင်ပြသည်။

### မှတ်တမ်းတင်

ယင်းအစီရင်ခံစာ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်၏ ပြန်လည်ရှင်းလင်းတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ကော်မတီဝင် ဦးအောင်ကြည်ညွန့်က ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

### ချေးငွေရယူရန်ကိစ္စ

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ၆၄၁ ဒသမ ၀၂၉ ဘီလီယံ ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းရှိ လိုငွေကို ဖြည့်ဆည်းရန် အစိုးရငွေတိုက်လက်မှတ်များကို ၅၀ ရာခိုင်နှုန်းနှင့် အစိုးရ ငွေတိုက်စာချုပ်ကို ၃၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ငွေချေးယူခြင်းကို ၂၀ ရာခိုင်နှုန်းဖြင့် လျှော့ချ၍ ဖြည့်ဆည်းရန် လျာထား ဆောင်ရွက်သွားမည်ဖြစ်သည်ဟု သိရပါကြောင်း၊ ဗဟိုဘဏ်မှ လက်ကျန်ငွေများဖြင့် ဖြည့်ဆည်းခြင်းအပြင် ငွေစက္ကူအသစ် ထပ်မံရိုက်ထုတ်ခြင်း လျော့ကျသွားမည်ဖြစ်သောကြောင့် ပြည်တွင်း၌ ငွေဖောင်းပွမှုကို လျော့ကျစေမည်ဖြစ်သည့်အတွက် ကောင်းမွန်သော လျာထားချက် ဖြစ်ပါကြောင်း။

အသုံးစရိတ်များ လျော့ကျစေရေးနှင့်ပတ်သက်၍ ဆွေးနွေးလိုသည်မှာ နိုင်ငံတော်က တာဝန်ယူဆောင်ရွက်နေသည့် စီမံကိန်းများတွင် အမှန်တကယ် ကုန်ကျမည့် အသုံးစရိတ်များကို တိတိကျကျ အနီးစပ်ဆုံး တွက်ချက်ခန့်မှန်းရန်နှင့် ထိုသို့ တွက်ချက်ရာတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်နိုင်ရန် အစီအစဉ်များလည်း ပြုလုပ်ပေးသင့်ပါကြောင်း၊ ထို့ပြင် ပြည်သူများအတွက် အမှန်တကယ် အကျိုးရှိမည့် စီမံကိန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးများကိုသာ အဓိကထား ဆောင်ရွက်သင့်ပြီး အကျိုးမရှိသည့် စီမံကိန်းများနှင့် အပိုကုန်ကျမည့် လုပ်ငန်းများကို သေချာစိစစ်ပြီး ဖြတ်တောက်ရပ်ဆိုင်းသင့်ပါကြောင်း။

### လျှော့ချဖြတ်တောက်

ထို့အတူ အသုံးစရိတ်များကို လျှော့ချရန် ကြိုးပမ်းရာတွင် အမှန်တကယ်လိုအပ်သည့် လုပ်ငန်းစီမံချက်များကို လျှော့ချဖြတ်တောက်ခြင်းထက် စီမံချက်တစ်ခုစီတွင် အမှန်တကယ်ကုန်ကျနိုင်မည့် ငွေပမာဏထက် ပိုမိုနေသည့်ငွေများကိုသာ လျှော့ချဖြတ်တောက်သင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးနေကျော်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခေါ်)သန်းစိုး (ဘောဂဗေဒ)နှင့် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူထားသည့် ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်း တစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ဘဏ်နှင့် ADB တို့မှ ငွေချေးယူခဲ့ပါကြောင်း၊ အဆိုပါ ငွေများကို ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် အဓိကထား၍ အသုံးပြုပါကြောင်း၊ သို့မှသာ ပြည်သူများကျန်းမာ၍ ရောဂါဖြစ်ပွားသည့် လူနာများ ကျဆင်းမည်ဖြစ်သည့်အတွက် ပြည်သူ့ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရန် သုံးစွဲခြင်းဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာ့ဘဏ်မှ ဒေါ်လာသန်း ၁၀၀ နှင့် ADB မှ ဒေါ်လာ ၁၂ သန်း ချေးယူခဲ့ပါကြောင်း၊ လတ်တလောတွင် ငွေကျပ် ၆၈ ဘီလီယံ အသုံးပြုထားပြီး ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

ကမ္ဘာ့ဘဏ်မှ ချေးသည့် ငွေကို မရှိမဖြစ် လိုအပ်သော ကျန်းမာရေး ဝန်ဆောင်မှုများနှင့် လူတိုင်းလက်လှမ်းမီရရှိစေရေးစီမံချက်တွင် အသုံးပြုခြင်း ဖြစ်ပါကြောင်း၊ ငွေကြေးသုံးစွဲမှုကို ပိုမိုထိရောက်ပီပြင်၍ အလေအလွင့် တတ်နိုင်သမျှ နည်းစေရန်အတွက် အဆင့်လိုက် အမြဲသုံးသပ်နေပါကြောင်း၊ ယခုငွေများသည် နိုင်ငံတော်အစိုးရမှ ချေးယူထားသည့် ငွေများ ဖြစ်သည့်အတွက် မိမိတို့နိုင်ငံအတွက် အကျိုးရှိ ထိရောက်သေချာစွာ သုံးစွဲသင့်ကြောင်းကို မှာကြားနေပါကြောင်း ရှင်းလင်းတင်ပြသည်။

### ပြည်ပချေးငွေ စီမံကိန်း ၆ ခု

အလားတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်သည့် ပြည်ပချေးငွေ စီမံကိန်း (၆)ခုမှာ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးစီမံကိန်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အဆင့်(၁)၊ သဘာဝဘေးပြန်လည်ထူထောင်ရေးစီမံကိန်း၊ မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့် (၂) ဆင့်ချေးငွေ စီမံကိန်း၊ ဖွံ့ဖြိုးမှုမူဝါဒချေးငွေတို့ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်သည့် စီမံကိန်း(၂) ခုမှာ ရန်ကုန်မြို့တော် ရေပေးဝေမှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အဆင့်(၁)၊ ရန်ကုန်မြို့တော်ရေပေးဝေမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အဆင့်(၂) အပိုင်း (၁)၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ မန္တလေးမြို့ပြ ဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (ADB) နှင့် မန္တလေးမြို့ပြ ဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(AFD)စီမံကိန်းတို့ ဖြစ်ပါကြောင်း။

### ကမ္ဘာ့ဘဏ်မှ ချေးငွေ

ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးစီမံကိန်းအတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေ ပမာဏမှာ SDR ၁၉ ဒသမ ၆ သန်းနှင့်ညီမျှသော အမေရိကန်ဒေါ်လာ သန်း (၃၀) ချေးယူဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကာလမှာ ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဖြစ်ပါကြောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်သည့် အဖွဲ့အစည်းမှာ မြန်မာ့စီးပွားရေးဘဏ်ဖြစ်ပြီး ဂျပန်ယန်း ၅ ဒသမ ၀၃၃ ဘီလီယံ ချေးယူဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကာလမှာ ၂၀၁၅-၂၀၁၆ ခုနှစ်မှ ၂၀၁၇-၂၀၁၈ခုနှစ်အထိ ဖြစ်ပါကြောင်း၊ သဘာဝဘေး ပြန်လည်ထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော်သည့် အဖွဲ့အစည်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ဖြစ်ပြီး ချေးငွေပေးအပ်သည့် အဖွဲ့အစည်းမှာ ကမ္ဘာ့ဘဏ် (IDA) ဖြစ်ပါကြောင်း၊ ချေးငွေပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဖြစ်ပြီး စီမံကိန်းကာလမှာ (၅) နှစ် ဖြစ်ပါကြောင်း။

### ချေးငွေပမာဏ

မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် အကောင်အထည်ဖော်သည့် အဖွဲ့အစည်းမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ဖြစ်ပြီး ချေးငွေ SDR ၇၁ ဒသမ ၇သန်းနှင့်ညီမျှသော အမေရိကန်ဒေါ်လာ သန်း(၁၀၀)နှင့် စီမံကိန်းကာလမှာ ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၀-၂၀၂၁ ခုနှစ်အထိ ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့် (၂)ဆင့် ချေးငွေစီမံကိန်း အကောင်အထည်ဖော်သည့် အဖွဲ့အစည်းမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဖြစ်ပြီး ချေးငွေပမာဏမှာ ဂျပန်ယန်း ၁၅ ဒသမ ၁၃၅ ဘီလီယံနှင့် စီမံကိန်းကာလမှာ (၃)နှစ်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှု မူဝါဒချေးငွေအတွက် ချေးငွေရယူမည့် အဖွဲ့အစည်းမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဖြစ်ပြီး ချေးငွေ SDR ၁၄၇ ဒသမ ၈ သန်းနှင့်ညီမျှသော အမေရိကန်ဒေါ်လာ သန်း(၂၀၀) ဖြစ်ပြီး စီမံကိန်းကာလမှာ (၁) နှစ်ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တော် ရေပေးဝေမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အဆင့်(၁) အကောင်အထည်ဖော်ရန်အတွက် ချေးငွေ ဂျပန်ယန်း ၂၃ ဒသမ ၆၈၃ ဘီလီယံဖြစ်ပြီး စီမံကိန်းကာလမှာ (၅)နှစ်ဖြစ်ပါကြောင်း။

ရန်ကုန်မြို့တော် ရေပေးဝေမှုဖွံ့ဖြိုးရေးစီမံကိန်း အဆင့်(၂)၊ အပိုင်း (၁) စီမံကိန်း ချေးငွေပမာဏမှာ ဂျပန်ယန်း ၂၅ ဒသမ ၀၀၀ ဘီလီယံဖြစ်ပြီး စီမံကိန်းကာလမှာ (၇) နှစ် ဖြစ်ပါကြောင်း၊ မန္တလေးမြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ချေးငွေအမေရိကန်ဒေါ်လာ သန်း ၆၀ ဖြစ်ပြီး စီမံကိန်းကာလမှာ (၇) နှစ် ဖြစ်ပါကြောင်း၊ မန္တလေးမြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ချေးငွေယူရှိ သန်း ၄၀ ဖြစ်ပြီး စီမံကိန်းကာလမှာ (၇) နှစ် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ပြည်ပချေးငွေ ၇ ခုဖြင့် လုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ ဂျပန်ယန်း ၄ ဒသမ ၆၁၃ ဘီလီယံဖြင့် သန်လျင်တံတား ချဉ်းကပ်လမ်းဆုံမှ ရေကြောင်းတက္ကသိုလ်ထိပ်ထိ ၈ ဒသမ ၇ ကီလိုမီတာ လေးလမ်းသွား ကတ္တရာကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဂျပန်ယန်း ၁၀ ဒသမ ၇၁၈ ဘီလီယံဖြင့် ငသိုင်းချောင်း-ဂွလမ်း၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း၊ မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်း၊ ဂန့်ဂေါ-အိုက္ကားလမ်း၊ ဟန်မြင့်မိုရ်-မြို့ကြီး-ရွာငံ-အောင်ပန်းလမ်းတို့တွင် လုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

### အဆင့်မြှင့်တင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပို့ကုန်သွင်းကုန်ဘဏ်မှ ယွမ် ဘီလီယံ ၃၀ မှ ပထမအသုတ်ချေးငွေတွင် ပါဝင်သည့် အမေရိကန်ဒေါ်လာ ၃၇၃ ဒသမ ၁၇၁ သန်းဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး အဆင့်မြှင့်တင်ရန် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုခဲ့သော်လည်း ငွေချေးယူမှုကိစ္စရပ်များ ညှိနှိုင်းရာတွင် ပြေလည်မှုမရှိပါသဖြင့် ချေးငွေစာချုပ်များ ချုပ်ဆိုဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်း၊ Asian Development Bank (ADB) ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ ဖြင့် မအူပင်-ကျိုက်လတ်-ဖျာပုံလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းသည် ၉၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ADB ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၂၀ ဖြင့် အိန္ဒိယ-ကော့ကရိတ်လမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ ၁၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ World Bank မှ အမေရိကန်ဒေါ်လာ ၁၀၅ သန်းဖြင့် သံတွဲ-ဂွလမ်း အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း။

### အကောင်အထည်ဖော်

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုမည့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများအတွက် ချေးငွေ ဂျပန်ယန်း ၁၇ ဘီလီယံအောက်မှ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနနှင့် သက်ဆိုင်သော လမ်းတံတား လုပ်ငန်းများအတွက် ၉ ဒသမ ၅၄၃ ဘီလီယံဖြင့် မကျီးကန်-ငှက်အော်စန်းလမ်း၊ ကော့မှူး-ဝါးဘလောက်သောက်-သရက်တောလမ်း၊ ကြိမ်ပင်ဆည်-စကြော့-ခနေဖြူ-ဇလွန်လမ်း၊ တရနာ-ဘုရားကုန်းလမ်း၊ သရက်-မင်းလှလမ်း၊ ဒိုက်ဦး-စစ်တောင်းလမ်း၊ မုံရွာ-အရာတော်-ရွှေဘိုလမ်း၊ မန္တလေး-မိုးကုတ်လမ်း၊ ရန်ကုန်-ကျောက်ဖြူလမ်း၊ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း၊ ဟန်မြင့်မိုရ်-မြို့ကြီး-ရွာငံ-အောင်ပန်းလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ သိုင်းငင်း-တီးတိန်လမ်း စုစုပေါင်း လမ်း ၁၄ လမ်းနှင့် သမရိုးတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တံတားဦးစီးဌာနမှ ပြည်ပချေးငွေ (၃) ခုဖြင့် ဂျိုင်း (ကော့ကရိတ်)တံတား၊ ဂျိုင်း(ဇာသပြင်)တံတားနှင့် အတ္ထရံတံတား အဆင့်မြှင့်တည်ဆောက်ခြင်း စီမံကိန်းကို ဂျပန်ယန်း ၃၃၈၆၉ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### ဆောင်ရွက်သွားမည်

ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) တည်ဆောက်ရေးစီမံကိန်းအား ဂျပန်ယန်း ၃၁၀၅၁ သန်းဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလ)တည်ဆောက်ရေးစီမံကိန်းအား ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေမှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်းဖြင့် အကောင်အထည်ဖော် တည်ဆောက်သွားရန် ပြည်ထောင်စုလွှတ်တော်၏ ချေးငွေသဘောတူညီချက် စာချုပ်အား လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ၎င်းစီမံကိန်းအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတရုံး၊ စီးပွားရေးရာဌာနကြီးသို့ တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံးမှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့အား ပြန်လည်သုံးသပ်တင်ပြရန် ညွှန်ကြားချက်အရ ပြန်လည်ဆန်းစစ်လျက်ရှိပါကြောင်း။

ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၇၀ ဖြင့် တိုင်းဒေသကြီး (၅) ခုရှိ မြို့နယ် ၄၁ မြို့နယ်တွင် လမ်းပေါင်း ၃၅ လမ်း၊ လမ်းအရှည် ၂၄၀ ကီလိုမီတာနှင့် အရှည် ၄၅၀ မီတာရှိ တံတားပေါင်း ၂၉ စင်း ပြင်ဆင်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို မေ ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ အောင်ရဲသွင်(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန

“၂၀၁၈-၂၀၁၉ ပညာသင်နှစ်”

အသိပေးကြေညာချက်

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

ပညာရေးဝန်ကြီးဌာန

# ရှေ့နေနှင့် သတင်းအတု

ဦးဟန်ညွန့်(ဥပဒေ)

**နိဒါန်း**

"ဆရာ"
"ဗျာ"
"ဆောင်းပါးတွေ မဖတ်ရတာကြာပြီ"
"ဟုတ်တယ်ဗျ၊ ခရီးထွက်နေလို့ပါ"
"အတွေ့အကြုံတွေ ရေးပြပါဦး"
"အေးဗျာ" ဖတ်ကြည့်စို့"

**သတင်းအတု**

"သတင်းအတုတွေ အတော်များနေသည်။ ဘယ်သွားသွား သတင်းအတုများနှင့်ကြုံသည်။"

အတုက အတုပါပဲ။ ဇာတ်ပေါင်းခန်းရောက်ရင် အဖြေပေါ်စမြဲ။ အဖြေမပေါ်ခင်မှာ ဟိုလိုလို၊ ဒီလိုလို၊ ယုန်ထင် ကြောင်ထင်၊ အခင်အမင်ပျက်ရုံမက အထင်လွဲကြသည်။ ဟုတ်နိုးနိုး၊ မှန်နိုးနိုး၊ သူခိုးက လူပြန်ဟစ်သည့်ပမာ။

အတုကို အစစ်ထင်သူတွေကလည်းရှိ၊ အစစ်ထင်အောင် ကြံဖန်စွပ်စွဲ လုပ်ကြံတတ်သူတွေကလည်း ဒုနှင့်ဒေး။ အမှန်က နည်းနည်း ၁၀ ရာခိုင်နှုန်း ဆိုကြပါစို့။ အတုက ၉၀ ရာခိုင်နှုန်းနှင့် ပေါင်းစပ်ပြီး ရောသမမွှေကြကုန်သည်။ အားလုံး(အတု) ဖြစ်ကုန်ကြလေသတည်း။ ထိုအတုကို လိမ်ညာဝါဒဖြန့်၊ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် အမြန်(ချက်ချင်း) ဖြန့်။ လူစုံသိအောင်လုပ်။ ဝါဒမှိုင်းတိုက်။ Facebook ကို မလျော်အသုံးချ။ နည်းမျိုးစုံနှင့် မှိုင်းတိုက်၊ အပုပ်ချ။ ထီးကလေးဆောင်းပြီး ရပ်ကွက်ထဲမှာ အိမ်အနှံ့။ တစ်အိမ်တက်ဆင်း၊ ထမင်းမစား၊ ဟင်းမစား သတင်းမှား ဝါဒဖြန့်။ သတင်းအတုဝေငှ။ တစ်ကမ္ဘာလုံး လေယာဉ်ပျံစီး၍ သတင်းမှားဖြန့်ချင်သေးသတဲ့။ အားမရကြသေး။

**သတင်းအတုရှင်များ၏ စေတနာ**

အတုလုပ်သူများ၏ စေတနာ။ ဘာတဲ့လဲ။ လူတစ်ယောက်၊ အသင်းတစ်သင်း၊ အဖွဲ့တစ်ဖွဲ့။ ဒုက္ခရောက်စေရမည်။ သိက္ခာကျစေရမည်။ အကျဉ်းအကျပ်ဖြစ်စေရမည်။ တစ်ခုခုထိခိုက်စေရမည်။ အသရေပျက်စေရမည်။ နစ်နာစေရမည်။ နစ်နာစေလိုသောသူ၊ ၎င်းဆွေမျိုး၊ ၎င်းပါတီ၊ ၎င်းအသင်း၊ ၎င်းအုပ်စု၊ ၎င်းတာဝန်တစ်ဦးဦး၊ တစ်ခုခု၊ တစ်ဖွဲ့ဖွဲ့အား မဟုတ်မမှန်လုပ်ကြံစွပ်စွဲ၊ အသရေဖျက်၊ ပျက်စီးရာပျက်စီးကြောင်း၊ စေတနာ ဆင်းရဲမွဲတေမှုပြုခြင်း ဖြစ်ပေသည်။ မစားရတဲ့အမဲ သဲနှင့်ပက်သည့်ပမာ။

**မမှန်သက်သေခံခြင်း**

ရာဇသတ်ကြီးအခန်း(၁၁)တွင် မမှန်သက်သေခံခြင်း၊ မမှန်သက်သေခံဖန်တီးခြင်း၊ ထောင်ဒဏ်ခံရသော မမှန်သက်သေခံခြင်း၊ မမှန်သက်သေခံချက်ကို အသုံးပြုခြင်း၊ မမှန်သော တာဝန်ခံလက်မှတ်ကို ထုတ်ပေးခြင်း သို့မဟုတ် လက်မှတ်ရေးထိုးခြင်း၊ မမှန်ကြောင်းသိသော သက်သေခံလက်မှတ်ကို အမှန်အဖြစ်ဖြင့် အသုံးပြုခြင်း၊ သက်သေခံအဖြစ် လက်ခံနိုင်သော ကြေညာချက်တွင် မမှန်ဖော်ပြခြင်း၊ မမှန်ဟုသိလျက်နှင့် အမှန်အဖြစ် အသုံးပြုခြင်း၊ သက်သေခံပျောက်ပျက်စေခြင်း၊ မမှန်သတင်းပေးခြင်း၊ သတင်းမပေး တမင်ပျက်ကွက်ခြင်း၊ စာတမ်းအမှတ်အသားကို ဖျက်ဆီးခြင်းစသည်ဖြင့်ဖော်ပြပြဋ္ဌာန်းထားသည်။

> "အမှီအခိုကင်းပြီး လွတ်လပ်မှုရရှိသော သတင်းအရင်းအမြစ်များက ဖော်ပြသော သတင်းသည် ကိုယ်ကျိုးစီးပွားကို အခြေခံပြီး ရေးသားထားသည့် သတင်းအရင်းအမြစ်များ ထက်ပိုပြီး ယုံကြည်ရ. . ."

**လိမ်လည်မှု**

လိမ်လည်မှုအကြောင်း ရာဇသတ်ကြီး ပုဒ်မ ၄၁၅၊ ၄၁၆၊ ၄၁၇၊ ၄၁၈၊ ၄၁၉၊ ၄၂၀ များတွင် ဖော်ပြပြဋ္ဌာန်းသည်။

**အသရေ ဖျက်မှု**

ရာဇသတ်ကြီး ပုဒ်မ ၄၉၉၊ ၅၀၀၊ ၅၀၁ နှင့် ၅၀၂ တို့တွင်လည်း အသရေဖျက်မှုကို အဓိပ္ပာယ်ဖွင့်၍ ပြစ်ဒဏ်များဖော်ပြသည်။

**ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)**

ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းသည် ပြစ်မှုမြောက်သည်။

**သတင်းမီဒီယာဥပဒေ**

**ပုဒ်မ ၉(ဆ)**

အများပြည်သူ၏ အကျိုးစီးပွားနှင့်စပ်ဆိုင်သည့် သတင်းရေးသားခြင်း မဟုတ်လျှင် ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကို တမင်ထိခိုက်စေသော အရေးအသားနှင့် လူ့အခွင့်အရေးကို ထိခိုက်စေသော အရေးအသားမျိုးဖော်ပြခြင်းမှ ရှောင်ကြဉ်ခြင်း။

**ဥပဒေနှင့်ငြိစွန်းသည်ဖြစ်စေ၊ အရေးမယူလျှင်ဖြစ်စေ**

ဥပဒေပြဋ္ဌာန်းချက်နှင့် ငြိစွန်းသည်။ ဘာကြောင့်ငြိသလဲ။ သတင်းအတု၊ စွပ်စွဲချက်အတု၊ သူတစ်ပါးပျက်စီးရာ ပျက်စီးကြောင်း လုပ်ကြံသတင်းဖြန့်မှု၊ ကိုယ်ရေးကိုယ်တာ အကျင့်သိက္ခာချမှုတို့ ဖြစ်ပါသည်။ ဥပဒေနှင့် မငြိစွန်းလျှင်လည်း မကောင်းသည့်ကံ ကိုယ့်ထံပြန်မှု၊ ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်မှု၊ ကိုယ့်ဝေဒနာ ကိုယ့်ဆီလာ၊ သူတစ်ပါး မနာလို ကိုယ်အကျိုးမရှိ။ တရားလိုက ခွင့်လွှတ်၍ (ဥပဒေအရ အရေးယူမခံရသော်ငြား) သူတစ်ပါးအပေါ် မကောင်းကြံသူသည် မိမိ မကောင်းမှုအတွက် မိမိလုပ်ကြံခဲ့မှုအတွက် တစ်သက်တာ အိပ်မပျော်၊ စားမဝင်၊ အားအင်ကုန်ခန်း၊ ပင်ပန်းနွမ်းလျ၊ ဒုက္ခလှလှကြီးတွေ့ရစမြဲ။ မကောင်းမှုမှာ သေသည်အထိ အရိပ်ပမာ ကပ်လျက် လိုက်ပါစမြဲ ။

## Facebook

ယနေ့ Facebook အသုံးပြုသူအရေအတွက် နှစ်ဘီလီယံရှိနေပြီ။ You Tube အသုံးပြုသူ ၁ ဒသမ ၅ ဘီလီယံရှိနေပြီ။

၂၀၁၇ ခုနှစ် ဧပြီလစာရင်းအရ Instagram အသုံးပြုသူသန်း ၇၀၀၊ Twitter အသုံးပြုသူ ၃၂၈ သန်းရှိနေပြီ။ လူမှုကွန်ရက် စာမျက်နှာ စွဲစွဲလမ်းလမ်းသုံးသူများသထက် များလာပြီ။

**ကောင်းကျိုးနှင့်ဆိုးကျိုး**

Facebook သည် ကောင်းကျိုးပြုသည်။ ဆိုးကျိုးလည်းရှိသည်။ သုံးစွဲသူအပေါ် မူတည်သည်။ အကောင်းလုပ်မလား။ အဆိုးပြုမလား။ စဉ်းစားဉာဏ်ဖြင့် အမုန်းတရားမပြု။ စေတနာ မေတ္တာကို အဖော်မွှန်ပြု။ ကမ္ဘာ့အကျိုးပြု၊ အများအကျိုးပြု။ တိုးတက်မှုကို အစဉ်




ရှေးရှုသင့်ပေသည်။

သူတစ်ပါးကောင်းကျိုးကို မလိုလား။ စိတ်ကောင်းစေတနာကောင်းမထား။ သူတစ်ပါး ပျက်စီးရာ ပျက်စီးကြောင်း၊ စီးပွားပျက်၊ အလုပ်ပျက်၊ တိုင်းပြည်ပျက်၊ လူမျိုးပျက်၊ အဖျက်လုပ်ရပ်များကို မုန်းတီးရွံရှာဖွယ်မပြုသင့်။ မလုပ်သင့်။ ဆူပူအုံကြွမှု၊ တော်လှန်မှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ စစ်ပွဲအားပေးမှုများ လုံးဝမပြုအပ်။ မဆောင်ရွက်အပ်။ မလုပ်အပ်။ လုပ်သူမှန်သမျှကိုလည်း ဝိုင်းပယ်သင့်သည်။

သတင်းအတုများကြောင့် ပျက်စီးရာပျက်စီးကြောင်း၊ မကောင်းဟူသမျှ ဒုက္ခလှလှတွေ့ရမည်။ လောဘ၊ ဒေါသ၊ မောဟများ ပေါက်ကွဲကြမည်။ လူမျိုးအချင်းချင်း မုန်းတီးကြမည်။ ငြိမ်းချမ်းရေးပျက်စီးမည်။ ဘယ်သူမျှအကျိုးမရှိ။

**ဝေဖန်ပိုင်းခြား**

သတင်းအမှား၊ သတင်းအတုများအပေါ် အလွယ်တကူ မယုံကြည်သင့်။ လက်မခံသင့်။ အမှန် အမှား ဝေဖန်ပိုင်းခြားရမည်။ ပိုင်းခြားစဉ်းစားဉာဏ်ရှိသူတိုင်းက သဘောပေါက် လက်ခံကြပြီးလည်း ဖြစ်ပေသည်။

**သတင်းအတုအပသတိပြုပါ**

Voice ဂျာနယ် (၂၁-၅-၂၀၁၈ ထုတ်)စာစောင်တွင် ဆောင်းပါးရှင် မိုးယံခက "သတင်းအတုအပ သတိပြုပါ" ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသည်။ သူ့ဆောင်းပါးတွင်-

" Facebook ပေါ်တွင် နေ့စဉ်ဖြန့်ဖြူးထုတ်ဝေနေသော သတင်းများကို IMVAIN ဆိုသော အတိုကောက်စကားလုံးများဖြင့် ခွဲခြားသိမြင်နိုင်သည်။"

ဖတ်ရှုသောသတင်းကို အောက်ပါအတိုင်း ဆန်းစစ်ခွဲခြားနိုင်သည်-

I :Independent

အမှီအခိုကင်းပြီး လွတ်လပ်မှုရရှိသော သတင်းအရင်းအမြစ်များက ဖော်ပြသော သတင်းသည် ကိုယ်ကျိုးစီးပွားကို အခြေခံပြီး ရေးသားထားသည့် သတင်းအရင်းအမြစ်များ ထက်ပိုပြီး ယုံကြည်ရသည်။

M: Multiple

အကြောင်းအရာတစ်ခုကို သတင်းအရင်းအမြစ်တစ်ခုတည်းတွင် ဖော်ပြထားသည်ထက် တစ်ခုထက်ပိုသော သတင်းအရင်းအမြစ်များက ဖော်ပြမှသာ ပိုမိုယုံကြည်ရသည်။

V: Verify

သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြသော အချက်အလက်ကို သက်သေအထောက်အထားဖြင့် အတည်ပြုစစ်ဆေးခြင်းသည် မဆန်းစစ်ဘဲ လွယ်လင့်တကူယုံကြည်လက်ခံလိုက်သည်ထက် ပို၍စိတ်ချရသည်။

AI: Authoritative / Informed

တရားဝင်အတည်ပြုထုတ်ပြန်ထားသော သတင်းအရင်းအမြစ်များသည် အတည်မပြုထားသေးသော သတင်းအရင်းအမြစ်များထက် ပိုပြီးယုံကြည်ရသည်။

N: Name

သတင်းရေးသားသူ၊ ထုတ်ပြန်သူအမည်ကို တိတိကျကျဖော်ပြထားသည့် သတင်းများက အမည်တိတိကျကျ မဖော်ပြထားသည့် သတင်းများထက် ပိုပြီးယုံကြည်ရသည်ဟု ဖော်ပြခဲ့သည်။

"ထိုဆန်းစစ်ချက်ကို အမေရိကန်နိုင်ငံ နယူးယောက်မြို့ အခြေစိုက် Stony Brook University ၏ ဌာနခွဲဖြစ်သော စာနယ်ဇင်းပညာနှင့် ပတ်သက်သည့် Digital Resource Centre ၏ ဖော်ပြချက်ကို Think Before You Trust (တွေးပြီးမှယုံ) အဖွဲ့က ကိုးကားဖော်ပြထားခြင်း ဖြစ်သည်" တဲ့။ အလွန်ကောင်းသော ဖတ်ရှုမှတ်သားသင့်သော ဆောင်းပါးတစ်ပုဒ်ဖြစ်ပါ၍ ကောက်နုတ်မျှဝေအပ်ပါသည်။

**Think Before You Trust (တွေးပြီးမှယုံ)**

"တွေးပြီးမှယုံ"ဆိုသော ခေါင်းစဉ်ကလေးက လေးစားဖွယ်၊ ချစ်ခင်ဖွယ်၊ စဉ်းစဉ်းစားစား၊ ချင့်ချင့်ချိန်ချိန် တွေးတောပြီးမှ ယုံသင့်မှ ယုံဟု ပြောချင်တာပဲ။ အလွန်ရှင်း၊ အလွန်အဓိပ္ပာယ်ရှိ၊ ပညာရှိ စကားပါ။ အများလက်ခံကျင့်သုံးထိုက်သည်ပါ။

ယနေ့လူငယ်တွေက တိုးတက်သည်။ ခေတ်မီသည်။ ပညာတတ်သည်။ အတွေးအခေါ်တွေရှိသည်။ ထို့ကြောင့် အရာရာကို ပြောတိုင်း မယုံနှင့်။ ရေးတိုင်း မဖတ်နှင့်။ လေ့လာပါ။ စိစစ်ပါ။ သုံးသပ်ပါ။ တွေးခေါ်ပါ။ ချင့်ချိန်ပါ။ ပြီးမှ ယုံပါ။ တွေးပြီးမှယုံပါ။

အလွန်တိုးတက်ခေတ်မီနေသော သိပ္ပံခေတ်ကြီးတွင် သတင်းအတု၊ အတင်းအဖျင်း၊ လိမ်ဆင်၊ မုသားစကားများကို အကျိုးမရှိ။ သူတစ်ဖက်သားအား ရန်လိုသော၊ ဒုက္ခရောက်စေလိုသော အဖျက်အမြင်၊ အပျက်အမြင်၊ အဆိုးအမြင်များဖြစ်သော ထိုးနှက်ကြခြင်း၊ နောက်ကွယ်မှ လက်သီးပုန်းထိုးခြင်း၊ လူမြင် သူမြင် ပေါ်ပေါ်ထင်ထင် မလုပ်ရဲ၊ မပြရဲ၊ မထွက်ရဲ( မစားရသည့်အမဲ သဲနှင့်ပက်သည့် ပမာ) ရွံရှာစက်ဆုပ်ဖွယ် သတင်းအတုဖန်တီးကြခြင်းသာဖြစ်ပါ၏။ ဤ အခြေအနေ၊ ဤအဖြစ်သနစ်များကို တွေးပြီးမှယုံ။

**တရားကိုနတ်စောင့်**

မကောင်းသည့်ဒဏ် ကိုယ့်ထံပြန်။ ဘယ်သူမပြု မိမိအမှု။ တရားကို နတ်စောင့်ပေသည်။ စဉ်းစားလေ ပေါ်လွင်လေ။ မေတ္တာပွားလေ ထင်ရှားလေ။ ဘာသာတရားက သင်ကြားပေသည်။

ပွင့်လင်းမြင်သာသော ဤခေတ်တွင် ရိုးသားခြင်း၊ ပွင့်လင်းခြင်း၊ တွေးခေါ်ခြင်း၊ မေးမြန်းခြင်း၊ စနစ်ကျနခြင်း၊ ချစ်ခင်ခြင်း၊ ကြင်နာခြင်း၊ ညှိနှိုင်းခြင်း၊ ဝေဖန်ခြင်း၊ ဆွေးနွေးခြင်း၊ အမှန်အမှား စဉ်းစားခြင်း၊ တည်ငြိမ်ခြင်း၊ ရင့်ကျက်ခြင်း၊ ခေတ်မီတိုးတက်ခြင်း၊ မြန်ဆန်ခြင်းများဖြင့် အလှဆင်လျက်ရှိပေသည်။ ဤအခြေအနေတွေကို သူတို့ မသိလေရော့သလား။

မနာလိုခြင်း၊ ဝန်တိုခြင်း၊ မောဟလွှမ်းခြင်း၊ စိတ်ရိုင်းစိတ်မိုက်မွေးခြင်း၊ အကုသိုလ်ပြုခြင်းများဖြင့် တစ်ပါးသူအပေါ် ပျက်စီးစေအံ့။ လုပ်ကြံဖန်တီးပေအံ့။

ထိုသို့သော မနာလိုမှု၊ ဝန်တိုမှု၊ ညစ်ပတ်မှု၊ မောဟမှု၊ စိတ်ရိုင်းစိတ်မိုက်မွေးမှု၊ အကုသိုလ်အမှုများသည် မိမိထံမှောက်သို့ မနှေးအမြန် ပြန်လည်အရောက်လာလိမ့်မည်သာ။ မိမိ၏ မကောင်းမှုဒဏ်မိမိထံသို့သာ ပြန်လာမည်မှာ အသေအချာ။ မကောင်းမှုမပြုကြနှင့်ဟုသာ တင်ပြလိုသည်ပါ။ မေတ္တာသည်သာ မွန်မြတ်စွာ။ စေတနာသည်သာ အခရာ။

**နိဂုံး**

(၁) သတင်းအတုက အတုပါပဲ။
(၂) အတုသည် အစစ် ဘယ်တော့မှ မဖြစ်ပါ။
(၃) ကောင်းသတင်းများ၊ သတင်းအစစ်အမှန်များ ပြန့်ပွားပါစေကြောင်း။ ။

# ထိန်းချုပ်ဆေးဝါးများနှင့်ပတ်သက်၍ အသေးစိတ်ပြန်လည်သုံးသပ်ခြင်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၈**

ထိန်းချုပ်ဆေးဝါးများနှင့် ပတ်သက်၍ အသေးစိတ် ပြန်လည်သုံးသပ်ခြင်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်၍ အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ထိန်းချုပ်ဆေးဝါးများနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် လုပ်ငန်းများကို အသေးစိတ် ပြန်လည်သုံးသပ်ရာတွင် လက်ရှိကျင့်သုံးနေသော လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များအားလုံးကို ပြန်လည်သုံးသပ်ရန်လိုအပ်ကြောင်း။

ထိန်းချုပ်ဆေးဝါးများနှင့်ပတ်သက်၍ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ဆေးညွှန်းစာများနှင့် မှတ်တမ်းမှတ်ရာ အစီရင်ခံစာကိစ္စရပ်များအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်ရန် ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီများသို့ တာဝန်ပေးအပ်ပြီး ဖြစ်ပါကြောင်း၊ အဆိုပါကော်မတီနှင့် ဆေးဝါးအကြံပေးကော်မတီများ၏ ဖွဲ့စည်းပုံ၊ အဖွဲ့ဝင်အမျိုးအစား၊ လုပ်ငန်းနှင့် တာဝန်ဝတ္တရားများကိုလည်း ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း။

မူးယစ်ဆေးဝါး အန္တရာယ်နှင့် ပြဿနာသည် အမျိုးသားအဆင့် အရေးပေါ် ပြဿနာကြီးတစ်ရပ်ဖြစ်သလို တစ်ဖက်၌လည်း ကင်ဆာရောဂါလူနာများအတွက် နာကျင်မှုဝေဒနာ သက်သာစေရန်နှင့် အခြားကျန်းမာရေးဆိုင်ရာ ကုသရေးလုပ်ငန်းများတွင် ထိန်းချုပ်ဆေးဝါးများကို ရရှိသုံးစွဲနိုင်ရေး၊ နိုင်ငံအတွက် နှစ်စဉ်လိုအပ်သော ထိန်းချုပ်ဆေးဝါး ပမာဏ တွက်ချက်သတ်မှတ်ရာတွင် ရသင့်သည့်လူနာများကို ထောက်ပံ့ပေးနိုင်ရေးနှင့် စနစ်တကျ ထိန်းချုပ်ရေးသည်လည်း အရေးကြီးပါကြောင်း။

မူးယစ်ဗဟိုနှင့် အခြားနီးနွယ် ဆက်စပ်နေသော ဌာနအသီးသီးမှ တက်ရောက်လာကြသူများက မိမိလုပ်ဆောင်နေသော လုပ်ငန်းများ အလိုက် လိုအပ်ချက်များ၊ အားနည်းချက်၊ အားသာချက်များနှင့် မိမိတို့၏အမြင်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်နှင့် တာဝန်ခံဆရာဝန်ကြီး၊ စိမံချက်မန်နေဂျာ (မူးယစ်ဆေးစွဲရောဂါ) ဒေါက်တာ နန္ဒမျိုးအောင်ဝမ်းတို့က ထိန်းချုပ်ဆေးဝါးများနှင့် ပတ်သက်၍ ဆောင်ရွက်နေသော လုပ်ငန်းများကို အသီးသီးတင်ပြခဲ့ကြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲမှူးချုပ်နှင့် ဌာနမှူး၊ ဆေးတက္ကသိုလ်ရန်ကုန်နှင့် မန္တလေးမှ ပါမောက္ခချုပ်များ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး၊ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ သစ်တောဦးစီးဌာနတို့မှ ကိုယ်စားလှယ်များနှင့် ဆေးပညာဌာန ဆေးဝါးဗေဒတို့မှ ပါမောက္ခ၊ ဌာနမှူးများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## တိရစ္ဆာန်ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

**နေပြည်တော် မေ ၂၈**

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလတွင် တိရစ္ဆာန်များ၌ ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်းနှင့် ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို ပုံမှန်ထိုးနှံကြရန်၊

(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များအား သီးခြားခွဲထားရန်၊

(၅) ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့် ဝေးရာတွင် သီးခြားချည်နှောင်ထား၍ လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊

(၆) တိရစ္ဆာန်များ ကူးစက်ရောဂါဟု သံသယဖြစ်ဖွယ်ရှိပါက နီးစပ်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဆေးကုသမှုအမြန်ဆောင်ရွက်ရန်၊

(၇) တိရစ္ဆာန်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုရှိပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသတင်းပို့ရန်၊

(၈) အသေကောင်များအား စားသောက်ခြင်းမပြုရန်၊ စနစ်တကျမြေမြှုပ်ဖျက်ဆီးရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အကြောင်းကြားဆက်သွယ်ရန်၊

(၁၀) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၁၈-၂၀၁၉ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၁၈၊ မေလ (၂၅) မှ (၃၁) ရက်အထိ

# တရုတ်-မြန်မာ နှစ်နိုင်ငံကြား အနာဂတ်ဆက်ဆံရေးအတွက် မြန်မာ့ကဏ္ဍစုံမှ ထင်ရှားသူများနှင့် တရုတ်ပညာရှင်များ ဆွေးနွေး

**ရန်ကုန် မေ ၂၈**

အစဉ်ပြောင်းလဲနေသော ကမ္ဘာ့အလယ်တွင် နှစ်နိုင်ငံကြားအနာဂတ်ဆက်ဆံရေးနှင့် သက်ဆိုင်သည့် အမြင်များ ဖလှယ်ကြရန် တရုတ်ခေါင်းဆောင်များက တင်သွင်းထားသော တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းနှင့် ဆက်စပ်သည့် ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့တွင် ရန်ကုန်မြို့ရှိ LOTTE ဟိုတယ်၌ ကျင်းပခဲ့သည်။




တစ်ရက်တာကျင်းပခဲ့သော ယင်းဆွေးနွေးပွဲတွင် ဆက်သွယ်ရေး၊ စွမ်းအင်နှင့် ပြည်သူချင်းဆက်ဆံရေးဆိုင်ရာခေါင်းစဉ်များနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့် နှစ်နိုင်ငံကြားအရေးကြီးသော ကဏ္ဍများကိုလည်း ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပီကင်းတက္ကသိုလ်မှ ပါမောက္ခ ဇူခွန်၊ ယူနန်တက္ကသိုလ် မြန်မာ့အရေး လေ့လာမှုဆိုင်ရာအဖွဲ့ ဦးဆောင်သူ ပါမောက္ခ လီချန်းယန်၊ Hehai တက္ကသိုလ်မှ ရှိုဂိုကျင်း၊ ဒေါက်တာသန့်မြင့်ဦး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ Eco Dev မှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမျိုးသူ၊ ဒေါက်တာသန့်သော်ကောင်း (ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း)နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ဒေါက်တာသန့်မြင့်ဦးက "မြန်မာနိုင်ငံအတွက် အကြီးမားဆုံးနဲ့ ရေရှည်စိန်ခေါ်မှုဟာ ရာသီဥတုပြောင်းလဲမှုအပြင် တရုတ်နိုင်ငံနဲ့ဆက်ဆံရေးကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်မှု ဖြစ်ပါတယ်၊ ဒါဟာနည်းပညာပိုင်းဆိုင်ရာ အခက်အခဲမဟုတ်ပါဘူး၊ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့အလယ်မှာစီးပွားရေးအရ၊ နိုင်ငံရေးအရ၊ ယဉ်ကျေးမှုအရ တဖြည်းဖြည်း အင်အားကြီးလာတဲ့ နိုင်ငံရဲ့ အိမ်နီးချင်းအဖြစ် အကောင်းဆုံး ဘယ်လိုအကျိုးအမြတ် ရရှိနိုင်မလဲဆိုတဲ့ မျှော်မှန်းချက်ရှိထားဖို့ လိုအပ်ပါတယ်"ဟု ပြောသည်။

ဆွေးနွေးပွဲသို့ ပေကျင်းမြို့၊ ကူမင်းမြို့တို့မှ တရုတ်ပညာရှင် ၁၄ ဦးနှင့်အတူ မြန်မာနိုင်ငံမှ ပညာရှင်များ၊ စီးပွားရေးကဏ္ဍတွင် ဦးဆောင်နေကြသူများ၊ အစိုးရတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် ဆွေးနွေးသူ ၃၅ ဦးခန့် တက်ရောက်ခဲ့ကြသည်။

တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယိသည် ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံကြား အကျိုးအမြတ်တိုးမြှင့်ရေးနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုရန် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်း အဆိုကို တင်သွင်းခဲ့သည်။

ယင်း စင်္ကြံလမ်းကို တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင် အစပြုကာ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့သို့ တိုးချဲ့ပြီးနောက် အရှေ့ဘက် ရန်ကုန်မြို့နှင့် အနောက်ဘက် ရခိုင်ပြည်နယ်ရှိ အထူးစီးပွားရေးဇုန်များသို့ ဆက်သွယ်ထားသည့် မဏ္ဍိုင် သုံးရပ်ပါ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းအဖြစ် တရုတ်ခေါင်းဆောင်များက ရည်ရွယ်ထားသည်။

ယနေ့ကျင်းပသည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်းနှင့် ဆက်စပ်သည့် ဆွေးနွေးပွဲကို ဦးသန့်နေအိမ်နှင့် ယူနန်တက္ကသိုလ်ရှိ မြန်မာ့အရေး လေ့လာမှုဆိုင်ရာအဖွဲ့တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်သည်။ လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း ကမ္ဘာ့ခေါင်းဆောင်များ၊ ပညာရှင်များ၏ ဟောပြောပွဲများနှင့် ဆွေးနွေးပွဲများကို ဦးသန့်နေအိမ်တွင် လက်ခံကျင်းပခဲ့သည်။ ကမ္ဘာ့သမိုင်းကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများနှင့် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် ယင်းတို့၏ ဆက်စပ်မှုများအကြောင်း လေ့လာဆွေးနွေးသင်ယူကြရာ ဗဟိုဌာနတစ်ခုဖြစ်သည်နှင့်အညီ ယနေ့ မြန်မာနိုင်ငံ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် ဆက်စပ်သော ကမ္ဘာလုံးဆိုင်ရာ အရေးကိစ္စများနှင့် ပတ်သက်ပြီး ဟောပြောပွဲများနှင့် ဆွေးနွေးပွဲများ ထပ်မံစီစဉ် ကျင်းပနိုင်ရန်လည်း ဦးသန့်နေအိမ် စောင့်ရှောက်ရေးအဖွဲ့က ရည်မှန်းထားကြောင်း ဦးသန့်နေအိမ် သတင်းထုတ်ပြန်ချက်အရ သိရသည်။

**နန္ဒာဝင်း**

# အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မေ ၂၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၄၀/၂၀၁၈) မှ သင်တန်းသား သင်တန်းသူ ၁၅၅ ဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)၏ မိတ်ဆွေသုံးဦး စုစုပေါင်း ၁၅၈ ဦးတို့သည် အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာကြကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့်ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၁၄၀၅၄ ဦးနှင့် ပြည်ပဧည့်သည် ၁၅၇၆ ဦး ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ သင်တန်းဖွင့်ပွဲများ ကျင်းပ





**ရန်ကုန် မေ ၂၈**
အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန် ဒီပလိုမာသင်တန်းအမှတ်စဉ်(၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးဝင်းမော် တက်ရောက်သည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဝင်းမော်က သင်တန်းဖွင့်မိန့်ခွန်း ပြောကြားရာတွင်**(ယာပုံ)** ယခုသင်တန်းကို ပြန်တမ်းဝင်အရာရှိရာထူး စာမေးပွဲများ ဖြေဆိုအောင်မြင်ခဲ့သည့် အရာထမ်းလောင်းများနှင့် ပုဂ္ဂလိကကုမ္ပဏီ၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများအား စွမ်းဆောင်ရည် ပိုမိုမြှင့်တင်ပေးနိုင်ရေး၊ အရည်အသွေးပြည့်မီသော ဝန်ထမ်းကောင်းများ ဖြစ်လာစေရေး၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒရည်မှန်းချက်များကို အထောက်အကူဖြစ်စေရေး၊ ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း။

သင်တန်းတက်ရောက်ပြီးပါကလည်း သင်တန်းဆင်း အရည်အချင်း အဆင့်များကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြမည်ဖြစ်သည့်အတွက် ဝန်ထမ်းဘဝ တိုးတက်ရေးတွင် အရေးကြီးသောကြောင့် မှန်ကန်သည့် ယှဉ်ပြိုင်မှုနှင့် အောင်မြင်ပြီးမြောက်စေဖို့ ကြိုးစားကြရန် မှာကြားလိုပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများကို ကျွမ်းကျင်မှုအတတ်ပညာ၊ သုတ၊ သမ္ဘာ တိုးတက်လာစေရန် နိုင်ငံတော်၏ ဘဏ္ဍာငွေများစွာ အကုန်အကျခံ ရင်းနှီးမြှုပ်နှံပြီး လေ့ကျင့်ပေးလျက်ရှိရာ ဝန်ထမ်းများကလည်း Return of Investment အနေဖြင့် မိမိရာထူးအဆင့်နှင့်လျော်ညီသည့် အရည်အသွေးနှင့် စွမ်းဆောင်ရည် တိုးတက်စေရန် အစဉ်ကြိုးစား လေ့လာသင်ယူပြီး နိုင်ငံတော်နှင့် ပြည်သူအပေါ် ပြန်လည်အလုပ်အကျွေးပြုရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနေရာများကို စနစ်တကျစိစစ်ရွေးချယ်ပေးခြင်း၊ ထိရောက်စွာ လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ ကျင့်ဝတ်များ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စံနှုန်းများသတ်မှတ်ရေးနှင့် မူဝါဒလမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား အထောက်အကူပြုခြင်း၊ ဝန်ထမ်းရွေးချယ်ခန့်ထားရေးနှင့် လေ့ကျင့်ပျိုးထောင်ရေး ကိစ္စများနှင့်စပ်လျဉ်း၍ စိစစ်ညှိနှိုင်းဆောင်ရွက်ခြင်း တာဝန်များကို လုပ်ထုံးလုပ်နည်း၊ အမိန့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံ့ဝန်ထမ်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်လျက်ရှိပြီး လက်ရှိအစိုးရကလည်း နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုများနှင့်အတူ ကဏ္ဍစုံ ပြုပြင်ပြောင်းလဲမှုများကို အခြေခံမှ စတင်ပြောင်းလဲရေးအတွက် မူဝါဒများ၊ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအောင်မြင်လာစေရန် မိမိတို့သက်ဆိုင်ရာ နယ်ပယ်၊ ကျွမ်းကျင်ရာ နယ်ပယ်အသီးသီးတွင် ကိုယ်တိုင် ခေါင်းဆောင် စိတ်ဓာတ်မွေးမြူလျက် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်မှသာ နိုင်ငံနှင့်လူမျိုး တိုးတက်အောင်မြင်မည်ဖြစ်ကြောင်း၊ တိုးတက်အောင်မြင်စေရန် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ဝန်ထမ်း၊ ပြည်သူနှင့်အတူလက်တွဲ၍ တူညီသော ရည်မှန်းချက်များထားရှိပြီး ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

“ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်”ဆိုသည့်အတိုင်း တိုင်းပြည်ကို ချစ်သောစိတ်၊ မိမိနိုင်ငံကို အခြားတိုးတက်သော နိုင်ငံများကဲ့သို့ တိုးတက်ချမ်းသာသည်ကို မြင်လိုသောစိတ်တို့ဖြင့် ဝန်ထမ်းကောင်းများဖြစ်စေရန် ကြိုးစားအားထုတ်ပြီး မိမိတို့ကျရာ အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ပြီး တတ်သိနားလည်ရမည့် လုပ်ငန်းခွင်ဆိုင်ရာ အရည်အချင်းများအပြင် မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံရေးနှင့် နိုင်ငံ၏အခြေအနေကို အမြဲလေ့လာဆည်းပူးလျက် ပြည်သူများ၏ အကျိုးစီးပွားကို စေတနာနှင့် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဦးပွား၊ တက္ကသိုလ်အကြံပေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုး၊ ဒုတိယပါမောက္ခချုပ်များနှင့် ဌာနကြီးမှူးများ၊ ပါမောက္ခ/ပညာဌာနမှူးများ၊ ဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ နည်းပြများနှင့် သင်တန်းတက်ရောက်မည့် သင်တန်းသား ၉၅ ဦး၊ သင်တန်းသူ ၁၀၉ ဦး စုစုပေါင်း ၂၀၄ ဦး တက်ရောက်ကြသည်။ သင်တန်းကာလမှာ မေ ၂၈ ရက်မှ စက်တင်ဘာ ၁၄ ရက်အထိ ရက်သတ္တ ၁၆ ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။

အလားတူ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးဝင်းမော် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးအဆင့်ရှိ သင်တန်းသား ၃၄ ဦး၊ သင်တန်းသူ ၁၁ ဦး စုစုပေါင်း ၄၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၈ ရက်မှ ဇူလိုင် ၂၀ ရက်အထိ ရက်သတ္တ ရှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နွေစပါးနှင့် နွေသီးနှံ စုစုပေါင်း ၁၉၃၃၁၅၂ ဧက တို့အား အောင်ရေပေးဝေလျက်ရှိသော ကာဘိုးရေလွှဲဆည်

**နေပြည်တော် မေ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကာဘိုးရွာအနီးတွင်တည်ရှိသော ကာဘိုး ရေလွှဲဆည်သည် မြန်မာနိုင်ငံအထက်ပိုင်း ကဘော်ချိုင့်ဝှမ်း ဗန်းမောက်မြို့နယ် ရွှေကျောင်းရွာအနီးတွင် စတင်မြစ်ဖျားခံ စီးဆင်းလာသော မူးမြစ်ပေါ်တွင် တည်ဆောက်ထားသည့် ရေလွှဲဆည်တစ်ခုဖြစ်သည်။ အဆိုပါ ရေလွှဲဆည်မှ လယ်ဧက သုံးသိန်းကျော်ကို စိုက်ပျိုးရေပေးဝေနိုင်သည့် မူးမြစ်ဝှမ်းလွင်ပြင်မှ တောင်သူများ၏ အဓိက အားထားရာ ကိုလိုနီခေတ်က တည်ဆောက်ခဲ့သော ရေလွှဲဆည်တစ်ခုဖြစ်သည်။



**နှစ်ပေါင်း ၁၀၀ ကျော် စိုက်ပျိုးရေအတွက် အကျိုးပြုနေသည့် ကာဘိုးရေလွှဲဆည်ကို တွေ့ရစဉ်။**

ကာဘိုးရေလွှဲဆည်မှ ရွှေဘိုမြောင်းမတော်နှင့် ရေဦးမြောင်းမတော်ဟူ၍ မြောင်းမကြီး နှစ်ခုရှိပြီး ကာဘိုးရေလွှဲဆည်နှင့်အလျား ၂၈ ဒသမ ၆ မိုင်ရှိသော ရွှေဘိုမြောင်းမတော်ကို ၁၉၀၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၀၅ ခုနှစ်တွင် ပြီးစီးခဲ့ပြီး ၁၉၀၆ ခုနှစ်တွင် ရေစတင်ပေးဝေနိုင်ခဲ့သည်။ ယင်းတူးမြောင်းပေါ်တွင် ရေပေးမြောင်း အရေအတွက် ၉၉ ခုရှိသည်။ အလျား ၄၄ ဒသမ ၆ မိုင်ရှိသော ရေဦးမြောင်းမတော်ကို ၁၉၁၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၁၈ ခုနှစ်တွင် ပြီးစီး၍ ရေစတင်ပေးဝေနိုင်ခဲ့သည်။ ယင်းတူးမြောင်းပေါ်တွင် ရေပေးမြောင်းအရေအတွက် ၆၈ ခုရှိသည်။ ယင်းတူးမြောင်းမကြီး (၂)ပေါ်ရှိ မြောင်းခွဲ၊ လက်တံမြောင်းနှင့် လက်တံခွဲမြောင်းများ၏ စုစုပေါင်း အလျားသည် ၅၉၅ ဒသမ ၅၀၉ မိုင်ဖြစ်သည်။

ကာဘိုးရေလွှဲဆည်တွင် မူးမြစ်အရှေ့ဘက်ခြမ်း ရွှေဘိုမြောင်းမတော်မှ ကန့်ဘလူ၊ ခင်ဦး၊ ရွှေဘို၊ ဝက်လက်နှင့် စစ်ကိုင်းမြို့နယ်များမှ ရေသောက်ဧက ၂၀၆၆၃၈ ဧကနှင့် မူးမြစ်အနောက်ဘက်ခြမ်း ရေဦးမြောင်းမတော်တွင် ရေဦး၊ ဒီပဲယင်းနှင့် အရာတော်မြို့နယ်များမှ ရေသောက်ဧက ၁၁၅၀၂၉ ဧက စုစုပေါင်း ၃၂၁၆၆၇ ဧကအား ရေပေးဝေလျက်ရှိသည်။

ယခင်က ကာဘိုးရေလွှဲဆည်တွင် ဆည်ရေသိုလှောင်ထိန်းသိမ်းထားနိုင်ခြင်း မရှိ၍ မိုးစပါးတစ်သီးကိုသာ စိုက်ပျိုးရေပေးဝေနိုင်ခဲ့သော်လည်း သဖန်းဆိပ်ရေလှောင်တမံတည်ဆောက်ပြီး ၂၀၀၁ ခုနှစ်မှစ၍ မိုးစပါးအပြင် နွေစပါးနှင့် နွေသီးနှံ ဧက ၂၀၀၀၀၀ ခန့် နှစ်စဉ် စိုက်ပျိုးလာနိုင်ခဲ့သည်။ ယခုနှစ်တွင် ကာဘိုးဆည်၏ ရွှေဘိုမြောင်းမတော်မှ နွေစပါး ၁၁၄၀၆၆ ဧက၊ နွေသီးနှံ ၆၁၆၁၃ ဧက စုစုပေါင်း ၁၇၅၆၇၉ ဧကနှင့် ရေဦးမြောင်းမတော်တွင် နွေစပါး ၇၁၆၀၇ ဧက၊ နွေသီးနှံ ၁၄၈၀၇ ဧက စုစုပေါင်း ၈၆၄၁၄ ဧကတို့ စိုက်ပျိုးနိုင်ခဲ့ပါသဖြင့် နွေစပါး ၁၈၅၆၇၃၂ ဧကနှင့် နွေသီးနှံ ဧက ၇၆၄၂၀ စုစုပေါင်း ၁၉၃၃၁၅၂ ဧကတို့အား အောင်ရေပေးဝေလျက်ရှိသည်။

**ညီညီသန်း(နေပြည်တော်)**
**ဓာတ်ပုံ-စိုက်ပျိုးရေး**

**◯ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ**
ရခိုင်အသင်းနှင့် Mountain Lion အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရှုံး/ထွက်ပြိုင်ပွဲဖြစ်သောကြောင့် အသင်းကြီးများ ပေါ့ဆ၍မရဘဲ အာရုံစိုက်ကစားရန် လိုအပ်နေသည်။ ဒုတိယ အဆင့်တွင် MNL ကလပ် ကိုးသင်း၊ MNL-2 (ပထမတန်း)ကလပ် သုံးသင်း တက်ရောက်လာပြီး ယခုတစ်ပတ်တွင်ကစားမည့် ပွဲများအနက် Southern နှင့် GFA အသင်းပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေသည်။ လာမည့်တစ်ပတ်တွင်မူ ရတနာပုံနှင့် စစ်ကိုင်း၊ ဟံသာဝတီနှင့် ဇွဲကပင် အသင်းပွဲများမှာ အကြိတ်အနယ်ဖြစ်ဖွယ်ရှိနေသည်။ Southern အသင်းနှင့် GFA အသင်းသည် ပြီးခဲ့သည့်တစ်ပတ်ကမှ အမှတ်ပေးပွဲအဖြစ် သုဝဏ္ဏကွင်း၌ တွေ့ဆုံခဲ့ပြီး Southern အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။

ပြီးခဲ့သည့် ၂၀၁၇ ပြိုင်ပွဲတွင် ဗိုလ်လုပွဲတက်ရောက်ခဲ့သည့် ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းမှာမူ ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်မှစ၍ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်မှ လွဲ၍ နှစ်စဉ်ကျင်းပခဲ့ကာ ရှစ်ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ပြီးခဲ့သည့် ခုနစ်ကြိမ်တွင် ဧရာဝတီအသင်းက သုံးကြိမ်၊ ဟံသာဝတီ၊ ရန်ကုန်၊ မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။

**ရှိုင်းထက်ဇော်**

## မုတ်သုံလေ အားကောင်း

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

# ဂျပန်သံအမတ်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့တို့ ရခိုင်ပြည်နယ်ဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

**စစ်တွေ မေ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ညနေပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro MARUYAMA နှင့် ရခိုင်ပြည်နယ်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဂျပန်သံအမတ်ကြီးက နေရပ်စွန့်ခွာကြသူများ ပြန်လည်လက်ခံရေးအစီအစဉ်သည် အမှန်တကယ် ခက်ခဲသည်ကို မိမိအနေဖြင့် နားလည်ပါကြောင်း၊ လှဖိုးခေါင်ကြားစခန်းတွင် ပြန်လည်ဝင်ရောက်လာသည့်သူများနှင့် တွေ့ဆုံစကားပြောခွင့်ရခဲ့ပါကြောင်း၊ တွေ့ဆုံခဲ့ရာတွင် အဓိကအနေဖြင့် နိုင်ငံသားဖြစ်ခွင့်ကိစ္စ၊ လွတ်လပ်စွာ သွားလာခွင့်ကိစ္စ၊ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်တက်ရောက်ခွင့်ကိစ္စနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို မေးမြန်းဆွေးနွေးခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားဖြစ်မှုအနေဖြင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံသားဖြစ်မှုလုပ်ငန်းစဉ် လျင်မြန်စေရေးအတွက် ကြိုးစားဆောင်ရွက်ရာတွင် မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်ရာ၌ ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းဆောင်ရွက်လျက်ရှိနေကြောင်း၊ လွတ်လပ်စွာ သွားလာခွင့်အနေဖြင့် ဥပဒေနှင့်အညီ NV ကတ် ကိုင်ဆောင်ထားပါက မောင်တောခရိုင်အတွင်း လွတ်လပ်စွာ သွားလာခွင့်ရှိမည်ဖြစ်ကြောင်း၊ အဆိုပါသွားလာခွင့်များနှင့် ပတ်သက်၍ မြေပြင်တွင် အဟန့်အတားအခက်အခဲမရှိစေရေးနှင့် တရားမဝင် ဆောင်ရွက်မှုများမရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်တက်ရောက်ခွင့်များအနေဖြင့် ဥပဒေနှင့်အညီ NV ကတ် ကိုင်ဆောင်သူများသည် မိမိ၏အရည်အချင်းပေါ် မူတည်ပြီး တက်ရောက်ခွင့်ရရှိရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရာတွင် ခွဲခြားထားမှုမရှိရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်း အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအနေဖြင့် ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းကာ ဆောင်ရွက်ချက်များကို နိုင်ငံတကာက မှန်ကန်စွာမြင်စေလိုပါကြောင်း၊ တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသူများအကြား လွဲမှားစွာပြောဆိုမှုများရှိနေပါကြောင်း၊ နိုင်ငံတကာက အမှန်မမြင်နိုင်ပါက ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များသည် ဆက်လက်ခက်ခဲနေမည်ဖြစ်ပါကြောင်း၊ ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့်လည်း အကြမ်းဖက်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်မှုမှ ကင်းဝေးရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက အဆိုပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး(ပထမနေ့)ကျင်းပ

**တောင်ကြီး မေ ၂၈**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (ပထမနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကတိသစ္စာမပြုရသေးသော တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးက ကတိသစ္စာပြုရန်အတွက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် နေရာယူပြီး ကတိသစ္စာပြုလက်မှတ်ရေးထိုးသည်။



ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ အမှာစကားပြောကြားကာ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးက ကြယ်ပွင့်ပြမေးခွန်း ၁၇ ခုကို မေးမြန်းကြရာ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းကို ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှုန်တစ်လုံက ပြည်နယ်လွှတ်တော်သို့ တင်သွင်းရာ ယင်းအဆိုကို မေ ၃၀ ရက်(ဗုဒ္ဓဟူးနေ့)တွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးလိုသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့ညနေ ၅ နာရီနောက်ဆုံးထား၍ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းနိုင်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူက မူဆယ်မြို့၌ မေ ၁၂ ရက်တွင် လုံခြုံရေးဂိတ်နှင့် မြို့တွင်းရှိ နေအိမ်များအား လက်နက်ကိုင်အဖွဲ့က ပစ်ခတ်မှုကြောင့် ဒဏ်ရာရသူ ၂၇ ဦးနှင့် သေဆုံးသူများကို စာနာထောက်ထားသောအားဖြင့် ဝမ်းနည်းကြောင်းအဆိုတစ်ရပ်ကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းရာ ယင်းအဆိုကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အတည်ပြုမှတ်တမ်းတင်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး(ပထမနေ့)ကို ရပ်နားလိုက်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယအကြိမ် စုပေါင်းကိုယ်လက်လှုပ်ရှားမှု ပြုလုပ်



**ရန်ကုန် မေ ၂၈**

လူတိုင်းကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ရန် လိုအပ်သည့် အလေ့အထကောင်းတစ်ခုအဖြစ် အများပြည်သူသိရှိနားလည်လုပ်ဆောင်စေရန်အတွက် ရည်ရွယ်၍ First Myanmar Zumba Club မှ နည်းပြဆရာ ဦးပိုင်နိုင်နှင့် နည်းပြဆရာမ ဒေါ်ခရစ္စတယ်တို့က ဦးဆောင်ပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဝန်ထမ်းမိသားစု ဒုတိယအကြိမ် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခဲ့သည်။

လှုပ်ရှားမှုတွင် ညွှန်ကြားရေးမှူးချုပ်၏ဇနီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၏ ဇနီးနှင့် ညွှန်ကြားရေးမှူးများ၏ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အမှုထမ်းများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ နည်းပြ၊ နည်းစနစ်မှူးများနှင့် သင်တန်းသား ကျောင်းသား ကျောင်းသူများ စုပေါင်းကာ မေ ၂၇ ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ပြေးခုန်ပစ်လေ့ကျင့်ရေးအားကစားကွင်း အမှတ်(၁)၌ စုပေါင်း Zumba Dancing ဖြင့် ကိုယ်လက်လှုပ်ရှားကစားခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# ဆော်ဒီအာရေဗျနိုင်ငံမှ စစ်ဆေးရေးဆောင်ရွက်မည့်အချက်များကို လုပ်ငန်းရှင်များထံ ဖြန့်ဝေသွားမည်

**ရန်ကုန် မေ ၂၈**

ပြီးခဲ့သည့် ဧပြီ ၁ ရက်မှစပြီး ဆော်ဒီအာရေဗျနိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့မှုကို ယင်းနိုင်ငံမှ ကန့်သတ်ထားရာ ပြန်လည်တင်ပို့နိုင်ရေးအတွက် အဆိုပါနိုင်ငံမှ စစ်ဆေးရေးအဖွဲ့များသည် မြန်မာနိုင်ငံသို့ မကြာမီ လာရောက်မည်ဖြစ်သဖြင့် စစ်ဆေးဆောင်ရွက်မည့်အချက်များကို လုပ်ငန်းရှင်များထံ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံသို့ တင်ပို့နေသည့် အအေးခန်းစက်ရုံ ၂၄ ရုံအား ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ကွင်းဆင်းစစ်ဆေးရာတွင် ၎င်းတို့၏ စံနှုန်းများအား လိုက်နာမှုရှိသော စက်ရုံများကို listed လုပ်ကာ မလိုက်နာသည့်စက်ရုံများကို delisted လုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဝင်းမြင့်က ပြောသည်။

ထို့အပြင် ဆော်ဒီသို့တင်ပို့နေသော ကုန်ကြမ်းထုတ်လုပ်သည့် မွေးမြူရေးငါးကန်များကို လာရောက်စစ်ဆေးမည်ဖြစ်ပြီး အဆိုပါငါးကန်များအနေဖြင့် ရေရှည်တင်ပို့နိုင်ရန် Good Aquaculture Practice စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အချက်များကို ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသော ရေချိုပုစွန်တုပ်တွင် white tail disease ဟု ခေါ်သည့် ရောဂါတွေ့ရှိရကြောင်း ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းက OIE ကမ္ဘာ့ကူးစက်ရောဂါထိန်းချုပ်ရေးအဖွဲ့သို့ တင်ပြခဲ့ဖူးပြီး အဆိုပါရောဂါမှာ လက်ရှိအချိန်တွင် မတွေ့ရှိရတော့သော်လည်း ယင်းတင်ပြချက်ကြောင့်ဟု အကြောင်းပြကာ ဆော်ဒီအာရေဗျဘက်မှ ရပ်နားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး နှစ်နိုင်ငံဆွေးနွေးမှုများကို ပြီးခဲ့သည့် မတ်လ အတွင်းမှစပြီး ပြုလုပ်လာခဲ့ရာ ယခုကဲ့သို့ လာရောက်စစ်ဆေးရန် ဆော်ဒီဘက်မှ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ထွက်ရှိသော ငါးမြစ်ချင်းတင်ပို့မှု၏ ရာခိုင်နှုန်း ၄၀ နှင့် အခြားမွေးမြူရေးငါး၊ ပုစွန်တင်ပို့မှု၏ ရာခိုင်နှုန်း ၃၀ ကျော်သည် ဆော်ဒီအာရေဗျနိုင်ငံသို့ တင်ပို့နေခြင်းဖြစ်သည်။

“ဒီဈေးကွက်ရပ်သွားရင် ထုတ်လုပ်သူတွေလည်း အခက်အခဲဖြစ်နိုင်သလို ထုတ်လုပ်မှုလျော့သွားရင် ပြည်တွင်းစားသုံးသူဈေးကွက်ကိုလည်း ထိနိုင်တယ်”ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

ယင်းကဲ့သို့ ပိတ်ပင်ခြင်းသည် မြန်မာနိုင်ငံ တစ်နိုင်ငံတည်းတင်မဟုတ်ဘဲ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံများလည်း ပါဝင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံသို့ အဓိကထားတင်ပို့နေရခြင်းဖြစ်ပြီး အီးယူနှင့်အမေရိကန်နိုင်ငံများကလည်း ဈေးကွက်အလားအလာကောင်းများနှင့် ဝယ်ယူလိုမှုများရှိနေသော်လည်း ယင်းနိုင်ငံများမှ မွေးမြူရေး ရေထွက်ကုန်များကိုမူ ၎င်းတို့၏ စံသတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိ၊ မရှိကို စိစစ်နေဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် ငါး၊ ပုစွန်မွေးမြူရေးကန်ပေါင်း ၄၈၀၀၀၀ ကျော်ရှိပြီး ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် ရေထွက်ပို့ကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၇၁၇ ဒသမ ၇၁၇ သန်းရရှိခဲ့ကြောင်း သိရသည်။ **မေသက်နှင်း**

## ပြင်ဆင်သိမှတ်ပေးပါရန်

မေ ၂၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၉) တွင် ဖော်ပြခဲ့သော မြောက်နဝင်းဆည်၏ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၂၉၁၀၀၀ ဟု ပြင်ဆင်သိမှတ်ပေးပါရန်။

**ထိန်လင်း(မန်းတက္ကသိုလ်)**

## ရခိုင်ပြည်နယ်သတင်း



ဒုတိယဝန်ကြီးများနှင့် ဂျပန်သံအမတ်ကြီး ဦးဆောင်သောအဖွဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ခြံစည်းရိုးကို ကြည့်ရှုလေ့လာစဉ်။



ဒုတိယဝန်ကြီးများနှင့် ဂျပန်သံအမတ်ကြီး ဦးဆောင်သောအဖွဲ့ ကြိမ်ချောင်း(တောင်)ရွာ၌ နေအိမ်များတည်ဆောက်နေမှုကို ကြည့်ရှုလေ့လာစဉ်။



ဒုတိယဝန်ကြီးများနှင့် ဂျပန်သံအမတ်ကြီး ဦးဆောင်သောအဖွဲ့ လှဖိုးခေါင်ကြားစခန်းတွင် ကြည့်ရှုလေ့လာစဉ်။




ဒုတိယဝန်ကြီးများနှင့် ဂျပန်သံအမတ်ကြီး ဦးဆောင်သောအဖွဲ့ ပန်းတောပြင်ကျေးရွာရှင်းလင်းဆောင်တွင် အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံစဉ်။

**✻ ကျောဖုံးမှ**

ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ကြိမ်ချောင်း(မြောက်)ရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ရခိုင်တိုင်းရင်းသားများ၊ မရမာကြီး တိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ကြိမ်ချောင်းကျေးရွာအတွင်း တည်ဆောက်လျက်ရှိသည့် လူနေအိမ်အခြေအနေများ၊ ကြိမ်ချောင်းကျေးရွာဆိုင်ရာ အချက်အလက်များနှင့် နှစ်ဖက်အသိုက်အဝန်း သဟဇာတဖြစ်စွာနေထိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဂျပန်သံအမတ်ကြီးက မောင်တောဒေသအခြေအနေများကို သိရှိနိုင်ရန် လာရောက်ရခြင်းဖြစ်ပါကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များအတွင်း ကြုံတွေ့ခံစားခဲ့ကြရသည်များနှင့် အတွေ့အကြုံများကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုဆွေးနွေးနိုင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကြိမ်ချောင်းကျေးရွာဒေသခံပြည်သူများက ရှင်သန်ရပ်တည်နေထိုင်နိုင်ရေးဆိုင်ရာ လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဂျပန်သံအမတ်ကြီးက သိရှိလိုသည်များကို မေးမြန်းသည်။

ဆက်လက်၍ ကြိမ်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွင်း ဂျပန်-မြန်မာချစ်ကြည်ရေးအဖြစ် တည်ဆောက်လှူဒါန်းထားသည့် နှစ်ထပ်ကျောင်းဆောင်အား လေ့လာကြည့်ရှုသည်။

ထို့နောက် ကြိမ်ချောင်း(တောင်)ရွာ နေအိမ်များတည်ဆောက်ခြင်း စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် CITF စီမံကိန်းအင်ဂျင်နီယာ ဦးတင်စိုးတို့က နေအိမ်များ တည်ဆောက်ခြင်းဆိုင်ရာ အချက်အလက်များနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကြိမ်ချောင်း(တောင်)ရွာရှိ နေအိမ်ဆောက်လုပ်မှုလုပ်ငန်း အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ပန်းတောပြင်ကျေးရွာ ရှင်းလင်းဆောင်သို့ ရောက်ရှိကာ ပန်းတောပြင်ကျေးရွာတွင် နေထိုင်ကြသည့် အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်သံအမတ်ကြီးက ကျေးရွာလုံခြုံရေး၊ ပညာရေးနှင့် ကျန်းမာရေးအခြေအနေ၊ နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကူညီမှု၊ နှစ်ဖက်အသိုက်အဝန်း သဟဇာတဖြစ်စွာ နေထိုင်နိုင်မည့် အကြောင်းအရာများကို မေးမြန်းပြီး ကျေးရွာနေအိမ်ဆောက်လုပ်မှုများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် ဂျပန်သံအမတ်ကြီး ဦးဆောင်သည့်အဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်ဖြင့် လှဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် လှဖိုးခေါင်ကြားစခန်း ရှင်းလင်းဆောင်တွင် မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် စီမံကိန်း အင်ဂျင်နီယာ ဦးတင်စိုးတို့က လှဖိုးခေါင်ကြားစခန်းတည်ဆောက်မှုဆိုင်ရာအချက်အလက်များ၊ ကြားစခန်းအတွင်း ဆက်လက်တည်ဆောက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဂျပန်သံအမတ်ကြီးသည် လှဖိုးခေါင်ကြားစခန်းအတွင်း မိမိဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာကြသည့် နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံပြီး တစ်ဖက်နိုင်ငံအတွင်း ရှင်သန်ရပ်တည်နေထိုင်ခဲ့ရသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ လက်ခံကြိုဆိုနေရာချထားမှုအစီအစဉ်များ၊ စခန်းတွင်း လုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာများကို မေးမြန်းပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးများနှင့် ဂျပန်သံအမတ်ကြီး ဦးဆောင်သည့်အဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်ဖြင့် မောင်တောမြို့မှ စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



မောင်တောခရိုင်ရှိ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်မျဉ်းအနီးမှ အဆောက်အအုံများကို တွေ့ရစဉ်။

# မိုင်းဖုန်းဆရာတော် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် နေပြည်တော်သို့ကြွရောက်၍ တရားဟောကြား

**သီပေါ မေ ၂၈**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်မှ မိုင်းဖုန်းဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏသံဝရသည် မေ ၂၃ ရက်အထိ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသသို့ကြွရောက်၍ တရားဟောကြားတော်မူခဲ့ပြီး မေ ၂၄ ရက်မှ ၂၆ ရက်အထိ ရှမ်းပြည်နယ်တောင်ပိုင်းဒေသရှိ ကျေးသီး၊ မိုင်းကိုင်၊ လဲချား၊ ပင်လုံနှင့် တောင်ကြီးမြို့များသို့ကြွရောက်၍ တရားဟောကြားတော်မူသည်။

ဆရာတော်သည် မိုင်းကိုင်မြို့ရှိ ခွန်ဆန်လော၊ နန်းဦးပျင်တောင်ထိပ်၌ တည်ထားသောစေတီတော် ဌာပနာသွင်းမင်္ဂလာအပါအဝင် အခြားစေတီတော်တည်ထားရာဌာနများသို့လည်း ကြွရောက်ပူဇော်ခဲ့သည်။

မေ ၂၆ ရက် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့မှ နေပြည်တော်သို့ ဆက်လက်ကြွရောက်တော်မူပြီး ရွှေလစေတီတော်၌ ညပိုင်းတရား ဟောကြားတော်မူသည်။ မေ ၂၇ ရက် ညနေပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး နေပြည်တော်ရှိ မိုင်းဖုန်းစံကျောင်းတော်သို့ ကြွရောက်တော်မူသည်။ ညပိုင်းတွင် နေပြည်တော်ရှိ ပရိသတ်များအား တရားဟောကြားတော်မူခဲ့ရာ နမ့်လန်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏောဘာသက မြန်မာဘာသာဖြင့် ပြန်ဆိုဟောကြားပေးတော်မူသည်။ သီပေါဘော်ကြိုဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဒေဝိန္ဒ M.A(သီရိလင်္ကာ)ကလည်း ပရိတ်တရားတော်များချီးမြှင့်ပြီး မြန်မာဘာသာဖြင့် တရားဟောကြားတော်မူခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**

# မော်လမြိုင်မြို့၌ ဒေသခံပြည်သူလူထုအား သွားနှင့်ခံတွင်းရောဂါ အခမဲ့ကုသပေး

**မော်လမြိုင် မေ ၂၈**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ရှင်စောပုမွန်အမျိုးသမီးစွမ်းဆောင်ရှင်ပရဟိတအသင်းတို့ ပူးပေါင်း၍ ဒေသခံပြည်သူများ၏ သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုများကို မွန်ပြည်နယ် မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် မြို့ရှောင်လမ်းရှိ Royal Hinthar Hotel ၌ မေ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တာ ပြုလုပ်ပေးခဲ့သည်။

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပိုင်စိုးနှင့် နေပြည်တော် ဥတ္တရသီရိသွားဆေးရုံကြီးမှ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီး၊ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်တို့ ဦးဆောင်သောဆေးကုသရေးအဖွဲ့ဝင် ၃၄ ဦးက အခမဲ့ကြည့်ရှုစစ်ဆေးပေးခဲ့ခြင်းဖြစ်သည်။

အခမဲ့ကုသပေးမှုအစီအစဉ် ပထမနေ့တွင် သွားနှင့်ခံတွင်း ဝေဒနာရှင် ၅၅၅ ဦး၊ ဒုတိယနေ့တွင် ၅၉၂ ဦး၊ တတိယနေ့တွင် ၂၈၇ ဦး စုစုပေါင်း ဝေဒနာရှင် ၁၄၃၄ ဦးအား အခမဲ့ စမ်းသပ် ကုသပေးနိုင်ခဲ့ပြီး ဝေဒနာရှင် ၂၆ ဦးကိုလည်း အံကပ်များ အခမဲ့ တပ်ဆင်ပေးခဲ့သည်။

ယင်းသွားနှင့်ခံတွင်း ကုသမှုအစီအစဉ်များသည် ရှင်စောပုမွန်အမျိုးသမီး စွမ်းဆောင်ရှင်ပရဟိတအသင်း၏ လုပ်ငန်းစဉ်များအနက် တစ်ခုဖြစ်ပြီး မွန်ပြည်နယ်အတွင်းရှိ မြို့နယ်/ကျေးရွာများတွင် အလျဉ်းသင့်သလို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန
## “၂၀၁၈-၂၀၁၉ ပညာသင်နှစ်”
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ **ငွေကြေး/လက်ဆောင်ပစ္စည်း** တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ ကျောင်းဝတ်စုံအတွက် **အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ** ရောင်းချခြင်းမပြုရ။
- ❖ အခြား **မည်သည့်ပစ္စည်းကိုမျှ** ရောင်းချခြင်းမပြုရ။
- ❖ အသက် (၅) နှစ်ပြည့်သူတိုင်းအား သူငယ်တန်း (KG)တွင်လည်းကောင်း၊ အသက် (၆) နှစ်ပြည့်သူတိုင်းအား ပထမတန်း (Grade 1)တွင်လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်လက်ခံဆောင်ရွက်ရန်။
- ❖ ကျောင်းတက်မှန်၍ စာသင်ချိန်ဇယားအတိုင်း ပုံမှန်အတန်းဝင် သင်ကြားသင်ယူပေးရန်၊ ရုံးတက်မှန်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူ တာဝန်ခံ ဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ သက်ဆိုင်ရာ အတန်းများအလိုက် အခန်းဆုံးစစ်ဆေးခြင်းများကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင်တစ်ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ် စုစုပေါင်း (၄) ကြိမ်သာ ဆောင်ရွက်ရန်။
- ❖ ကျောင်းခေါ်ချိန်မပြည့်သူများ၊ သင်ယူတတ်မြောက်မှုအားနည်းသော ကျောင်းသား၊ ကျောင်းသူများအတွက် ဖြည့်ဆည်းသင်ကြားပေးခြင်း (Remedial Education)ကို ဇူလိုင်လမှစတင်၍ နှစ်ဆုံးစစ်ဆေးခြင်းမတိုင်မီ အထိ စဉ်ဆက်ဆောင်ရွက်ရန်။
- ❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး ကျောင်းသား၊ ကျောင်းသူများကို တိုက်တွန်းအားပေးပါရန်။
- ❖ မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ကျောင်းသား၊ ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာတွက်ချက်တတ်ရန်အတွက် အလေးအနက်ထား ဆောင်ရွက်ပြီး ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အကြံပြုလို၊ တိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၃)၊ နေပြည်တော်(သို့မဟုတ်) dpsoffice@moe-mm.com သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဧပြီလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် မေ ၂၈**
အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် အမျိုးသား ၇၄၅၃ ဦး၊ အမျိုးသမီး ၁၂၀၄၁ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၁၉၄၉၄ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၈ခုနှစ် ဧပြီလအတွင်း လက်ခံရရှိမှု ၉၄ မှုတွင် ကျေအေးမှု ၂၀ မှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၂၀ မှု၊ ငွေကြေးအကျိုးခံစားခွင့် ၅၂ မှုတို့ဖြစ်ပြီး အလုပ်သမား ၆၀၅ ဦးအတွက် ငွေကျပ် ၁၆၀၈၈၅၄၁၃ ကို ခံစားစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့်ခံစားခွင့်ပေးခြင်း၊ လုပ်အားခ ကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ် သိန်းပေါင်း ၂၂၀၀၀ ကျော် ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၄၆၁ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု ၂၅၇ ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ခုံသမာဓိကောင်စီမှ အလုပ်သမားရေးရာ အငြင်းပွားမှု ခုနစ်မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၂၈၉ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ကျပ်သိန်းပေါင်း ၉၀ ကျော် ရရှိစေခဲ့ပြီး ခုံသမာဓိအဖွဲ့အနေဖြင့် အလုပ်သမားရေးရာအငြင်းပွားမှု ငါးမှုကိုဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၂၄ ဦးအတွက် ငွေကျပ်သိန်း ၂၀ ကျော်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ် သိန်းပေါင်း ၆၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၄၉၉ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ် သိန်း ၅၇၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၁၈ ခုနှစ် ဧပြီလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေဖြင့် အလုပ်သမားဆေးရုံကြီး သုံးရုံ(ပြင်ပလူနာ ၆၅၈၀၊ အတွင်းလူနာ ၅၈၁ ဦး ပေါင်း ၇၁၆၁ ဦး)၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၅ ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းတို့မှ ဆေးကုသပေးမှု ၅၉၁၁၇ ဦး၊ အလုပ်သမားဆေးရုံကြီး သုံးရုံမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု ငါးကြိမ်မှ ၁၄၈၀၊ လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု ၈၂ ကြိမ်မှ ၁၆၁၈ ဦးတို့ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စမ်းချောင်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး သစ်ပင်ကြီးလဲကျ

**ရန်ကုန် မေ ၂၈**
ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်း (တောင်) ရပ်ကွက် ရတနာသဒ်လမ်းနှင့် ကျွန်းတောလမ်းထောင့်၌ ယနေ့ မွန်းလွဲ ၁ နာရီက သစ်ပင်ကြီးတစ်ပင် လဲကျ၍ လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သည်။ သတင်းအရ စမ်းချောင်းမြို့နယ် မီးသတ်စခန်းမှ အုပ်ချုပ်မှုယာဉ်တစ်စီး၊ စမ်းချောင်းအရန်မီးသတ်တပ်ဖွဲ့မှ အရေးပေါ် လူနာတင်ယာဉ် တစ်စီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ **ပွင့်သစ္စာ**



# မြန်မာအမျိုးသားလေကြောင်းမှ ပြည်တွင်း၊ ပြည်ပ လက်မှတ်များ ၂၀ ရာခိုင်နှုန်း စျေးလျှော့ရောင်းချမည်

**နေပြည်တော် မေ ၂၈**
မြန်မာအမျိုးသားလေကြောင်း၏ Green Season Travel Fair 2018 ကို ရန်ကုန်မြို့ရှိ မြန်မာပလာဇာတွင် ဇွန် ၉ ရက် နံနက် ၁၀ နာရီမှ ည ၇ နာရီအထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါပွဲတွင် မြန်မာအမျိုးသားလေကြောင်း ပြည်တွင်း၊ ပြည်ပ လက်မှတ်များကို ၂၀ ရာခိုင်နှုန်း လျှော့စျေးဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းခရီးစဉ်များအတွက် ခရီးအိတ်အလေးချိန် ကီလို ၂၀ နှင့် ပြည်ပခရီးစဉ်များအတွက် ကီလို ၃၀ မှစ၍ ဝယ်ယူထားသည့် လက်မှတ်အမျိုးအစားအလိုက် သယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ မြန်မာအမျိုးသားလေကြောင်း၏ Green Season Travel Fair 2018 အတွင်း လက်မှတ်ဝယ်ယူသူများအနေဖြင့် လက်မှတ်ဝယ်ယူရာတွင် ငွေသား (သို့) ဘဏ်ကတ်များ အသုံးပြု၍ မြန်မာငွေကျပ် (သို့) အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

ဖျော်ဖြေရေး အစီအစဉ်များနှင့် ကံစမ်းမဲအစီအစဉ်များကို ညနေ ၃ နာရီမှ ၅ နာရီအတွင်း ကျင်းပသွားမည်ဖြစ်ပြီး လက်မှတ်ဝယ်ယူထားသည့် ခရီးသည်များအတွက် လက်ဆောင်များလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းမှ Boeing 737-800 NG၊ Embraer 190၊ ATR 72 series၊ Caravan လေယာဉ်အသစ်များဖြင့် ခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိပြီး စီးနင်းလိုက်ပါလာသော ခရီးသွားပြည်သူများအား လေယာဉ်၏ Business Class၊ Premium Economy Class နှင့် Economy Class များတွင် ခရီးစဉ်တစ်လျှောက် အကောင်းဆုံးဝန်ဆောင်မှုများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့နယ် ကုန်းဆင်းကွေ့တွင် မှန်လုံယာဉ်တစ်စီး လမ်းချော်၍ ခရီးသည်အချို့ ဒဏ်ရာရ

**မြဝတီ မေ ၂၈**
ကရင်ပြည်နယ် မြဝတီမြို့နယ် အာရှလမ်း ကွမ်းခြံကုန်းဆင်းကွေ့တွင် မေ ၂၈ ရက် နံနက်ပိုင်းက မှန်လုံယာဉ်တစ်စီး လမ်းချော်ပြီး လမ်းဘေးကမ်းပါးယံသို့ ဝင်တိုက်မိမှုဖြစ်ပွားရာ ခရီးသည်အချို့ ဒဏ်ရာရခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၈ ရက် နံနက်ပိုင်းတွင် ဟန်သူအောင်(၃၄)နှစ် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူ မောင်းနှင်ပြီး ခရီးသည် ၁၇ ဦးလိုက်ပါလာသည့် မန္တလာမင်းမှန်လုံယာဉ်သည် ရန်ကုန်မှ မြဝတီသို့ မောင်းနှင်လာစဉ် အာရှလမ်းမကြီး ကွမ်းခြံကုန်းကွေ့ ကုန်းဆင်းအရောက် ဘရိတ်အုပ်စဉ် မိုးရွာသွန်းမှုကြောင့် လမ်းချော်ကာ လမ်း၏ယာဘက်ခြမ်းရှိ တောင်ကမ်းပါးယံကို ဝင်ရောက်တိုက်မိ ရပ်တန့်သွားခဲ့သည်။

အဆိုပါ ယာဉ်မတော်တဆမှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည် ၁၇ ဦး အနက် ခရီးသည်ခြောက်ဦး(မစိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့သည်။

ယာဉ်မတော်တဆမှုကြောင့် ဒဏ်ရာရရှိသူ အမျိုးသားလေးဦး၊ အမျိုးသမီးနှစ်ဦးတို့ကို မြဝတီဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုပေးခဲ့ရာ မင်းမင်းစိုးတစ်ဦးသာ အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ကုသလျက်ရှိပြီး ကျန်လူများမှာ



သာမန်ဒဏ်ရာသာရရှိခဲ့သည်။ ယာဉ်မောင်း ဟန်သူအောင်ကို အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သိန်းသန်း(မြန်/ဆက်)**

# ခိုးမှုပြစ်ချက်ဟောင်းရှိသူကို စစ်ဆေးရာမှ ခိုးမှုခြောက်မှု ဖော်ထုတ်နိုင်

**ရန်ကုန် မေ ၂၈**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့ဝင်များက ခိုးမှုပြစ်ချက်ဟောင်းရှိသူ လှိုင်သာယာမြို့နယ် အလယ်ကျေးရွာနေ ချစ်စန်းမောင်(ခ) ငမော့စ်(၂၃)နှစ်ကို စစ်ဆေးရာမှ ခိုးမှုခြောက်မှု ဖော်ထုတ်နိုင်ခဲ့သည်။

ပြစ်ချက်ဟောင်းရှိသူ ချစ်စန်းမောင် (ခ) ငမော့စ်ကို မေ ၃ ရက် မွန်းလွဲ ၁နာရီက လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်တွင် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးရာ ၎င်းသည် ဇန်နဝါရီ ၂၆ ရက် နံနက် ၄ နာရီက လှိုင်သာယာမြို့နယ် အမှတ်(၁၃)ရပ်ကွက်အတွင်းရှိ နေအိမ်ရှေ့တွင် ရပ်ထားသည့် LIKNLIV A 300 အမျိုးအစား အနီရောင် သုံးဘီးဆိုင်ကယ် တစ်စီးအားလည်းကောင်း၊ ဖေဖော်ဝါရီလအတွင်းက လှိုင်သာယာမြို့နယ် ရွှေလင်ပန်းကျေးရွာမှ LIFAN အမျိုးအစား သုံးဘီးဆိုင်ကယ် တစ်စီး၊ အမှတ်(၇)ရပ်ကွက် နေအိမ်အတွင်းမှ DAYUN အမျိုးအစား သုံးဘီးဆိုင်ကယ် တစ်စီး၊ အမှတ်(၁၆)ရပ်ကွက် နေအိမ်အတွင်းမှ CANDA အမျိုးအစား ဆိုင်ကယ်တစ်စီးနှင့် HARRY STAR အမျိုးအစား ဆိုင်ကယ်တစ်စီး၊ အမှတ်(၆)ရပ်ကွက် နေအိမ်အတွင်းမှ FELLING အမျိုးအစား ဆိုင်ကယ်တစ်စီးတို့ကို ခိုးယူရောင်းချခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်များအရ သက်သေခံဆိုင်ကယ်များ ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ ပြစ်မှုကျူးလွန်သူ ချစ်စန်းမောင်(ခ) ငမော့စ်ကို လှိုင်သာယာမြို့မရဲစခန်းနှင့် သောင်ကြီးနယ်မြေရဲစခန်းတို့တွင် အမှုများ အသီးသီး ရေးဖွင့် အရေးယူဆောင်ရွက်လျက်ရှိကာ သက်သေခံဆိုင်ကယ်များနှင့် စပ်လျဉ်း၍ ပိုင်ရှင်များအနေဖြင့် ဖော်ပြပါ ရဲစခန်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**ကြေးမုံ**



# မရမ်းချောင်စစ်ဆေးရေးအဖွဲ့က တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၈**
မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မေ ၂၇ ရက်တွင် ခရီးသည်တင်ယာဉ် လေးစီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ငါးမျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၁၄ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၆၇ စီး၊ သွင်းကုန် ၉၂၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၆၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၅၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ဝ၆၉ သန်းခန့်) စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၅၆၉ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောဆင်ရိုင်း သတ်ဖြတ်သူသုံးဦး ဖမ်းမိ

**နေပြည်တော် မေ ၂၈**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံနယ်မြေရဲစခန်းမှ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၇(က) အမှုများမှ ထွက်ပြေးတိမ်းရှောင်နေသူများအနက် မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာနေ မောင်ကြာ(ခ)ကြာလို(၄၅)နှစ်ကို မေ ၂၇ ရက် နံနက် ၁ နာရီက ဖမ်းဆီးရမိခဲ့သည်။ ထို့နောက် ၎င်းအားစစ်ဆေးရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် မောင်ကြာ(ခ)ကြာလုံ၊ မင်းတုန်းမြို့နေ ထွန်းနိုင်၊ မောင်မြင့်(၃၀)နှစ်၊ ကျော်ကျော်(၃၀)နှစ်နှင့် မောင်ငယ်(၄၀)နှစ်(စိစစ်ဆဲ)တို့ ငါးဦးအဖွဲ့သည် တောဆင်ရိုင်းပစ်ရန် တူမီးသေနတ်လေးလက်ဖြင့် ဥက္ကံမြို့ သစ်တောကြိုးဝိုင်းအမှတ်(၇၆)သို့ ရောက်ရှိခဲ့ပြီး ဗွတ်မြောင်သို့ သွားရောက်ခဲ့ကြောင်း၊ တောဆင်ရိုင်းအမတစ်ကောင်ကို အဆိပ်ပါသောမြားဖြင့် ပစ်သတ်ခဲ့ပြီး ဆင်သေအား ယင်းနေရာတွင်



နှာမောင်းဖြတ်ခြင်း၊ အရေခွံခွာခြင်း၊ မီးခိုးကျပ်တိုက်ခြင်းများ ပြုလုပ်၍ ရန်ကုန်မြို့တွင် နေထိုင်သူ အမျိုးသားတစ်ဦးထံသို့ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် ပိဿာ ၄၀ ရောင်းချခဲ့ကြောင်း၊ မောင်ကြာ (ခ) ကြာလုံက ဝေစုငွေကျပ် နှစ်သိန်း ရရှိခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ၎င်းတို့ ငါးဦးသည် ဥက္ကံမြို့ သစ်တောကြိုးဝိုင်းအမှတ်(၇၄)သို့ သွားရောက်၍ တောဆင်ရိုင်းတစ်ကောင်ကို တူမီးသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း၊ အဆိုပါနေရာတွင် အရေခွံခွာခြင်း၊ မီးခိုးကျပ်တိုက်ခြင်းများ ပြုလုပ်၍ ရန်ကုန်မြို့တွင်နေထိုင်သူ အောင်အောင် (စိစစ်ဆဲ)ထံသို့ ရောင်းချခဲ့ရာ မောင်ကြာ (ခ) ကြာလုံက ဝေစုငွေကျပ် နှစ်သိန်းခွဲ ရရှိခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် မတ်လတွင် ၎င်းတို့ ငါးဦးသည် ဥက္ကံမြို့ သစ်တောကြိုးဝိုင်း အမှတ်(၇၄)သို့ ထပ်မံသွားရောက်ခဲ့ပြီး အသက်(၅)နှစ်ခန့်ရှိ တောဆင်ရိုင်းတစ်ကောင်ကို တူမီးသေနတ်ဖြင့် အဆိပ်လူးမြားထည့်၍ ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း၊ အရေခွံခွာခြင်း၊ မီးခိုးကျပ်တိုက်ခြင်းများ ပြုလုပ်ပြီး ရန်ကုန်မြို့တွင် နေထိုင်သူ အမျိုးသားတစ်ဦးထံသို့ ရောင်းချခဲ့ရာ မောင်ကြာ (ခ) ကြာလုံက ဝေစုငွေကျပ်တစ်သိန်းခွဲ ရရှိခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

မင်းတုန်းမြို့ (၃)ရပ်ကွက် (ချင်းကုန်း)၌ ထွန်းနိုင်နှင့် ညီဖြစ်သူ မောင်မြင့်တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မေ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဆက်လက်စစ်ဆေးလျက်ရှိသည်။ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း တောဆင်ရိုင်းများ တရားမဝင်သတ်ဖြတ်မှု အရေအတွက် တိုးပွားလာခြင်းကြောင့် တောဆင်ရိုင်းများသတ်ဖြတ်မှု လျော့နည်းကျဆင်းရေးအတွက် တောဆင်ရိုင်းများသတ်ဖြတ်ခံရသည့် ဒေသများနှင့် တောဆင်ရိုင်းများမှ ထွက်ရှိသော ဆက်စပ်ပစ္စည်းများ သယ်ဆောင်ရာလမ်းကြောင်းများကို ပိတ်ဆို့ရှာဖွေ ဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် ပူးပေါင်းအထူးအဖွဲ့ကို ဖွဲ့စည်း၍ အလေးထားစုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား

**၂၉-၅-၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယကဆရာတော်အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တဝရာဘိဝံသ ဟောကြားတော်မူအပ်သော "မြန်မာ့ငြိမ်းချမ်းညီညွတ်ရေး တရားတော်" |
| ၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "၁၉၄၀ ပြည့်နှစ် လာဘ်ပေး လာဘ်ယူ အဂတိလိုက်စားမှု စုံစမ်းရေးကော်မတီ၏ အစီရင်ခံစာအကြောင်း သိကောင်းစရာ"(အပိုင်း-၁) ဦးဟန်ညွန့်(ဥပဒေ၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)[ဒါရိုက်တာ-ဝေဠု(ဝသန်)] |
| ၉း၁၀ | ဘဒ္ဒန္တဥတ္တမညာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မိုးကောင်းကျောင်းတိုက်၊ ရေဦးမြို့ စစ်ကိုင်းတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း |
| ၉း၃၀ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၀း၃၀ | ရာဇဝင်ထဲကသမိုင်းအနုပညာ "ယဉ်ကျေးမှုမြို့တော်မှ အဖိုးတန်ပြယုဂ်များ"(အပိုင်း-၆) (ကင်းဝန်မင်းကြီးကျောင်းတိုက်) |
| ၁၀း၄၅ | "မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ ဘာသာတရားကိုအလေးထားစို့" |
| ၁၁း၀၀ | "သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ နယုန်လပြည့် မဟာသမယကြီးကျယ်ထူးမြတ်သည့် အခါတော်နေ့" |
| ၁၁း၂၅ | မျက်မှောက်ရေးရာသုံးသပ်စရာ |
| ၁၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၁၁) |
| ၁၃း၅၀ | Yes or No Talk Show |
| ၁၄း၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်" (အပိုင်း-၃၈) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၂၉) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | YTN( Science) "စားနပ်ရိက္ခာပြဿနာကို ဖြေရှင်းပေးမည့်အပင်စက်ရုံ" |
| ၁၇း၃၀ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ "ဒါရိုက်တာညွန့်မြန်မာ ညီညီအောင်" |
| ၁၈း၅၀ | "CHOICE"(အပိုင်း-၆၈) |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၁၂) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "မူပိုင်ခွင့်အကြောင်း သိကောင်းစရာ" (စက်မှုဒီဇိုင်းမူပိုင်ခွင့်အကြောင်း သိကောင်းစရာများ) -နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်"(အပိုင်း-၃၉) -အနုပညာခန်းရိပ်သာ "ဦးရွှေနန်းတင်နှင့်တွေ့ဆုံခြင်း" -နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"(အပိုင်း-၁၆) -အစီအစဉ်ပြီး၏။ |

# ရေတာရှည်မြို့နယ်တွင် ဒဏ်ရာများဖြင့် သေဆုံးသူအား နေ့ချင်းမြှုပ်နှံ၊ မသင်္ကာ၍ ပြန်ဖော်စစ်ဆေးရာ လူသတ်မှုပေါ်ပေါက်

**ရေတာရှည် မေ ၂၈**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အနောက် ၂၁ မိုင်ခန့်အကွာ စကွေးအုပ်စု အောင်ချမ်းသာကျေးရွာ၏ အရှေ့တောင်ဘက်တစ်မိုင်ခွဲခန့်အကွာ တောင်ယာပဲစိုက်ခင်းစောင့်တဲ၌ နေထိုင်သူတစ်ဦးသည် လွန်ခဲ့သောတစ်လခန့်က သွေးထွက်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး ယင်းနေ့မှာပင် ချက်ချင်းမြေမြှုပ်ကာ သင်္ဂြိုဟ်ခဲ့ကြောင်း မေ ၂၆ ရက် ညနေ ၄ နာရီခွဲခန့်တွင် ရေတာရှည်မြို့မရဲစခန်းသို့ သတင်းပို့တိုင်တန်းခဲ့သည်။

အဆိုပါသတင်းဖြစ်စဉ်အား တာဝန်မှူး ရဲအုပ်လှမြင့်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်မြင့်ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးရာတွင် သေဆုံးသူမှာ အောင်ချမ်းသာကျေးရွာနေ ဦးစောလှမူး (၆၂)နှစ်ဖြစ်ကြောင်း ၎င်းနေထိုင်သော ပဲခင်းစောင့်တဲ၏ အနောက်ဘက် ချောင်းတစ်ဖက်ကမ်းရှိ တောင်ကြောပေါ်တွင် မြှုပ်နှံထားခြင်းဖြစ်ကြောင်း သိရသည်။ ဧပြီ ၇ ရက် နံနက် ၆ နာရီခန့်တွင် သမီးဖြစ်သူ မနော်လားဖော်ဖာ(၂၁)နှစ်သည် အောင်ချမ်းသာ ကျေးရွာမှနေ၍ ဖခင်ဖြစ်သူအား နံနက်စာ ထမင်းသွားရောက်ပို့ဆောင်စဉ် ဖခင်ဖြစ်သူ ဦးစောလှမူးသည် တဲပေါ်၌ ဝဲဘက်သို့ စောင်းလျက် မျက်နှာ၌ သွေးများပေကျံကာ သေဆုံးနေသည်ကို တွေ့ရှိခဲ့ပြီးနောက် မိခင်ဖြစ်သူ ဒေါ်အေးမြင့်က သွေးရိုးသားရိုးတဲပေါ်မှ လိမ့်ကျ၍ သေဆုံးခြင်းသာ ဖြစ်သည်ဟုယူဆကာ နေ့ချင်းသင်္ဂြိုဟ်ရန် တိုက်တွန်းပြောဆိုသဖြင့် ကျေးရွာရှိ ဒေသခံ ၂၀ ခန့်က ရိုးရာဓလေ့အတိုင်း မြှုပ်နှံခဲ့ခြင်းဖြစ်ကြောင်း၊ ဆက်လက်စစ်ဆေး ပေါ်ပေါက်ချက်များအရ ဒေါ်အေးမြင့်နှင့် တစ်ရွာတည်းနေ လူမှုရေး ပတ်သက်မှုရှိသူ ဖားစံမြင့်(၃၈)နှစ်က တုတ်ဖြင့် ရိုက်သတ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ချက်များအရ ပြစ်မှုကျူးလွန်သူ ဖားစံမြင့်(၃၈)နှစ်ကို ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ကားရီးရက်စ်ကို လီဗာပူးကစားသမားများ ဘာကြောင့် မနှစ်သိမ့်ခဲ့သလဲဆိုသည်ကို ဝိနန်ဒန် ထုတ်ပြောပြီ

လီဗာပူးကစားသမားတွေအနေနဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ် ပွဲသိမ်းခရာမှုတ်ပြီးချိန်မှာ ဘာကြောင့် ဂိုးသမား ကားရီးရက်စ်ကို ချက်ချင်းဆိုသလို လာရောက်နှစ်သိမ့်ခြင်း မရှိသလဲဆိုတာကို ဝိနန်ဒန်က ထုတ်ပြောလိုက်ပါပြီ။

ဝိနန်ဒန်က "အကြီးအကျယ် စိတ်ပျက်နေကြတာပါ၊ ကျွန်တော် သူ့ကို ဘာမှမပြောခဲ့ပါဘူး၊ ဘာလို့လဲဆိုရင် လူတွေအများကြီးက သူ့ဆီကို ရောက်နေကြပြီဖြစ်သလို ဒီလိုအခြေအနေမှာ လူတွေအများကြီးလာနေတာကို မကြိုက်တာမျိုးလည်းရှိတတ်ပါတယ်"လို့ တုံ့ပြန်လိုက်ပါတယ်။

ဝိနန်ဒန်က ဆုတံဆိပ်ကို လည်တွင်မဆွဲဘဲ ချွတ်ပစ်ခဲ့သလို အကြောင်းအရာများစွာမှီတည်ပြီး အနိုင်အရှုံးဖြစ်ပေါ်တတ်သည်က ဘောလုံးလောကတွင် အစဉ်အလာဖြစ်လာနေတတ်ကြောင်းသာ တွင်တွင်ပြောကြားခဲ့ပါတယ်။

ဂျာမန်ဂိုးသမား ကားရီးရက်စ်ရဲ့ ကြီးမားတဲ့ အမှားနှစ်ရပ်ကြောင့် ရီးယဲလ်က ပွဲအပြီးမှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး ချန်ပီယံလိဂ်ဖလားကို သက်သောင့်သက်သာပဲ ဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။ ပွဲပြီးပြီးချင်း ကားရီးရက်စ်ကို နှစ်သိမ့်ဖို့ ရောက်ရှိလာကြသူတွေက ရီးယဲလ်ကစားသမားတွေဖြစ်နေတာကြောင့် လူမှုကွန်ရက်စာမျက်နှာပေါ်မှာ လီဗာပူးကစားသမားတွေကို အလွန်အကျူး ဝေဖန်ခဲ့ကြပါတယ်။

တွစ်တာအသုံးပြုသူတစ်ဦးက "သနားစရာကောင်းတဲ့ ကားရီးရက်စ်ပါဗျာ၊ ဒီနေရာမှာ ငိုနေရတာပါ၊ ရီးယဲလ်ကစားသမားတွေက သူ့ကို ဖြေသိမ့်ဖို့ ရောက်ရှိလာခဲ့ပေမယ့် သူ့အသင်းက ဘယ်သူတစ်ဦးတစ်ယောက်ကမှ သူ့ကို မနှစ်သိမ့်ခဲ့ကြဘူး"လို့ ရေးသားခဲ့တာကို တွေ့ခဲ့ရပါတယ်။ ယင်းနောက် နည်းပြ ယာဂန်ကလော့ပ်နဲ့ လီဗာပူးကစားသမားအချို့က ကားရီးရက်စ်ကို လာရောက်နှစ်သိမ့်ခဲ့ကြတာကို တွေ့ခဲ့ရပါတယ်။

နည်းပြ ယာဂန်ကလော့ပ်က ပွဲအပြီး သတင်းစာရှင်းလင်းပွဲမှာ ကားရီးရက်စ်ကို ပြစ်တင်ဖို့ ငြင်းဆန်ခဲ့သလို ဂျာမနီဂိုးသမားကြီး အိုလီဗာခန်းကလည်း ယခုပွဲစဉ်အမှားကြောင့် ကားရီးရက်စ်ရဲ့ ပရော်ဖက်ရှင်နယ်ကစားသမားဘဝ အဆုံးသတ်သွားမှာကို စိုးရိမ်မိကြောင်းဆိုခဲ့ပါသေးတယ်။

# ဇီဒန်း၏ လျစ်လျူရှုခံနေရသော ဂါရတ်ဘေးလ်ကို မန်ယူအသင်း ပေါင်သန်း ၂၀၀ အထိ တိုးမြှင့်ကမ်းလှမ်း

ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်တွင် ရီးယဲလ်၏ သူရဲကောင်းဖြစ်ခဲ့သည့် ဂါရတ်ဘေးလ်ကို နည်းပြ ဇီဒန်းက ပွဲသိမ်းခရာမှုတ်သိမ်းပြီး သုံးနာရီကျော်ကြာသည်အထိ စကားတစ်ခွန်းမျှ လာရောက်ပြောကြားခဲ့ခြင်းမရှိဟု သတင်းများထွက်ပေါ်လာပြီးနောက် မန်ယူအသင်းက ဘေးလ်အတွက် ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၂၀၀ အထိ တိုးမြှင့်လိုက်ကြောင်း သိရသည်။

မန်ယူက ပေါင်သန်း ၂၀၀ အပြင် တစ်ပတ်လုပ်ခကိုလည်း ပေါင် ခြောက်သိန်းခွဲအထိ ပေးချေမည်ဟု ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။ ဘေးလ်ကို ဇီဒန်း လာရောက်နှုတ်ဆက်ပြီးပြီလားဟု ပွဲအပြီး သုံးနာရီအကြာ သတင်းသမားများက မေးမြန်းချိန်တွင် ဘေးလ်က ခေါင်းကို ရမ်းပြီး "နိုး"ဟု တုံ့ပြန်ဖြေကြားသွားခဲ့သည်။

ဘေးလ်၏ ယခုလို အတည်ပြုချက်က သူတို့နှစ်ဦးအကြား ကြီးမားသည့် ပြဿနာအစိုင်အခဲရှိနေသည်ကို ပေါ်လွင်သွားစေခဲ့ပြီး ဇီဒန်းက ပွဲထွက်ကစားသမားစာရင်းတွင် အစ္စကိုသာ နေရာပေးပြီး ဘီဘီစီ တိုက်စစ်အတွဲမှ ဘေးလ်တစ်ဦးသာ ပွဲထွက်ခွင့် ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။

ဘေးလ်ကိုယ်တိုင်ကလည်း ကြံ့ခိုင်မှုပြည့်ဝနေသည့် သူ့ကို ပွဲထွက်စာရင်းမှ အကြောင်းအမျိုးမျိုးပြ ချန်လှပ်နေခြင်းအတွက် သူ့အနာဂတ်ကို စဉ်းစားရတော့မည်ဖြစ်ကြောင်း ချန်ပီယံလိဂ်ပွဲအပြီးတွင် ထည့်သွင်းပြောကြားခဲ့ရာ ဘေးလ်နှင့် ရီးယဲလ်အနာဂတ် ပိုမိုလှုပ်ခတ်လာခဲ့ခြင်းဖြစ်သည်။ ဘေးလ်က "ကျွန်တော့်အနေနဲ့ ရက်သတ္တပတ်တိုင်း ကစားဖို့လိုပါတယ်၊ နောက်ထပ် ဘယ်ကိုပြောင်းရွှေ့သင့်သလဲဆိုတဲ့ အနာဂတ်ကိစ္စရပ်ကို ဒီနွေမှာ အလေးအနက်ထား စဉ်းစားရမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ဘေးလ်၏ အေးဂျင့်ဖြစ်သူ ဂျိုနသန်ဘားနက်နှင့် ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်တို့ လာမည့် ရက်သတ္တနှစ်ပတ်အတွင်း တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။



မေလွဲ့သင်း-ရေးသားသည်

# နေမာကိုရရှိခဲ့မည်ဆိုပါက စီရိုနယ်လ်ဒိုအား ထွက်ခွာခွင့်ပြုမည်



ရီးယဲလ်မက်ဒရစ်အသင်းသည် တိုက်စစ်မှူး စီရိုနယ်လ်ဒိုအား ယခုနွေရာသီ အပြောင်းအရွှေ့ကာလအတွင်း အသင်းမှထွက်ခွာခွင့်ပြုမည်ဖြစ်သော်လည်း အပြန်အလှန်အားဖြင့် တိုက်စစ်မှူး နေမာ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာမှသာ စီရိုနယ်လ်ဒိုကိုလည်း ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲတွင် ဂါရတ်ဘေးလ်ကြောင့် ချန်ပီယံဆုဖလား ရရှိခဲ့ခြင်းကြောင့် စီရိုနယ်လ်ဒိုမှာ ယခင်ကကဲ့သို့ အောင်ပွဲခံခဲ့ခြင်းမရှိဟု ဆိုထားပြီး စီရိုနယ်လ်ဒို၏အပြုအမူအပေါ် အသင်းက နှစ်လိုဖွယ်မရှိခဲ့ပေ။ အဆိုပါပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းအတွက် အကောင်းဆုံးကစားပေးခဲ့ကြောင်းနှင့် အရင်ကလည်း အကောင်းဆုံးကစားပေးခဲ့ကြောင်း တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ပြောကြားခဲ့သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ပီရက်ဇ်ကဲ့သို့ ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဆုဖလား ငါးကြိမ်အထိ ရယူပေးထားနိုင်ခဲ့သူဖြစ်ပြီး လက်ရှိ ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းသည်လည်း ၂၀၂၁ ခုနှစ်အထိ ချုပ်ဆိုထားကြောင်း သိရသည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ဘရာဇီးကြယ်ပွင့် နေမာအား ခေါ်ယူရန်ဆန္ဒရှိနေဆဲဖြစ်ပြီး ပီအက်စ်ဂျီအသင်းကမူ တိုက်စစ်မှူး နေမာကို ဘောလုံးရာသီတစ်ရာသီမက ဆက်ထိန်းထားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စီရိုနယ်လ်ဒိုအနေဖြင့် ၎င်း၏လက်ရှိစာချုပ်ကို ထပ်တိုးချုပ်ဆိုလိုကြောင်း ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ပြောကြားခဲ့ပြီး ကမ္ဘာ့စျေးအကြီးဆုံးကစားသမားအဖြစ် ရပ်တည်လိုကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် ရီးယဲလ်မက်ဒရစ်အသင်းက နေမာကို ခေါ်ယူမည်ဆိုပါက ပီအက်စ်ဂျီအသင်းကလည်း အပြန်အလှန်အားဖြင့် စီရိုနယ်လ်ဒိုကို ခေါ်ယူမည်ဆိုသည့်သတင်းများလည်း ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ငွေကြယ်-ရေးသားသည်



# လီဗာပူးအသင်းက ကားရီးရက်စ်နေရာအစားထိုးရန် အဲလစ်ဆင်အား ခေါ်ယူမည်

လီဗာပူးအသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဂိုးပေါက်ကန်သွင်းမှုများကို မကာကွယ်နိုင်ခဲ့သည့် ဂိုးသမား ကားရီးရက်စ်နေရာတွင် အစားထိုးရန် ရိုးမားဂိုးသမား အဲလစ်ဆင်အား ခေါ်ယူလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရာတွင် နှစ်ဂိုးမှာ ဂိုးသမား ကားရီးရက်စ်၏ အမှားကြောင့်သာ ပေးခဲ့ရခြင်းဖြစ်ခြင်းကြောင့် ၎င်းနေရာတွင် အစားထိုးရန် ရိုးမားဂိုးသမား အဲလစ်ဆင်နှင့် အက်သလက်တီကို မက်ဒရစ်ဂိုးသမား ဂျန်အိုဘလက်တို့ကို ပစ်မှတ်ထားလျက်ရှိသည်။

လီဗာပူးအသင်းတွင် ဂိုးသမား မစ်ဂ်နိုလက်နေရာတွင် ကားရီးရက်စ်ကို ပထမဦးစားပေးဂိုးသမားအဖြစ် သတ်မှတ်ခဲ့သော်လည်း လက်ရှိတွင်မူ ကာရီးယပ်အနေဖြင့် ကျော်နံပါတ်တစ်ဂျာစီကို ဝတ်ဆင်ကစားခွင့်ရရှိရန်အတွက်မူ ထိပ်တန်းအဆင့်ရှိ အသင်းတစ်သင်းသို့ ပြောင်းရွှေ့ရမည့်အနေအထားတွင် ရောက်ရှိနေကြောင်း သိရသည်။

လီဗာပူးအသင်းသည် ဘရာဇီးကြယ်ပွင့် အဲလစ်ဆင်အား ခေါ်ယူရန်အတွက် လီဗာပူးအသင်းနှင့် ရိုးမားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်ကတည်းက စောင့်ကြည့်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လီဗာပူးအသင်းသည် ဆောက်သမ်တန်အသင်းဂိုးသမား မက်ကာသီအား ခေါ်ယူရန် စိတ်ဝင်စားခဲ့သော်လည်း လီဗာပူးအသင်းနှင့် ဆောက်သမ်တန်အသင်းတို့၏ ဆက်ဆံရေးအခြေအနေကြောင့် အဲလစ်ဆင်နှင့် ဂျန်အိုဘလက်တို့ကို ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

# ကျောင်းများဘေးအန္တရာယ်လျှော့ချရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

## ■ ရဲနီ(ကျောက်တန်း)

ယနေ့ကမ္ဘာ့နိုင်ငံများတွင် သဘာဝမှ ဖန်တီးဖြစ်ပေါ်လာစေသော ဘေးအန္တရာယ်များနှင့် လူတို့ကြောင့် ဖြစ်ပေါ်သော ဘေးအန္တရာယ်များစွာကို ခံစားကြုံတွေ့လျက်ရှိပေသည်။ ထိုသို့ ကြုံတွေ့နေရသည့် ဘေးအန္တရာယ်အမျိုးမျိုးတွင် ခံစားနေရသော လူသားများအား လူမှုကရုဏာအပြည့်ဖြင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (ဖက်ဒရေးရှင်း)နှင့် အမျိုးသားကြက်ခြေနီ၊ လခြမ်းနီအသင်းဝင်နိုင်ငံများက ကူညီစောင့်ရှောက်မှုလုပ်ငန်းများကို ကျရာအခန်းကဏ္ဍအသီးသီးမှ ဆောင်ရွက်လုပ်ကိုင်လျက်ရှိနေကြပါသည်။

၂၀၀၈ ခုနှစ် မေလ နာဂစ်မုန်တိုင်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ဂီရိမုန်တိုင်း၊ ၂၀၁၁ ခုနှစ် မတ်လ ငလျင်ဘေးနှင့် ၂၀၁၅ ခုနှစ် ရေဘေးအန္တရာယ်များတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး တုံ့ပြန်ဆောင်ရွက်ရန် မိတ်ဖက်များဖြစ်သော အိုင်စီအာရ်စီ၊ အမျိုးသားကြက်ခြေနီအသင်းများနှင့် လက်တွဲညှိနှိုင်းဆောင်ရွက်လုပ်ကိုင်ခဲ့ပေသည်။ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများအနေဖြင့် ကြက်ခြေနီစေတနာလုပ်အားရှင် ၉၇ သန်း ကျော်ဖြင့် စစ်ဒဏ်ကြောင့် ဒုက္ခရောက်သူများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်သူများကို ကူညီခြင်း၊ ရှေးဦးပြုစုခြင်းလုပ်ငန်းများ၊ ပျောက်ဆုံး ကွဲကွာသူများနှင့် ပြန်လည်ဆက်သွယ်ပေးခြင်းများကို ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြပေသည်။

မဟာဗျူဟာလုပ်ငန်းစဉ်များအနေဖြင့် ပြည်တွင်း ပြည်ပရှိ ဘေးအန္တရာယ် ကျရောက်လွယ်သည့်နေရာများအတွက် ကြက်ခြေနီအခြေခံမူ ခုနစ်ချက်နှင့်အညီ လူမှုကရုဏာလုပ်ငန်းများတွင် စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် အကူအညီပေးနိုင်သော အမျိုးသားကြက်ခြေနီအသင်းဖြစ်ရန် မျှော်မှန်းချက်ထားရှိ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပေသည်။ နိုင်ငံတော်၏ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်အထိ အသီးသီးသော ကြက်ခြေနီအသင်းခွဲများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် ပူးပေါင်းပြီး ရပ်ရွာများအားအခြေပြုသောလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်စေပြီး မည်သည့်ဘေးအန္တရာယ်မဆို ကြံ့ကြံ့ခံနိုင်စွမ်းရှိသော ရပ်ရွာလူထုများ ဖြစ်လာစေရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

ကျောင်းအခြေပြု ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများကို ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကာလအလွန်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနမှ စတင်ဆောင်ရွက်လုပ်ကိုင်ခဲ့ကြသည်။ စတင်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆက်စပ်ပြီး ဘေးအန္တရာယ်ကျရောက်ခံရသည့် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးများမှ မြို့နယ်များ ရွေးချယ်သတ်မှတ်ပြီး ထိုမှကျောင်းများရှိ ဆရာ ဆရာမများကို ကျောင်းဘေးအန္တရာယ်ဆိုင်ရာ

> “စီမံချက်ဆောင်ရွက်ခဲ့သည့် မြို့နယ်များမှ လူငယ်များကို စုစည်းပြီး ကျောင်းအခြေပြု ဘေးအန္တရာယ်လျှော့ချရေးအတွက် မိမိမြို့နယ်များအလိုက် ကြက်ခြေနီအသင်းခွဲများနှင့်ညှိနှိုင်းကာ တစ်နှစ်တာဆောင်ရွက်မည့်ကျောင်းများကို ရွေးချယ်ပြီး ဆောင်ရွက်လုပ်ကိုင်ရန် ကြိုးပမ်းနေကြပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာနကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိ. . .”

လုပ်ငန်းများကို စာတွေ့ပို့ချခဲ့ကာ ၎င်းတို့၏ ကျောင်းများတွင် ပြန်လည်ဆင့်ပွားဆောင်ရွက်လုပ်ကိုင်ခဲ့ကြပေသည်။ ထိုသို့ဆောင်ရွက်လုပ်ကိုင်ရာတွင် အောင်မြင်မှု အထိုက်အလျောက်သာ ရရှိခဲ့ပေသည်။ ဆရာ ဆရာမများအနေဖြင့် ကျောင်းတာဝန်များ များပြားမှု၊ အချိန်မပေးနိုင်မှု စသည့်အခက်အခဲများ ကြုံတွေ့ခဲ့ရပေသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနအနေဖြင့် နာဂစ်အလွန်ကာလတွင် ပြန်လည်တုံ့ပြန်ရေးလုပ်ငန်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူများ သိရှိနားလည်စေရန်အတွက် ရည်ရွယ်ချက်များချမှတ်လုပ်ကိုင်နေရာမှ နော်ဝေနိုင်ငံ၏ ကူညီထောက်ပံ့မှုဖြင့် ပြည်နယ်၊ တိုင်းဒေသကြီး သုံးခုတွင် ရပ်ရွာအခြေပြု မြို့ပြဘေးအန္တရာယ်လျော့ပါးရေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး (ဒဂုံတောင်မြို့နယ်)၊ ရှမ်း (ရှေ့) ပြည်နယ် (တာချီလိတ်မြို့နယ်)၊ နေပြည်တော်(တပ်ကုန်းမြို့နယ်)များရှိ အခြေခံပညာကျောင်း ငါးကျောင်းတွင် ကျောင်းအခြေပြု ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများကို စနစ်တကျ ရေးဆွဲညှိနှိုင်းကာ ဆောင်ရွက်ခဲ့ပေသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ယခင် ဆရာ ဆရာမများ ဗဟိုပြုရာမှ ကျောင်းသားဗဟိုပြုစနစ်ကို ပြောင်းလဲဆောင်ရွက်ခဲ့ပေသည်။ ကျောင်းများ ရွေးချယ်ရာတွင်လည်း မြို့နယ်အာဏာပိုင်များ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ကြက်ခြေနီအသင်းခွဲ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းတို့မှ အမှန်တကယ် ဘေးအန္တရာယ်ကျရောက်ခံရသည့် ကျောင်းများ၊ ကျရောက်လွယ်နိုင်သည့် ကျောင်းများကို ညှိနှိုင်းရွေးချယ်ကြရပေသည်။ စီမံချက်ဝင်နယ်မြေများဖြစ်သည့်အတွက် ခန့်ထားသည့် ကွင်းဆင်းဝန်ထမ်းများ၊ ဒေသခံကြက်ခြေနီစေတနာလုပ်အားရှင်များကို အဓိကထား ပူးပေါင်းဆောင်ရွက်စေခဲ့ပေသည်။ ကျောင်းအခြေပြုဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းများကို အဆင့်လိုက် ဆောင်ရွက်လုပ်ကိုင်ပေးကြရပေသည်-

(၁) ဒေသရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းမှ ဦးဆောင်၍ ဆရာ ဆရာမ ငါးဦးနှင့် ကျောင်းသား ကျောင်းသူ (အလယ်တန်းအဆင့်) ၃၀ စုစုပေါင်း ၃၅ ဦးအား အခြေခံရှေးဦးပြုစုခြင်း ဘာသာရပ်များကို သုံးရက်သင်ကြားပေးခြင်း။
(၂) မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနမှ စေလွှတ်သည့် နည်းပြများမှ ဆရာ ဆရာမ ငါးဦး၊ ကျောင်းသား ကျောင်းသူ ၃၀ စုစုပေါင်း ၃၅ ဦးအား ကျောင်းအခြေပြုဘေးအန္တရာယ် လျှော့ချရေး သင်တန်း ငါးရက်သင်ကြားပေးခြင်း။
(၃) အပေါ့စားရှာဖွေကယ်ဆယ်ရေးသင်တန်းတွင် ကျောင်းအခြေပြု ဘေးအန္တရာယ်သင်တန်းဆင်းများ ပြန်လည်တက်ရောက်ရပြီး မြို့နယ်မီးသတ်စခန်းများမှ စာတွေ့၊ လက်တွေ့ နှစ်ရက် လာရောက်ပို့ချပေးခြင်း၊
(၄) မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်ကင်းရှင်းရေးဌာနမှ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးသင်တန်းကို နှစ်ရက်ပို့ချပေးခြင်း။
(၅) သင်တန်းများမှ ပို့ချမှုများကို တက်ရောက်လာသည့် သင်တန်းသားများမှတစ်ဆင့် တစ်ကျောင်းလုံးကို ပြန်လည်သင်ကြားဆွေးနွေးစေခြင်း။
(၆) ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခန်းများကို တစ်ကျောင်းလုံးရှိ ဆရာ ဆရာမများပါမကျန် ဆောင်ရွက်လုပ်ကိုင်စေခြင်း။
(၇) သက်ဆိုင်ရာကျောင်းများတွင် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း စသည်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့ပြီး ကျောင်းသားလူငယ်များမှတစ်ဆင့် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းဆောင်ရွက်လျှင် ပိုမိုအောင်မြင်နိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ရပေသည်။

ထိုသို့ ဆောင်ရွက်လုပ်ကိုင်ပြီး ၂၀၁၅ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ ကျောင်းအခြေပြု ဘေးအန္တရာယ်လျှော့ချရေး လုပ်ငန်းဆောင်ရွက်ရန် အကြိုစမ်းသပ်မှုအနေဖြင့် ဆောင်ရွက်ရန် ထိုင်းနိုင်ငံတွင် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့ပေသည်။ ထိုအလုပ်ရုံဆွေးနွေးပွဲမှ လုပ်ငန်းဆောင်ရွက်ရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းအား ဆက်လက်တာဝန်ပေးသဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနမှ ရန်ကုန်တိုင်းဒေသကြီးရှိ သာကေတမြို့နယ်တွင် ကျောင်းသုံးကျောင်း၊ လှိုင်သာယာမြို့နယ်တွင် ကျောင်းသုံးကျောင်းနှင့် ကျောက်တန်းမြို့နယ်တွင် ကျောင်းနှစ်ကျောင်း စုစုပေါင်း ကျောင်းရှစ်ကျောင်းတွင် စမ်းသပ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပေသည်။

စမ်းသပ်ဆောင်ရွက်သည့် အခြေခံပညာကျောင်းများတွင် ယခင်ဆောင်ရွက်ခဲ့သည့် ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေး အကောင်အထည်ဖော် ဆောင်ရွက်မှုများထဲမှ အားသာချက်၊ အားနည်းချက်များကို လေ့လာသုံးသပ်ပြီး မြို့နယ်အသီးသီးတွင် ပညာရေးဌာန၊ မြို့နယ်ကြက်ခြေနီအသင်းခွဲများ၊ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ရင်းများနှင့် ထိထိမိမိချိတ်ဆက်ပြီး လုပ်ငန်းကာလ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ခဲ့ပေသည်။

စီမံချက်ကျောင်းများသို့ လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်အတူ ထူးခြားစွာဖြင့် ကျောင်းများတွင် ဘေးအန္တရာယ်လျော့ပါးရေး အထောက်အကူဖြစ်စေနိုင်မည့် အသေးစားတည်ဆောက်ရေးလုပ်ငန်းများကိုပါ ထည့်သွင်းဆောင်ရွက်လုပ်ကိုင်ခဲ့ရာ စီမံချက်ကျောင်းများတွင် တန်းစီစုဝေးကွင်းများ၊ သန့်စင်ခန်းများ၊ ရေစင်များ၊ သောက်သုံးရေသိုလှောင်ကန်များ၊ ကန်ခြံစည်းရိုးခတ်ခြင်း၊ လက်ဆေးကန်ငယ်များ စသည်တို့ကို တည်ဆောက်ပေးခဲ့ပြီး အရိပ်ရအပင်များ စိုက်ပျိုးပေးခြင်း၊ အရေးပေါ်တုံ့ပြန်ရေးသေတ္တာများ ဖြန့်ဝေပေးခြင်း၊ ကြိုတင်သတိပေးရေးအတွက် ပစ္စည်းများ ထောက်ပံ့ပေးခြင်း စသည်တို့ကို တိုးချဲ့လုပ်ကိုင်ပေးခဲ့ရာ ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးစီမံချက်ကျောင်းများအနေဖြင့် လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်လုပ်ကိုင်ခဲ့သည်။

ထို့ပြင် စီမံချက်မြို့နယ်များမှ ကြက်ခြေနီစေတနာလုပ်အားရှင်များအား ၂၀၁၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့စေလွှတ်ပြီး အဆိုပါနိုင်ငံရှိ အခြေခံပညာကျောင်းများ၏ ဘေးအန္တရာယ်လျှော့ချ ဆောင်ရွက်နေမှုများကို သွားရောက်လေ့လာစေခဲ့ပါသည်။ စီမံချက်ကျောင်းများတွင်သာမက သက်ဆိုင်ရာ မြို့နယ်ကြက်ခြေနီအသင်းခွဲများကိုလည်း အသင်းရုံး အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ အခြားလိုအပ်သည်များကို ကူညီပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ဒေသခံကြက်ခြေနီ စေတနာလုပ်အားရှင်များနှင့် သက်ဆိုင်ရာကျောင်းမှ ကျောင်းအုပ်ကြီးများအား စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများကိုလည်း ပို့ချပေးခဲ့သည်။

အဆိုပါလုပ်ငန်းများအပြင် ခေတ်နှင့်လျော်ညီစွာဖြစ်စေရန် အသိပညာပေးမှုအစီအစဉ်အနေဖြင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သင်တန်းများ၊ အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ သင်တန်းများ စသည်တို့ကိုလည်း သင်ကြားပို့ချပေးခဲ့သည်။ ကျောင်းသား ကျောင်းသူများအား သဘာဝဘေးအန္တရာယ်များကို ကလေးဘဝမှ သိရှိနားလည်စေပြီး ဖြစ်ပေါ်လာသည့် ဘေးဒုက္ခများအပေါ်မူတည်၍ ပြန်လည်ဖြေရှင်းရှောင်ရှားစေတတ်သော အသိပညာများကို ပေးနိုင်ခြင်းပင် ဖြစ်ပေသည်။

ဘေးအန္တရာယ်ကျရောက်လွယ်သည့် ကျောင်းသား ကျောင်းသူ လူငယ်ကလေးများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်ခဲ့သည့် ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းသည် လူငယ်ထုအတွင်း မဖြစ်မနေ ဆောင်ရွက်သင့်သော လုပ်ငန်းအဖြစ် ခံယူမိပေသည်။

ယခုအခါတွင် ဥပဒေပြင်ဆင်ပြောင်းလဲမှုအရ နိုင်ငံအတွင်းရှိ အခြားပရဟိတအဖွဲ့များကိုပါ မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် ပူးပေါင်းပါဝင်လာစေပြီး အသင်းအဆင့်တိုင်းတွင် ရပ်မိရပ်ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များကို ပါဝင်လာစေခြင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ မျိုးဆက်သစ်လူငယ်များအား အသင်းအဆင့်တိုင်းတွင် ထည့်သွင်းပါဝင်စေခြင်း၊ လူငယ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်စေခြင်း စသည်များကို လုပ်ကိုင်လျက်ရှိသည်။

စီမံချက်ဆောင်ရွက်ခဲ့သည့် မြို့နယ်များမှ လူငယ်များကို စုစည်းပြီး ကျောင်းအခြေပြု ဘေးအန္တရာယ်လျှော့ချရေးအတွက် မိမိမြို့နယ်များအလိုက် ကြက်ခြေနီအသင်းခွဲများနှင့်ညှိနှိုင်းကာ တစ်နှစ်တာဆောင်ရွက်မည့် ကျောင်းများကို ရွေးချယ်ပြီး ဆောင်ရွက်လုပ်ကိုင်ရန် ကြိုးပမ်းနေကြပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာနကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိပေသည်။ တိုးချဲ့လုပ်ကိုင်မည့် အစီအစဉ်တွင် တက္ကသိုလ်၊ ကောလိပ်ကြက်ခြေနီအသင်းခွဲများနှင့်ဆက်သွယ်ကာ တက္ကသိုလ်အဆင့် ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးလျော့ပါးရေးကိုပါ ဆောင်ရွက်ရန်စီမံနေပြီ ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏ အမြဲတမ်းလူမှုကရုဏာအသင်းကြီးဖြစ်သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဆောင်ရွက်မှုများအနက်မှ တစ်စိတ်တစ်ဒေသဖြစ်သော အခြေခံပညာကျောင်းများတွင် ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ စေတနာလုပ်အားရှင်များနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းကြပါစို့။ ။

# မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်(နေပြည်တော်) ဆုပေးပွဲကျင်းပ

**နေပြည်တော် မေ ၂၈**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ကြီးမှူးကျင်းပသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်ကို ပြိုင်ပွဲနောက်ဆုံးနေ့အဖြစ် မေ ၂၆ ရက် နံနက် ၆ နာရီတွင် နေပြည်တော် ရေပြာတပ်မတော် ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်နှင့် Junior Golf Myanmar (JGM)ဥက္ကဋ္ဌ ဦးမြင့်အောင် က မျိုးဆက်သစ်လူငယ် ၁၄နှစ်အောက်ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပစ္စည်းဝယ်ယူမှု ညွှန်ကြားရေးမှူးရုံးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ခင်မောင်သန်းက မျိုးဆက်သစ်လူငယ် ၁၈ နှစ်အောက် ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက အမျိုးသမီးဝါသနာရှင်အဆင့် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၃၉ ချက်ဖြင့် ဒုတိယရရှိခဲ့သော ဧကရီဝင်းထွန်း၊ ၂၃၁ ချက်ဖြင့် ပထမရရှိခဲ့သော အိန်ဂျယ်လာအောင်တို့အား ဆုများ အသီးသီးချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အမျိုးသားဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၇ ချက်ဖြင့် ဒုတိယရရှိခဲ့သော သီဟအောင်၊ ၂၉၆ ချက်ဖြင့် ပထမရရှိခဲ့သော သီဟဋ္ဌေးတို့အား ဆုများ အသီးသီးချီးမြှင့်သည်။

ဆက်လက်၍ သက်ကြီးတန်းပညာရှင်အဆင့်တွင် စုစုပေါင်းရိုက်ချက် ၂၂၆ ချက်ဖြင့် ပထမဆုရရှိသော ဦးမြင့်ဆွေအား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်က ဆုကြေးငွေ ချက်လက်မှတ်နှင့်ဆုများ ချီးမြှင့် ပေးအပ်ခဲ့ကြပြီး ပြိုင်ပွဲဝင်အားကစားသမားများ ကိုယ်စား မျိုးဆက်သစ်လူငယ်အဆင့် အားကစားသမား မင်းသံလွင်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ပြိုင်ပွဲတွင် သက်ကြီးတန်းပညာရှင်အဆင့် ကိုးဦး၊ အမျိုးသားဝါသနာရှင်အဆင့် ၁၂၅ ဦး၊ အမျိုးသမီးဝါသနာရှင်အဆင့် ၁၂ ဦး၊ မျိုးဆက်သစ်လူငယ်အဆင့် ၁၈ ဦး စုစုပေါင်း ၁၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းနှင့် MWD Bank မှ အဓိကကူညီပံ့ပိုးသည့် ဒုတိယပွဲစဉ်အဖြစ် ဇွန် ၁၄ ရက်မှ ၁၇ ရက်အထိ ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

# စစ်ကိုင်းတိုင်းဒေသကြီး လူထုအခြေပြုခရီးသွားလုပ်ငန်း နှစ်ရှာအနက် နွယ်ငြိမ်းကျေးရွာတွင်သာ ဖော်ဆောင်မှုပီပြင်



**မုံရွာ မေ ၂၈**
ကျေးရွာလူထုပိုင် အသေးစားခရီးသွားလုပ်ငန်း၊ အသေးစားဟိုတယ်၊ မိုတယ် လုပ်ငန်းဟုခေါ် ဆိုနိုင်သော Community Base Tourism(CBT)လုပ်ငန်း ကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ပြီးခဲ့သည့်နှစ်က နွယ်ငြိမ်းကျေးရွာနှင့် ဇလုံ တောင်ဒေသတို့တွင် စတင်ဖော်ဆောင်ခဲ့သော်လည်း နိုင်ငံခြားဧည့်သည် ဝင်၊ ထွက်ခွင့်ရသည့် နွယ်ငြိမ်းကျေးရွာတွင်သာ (CBT)လုပ်ငန်း ပီပြင်သေးကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး မုံရွာရုံးခွဲ ဦးစီးအရာရှိ ဦးအောင်ဖြိုးလွင်က ရှင်းပြသည်။

"ပြီးခဲ့တဲ့နှစ်ကစပြီး CBT အကောင်အထည်ဖော်ပေးတာ စစ်ကိုင်းတိုင်းဒေသကြီး အတွင်း နွယ်ငြိမ်းဒေသနဲ့ ဇလုံတောင်ဒေသကို ဖော်ဆောင်ပေးထားပေမယ့် လက်ရှိမှာ နိုင်ငံခြားသား ဧည့်သည် ဝင်၊ ထွက်လေ့လာခွင့်ရတဲ့ နွယ်ငြိမ်း ဒေသသာ CBTလုပ်ငန်း ပီပြင်တယ်လို့ပြောရင်ရပါတယ်၊ ဗန်းမောက်မြို့နယ် ဇလုံတောင်ဒေသက ကန့်သတ်နယ်မြေဖြစ်နေတော့ နိုင်ငံခြားသားဧည့်သည် လာလို့မရသေးဘူး၊ ပြည်တွင်းခရီးသွားတွေပဲ လက်ရှိမှာ ဝင်၊ ထွက်သွားလာ လို့ရတဲ့နေရာပါ။ နိုင်ငံခြားသားလာလို့မရတဲ့ကိစ္စကို ဖြေလျှော့ဖို့အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရကနေတစ်ဆင့် တင်ပြထားပါတယ်၊ ကန့်သတ် နယ်မြေသတ်မှတ်တာကနေ ဖြုတ်ချပေးလိုက်ရင်တော့ နိုင်ငံခြားသားတွေ အတွက်လည်း လေ့လာခွင့်ရသလို ခရီးသွားဝင်ငွေလည်း အခုထက်ပိုရလာမှာ ဖြစ်ပါတယ်၊ ဒေသတစ်ခုဖွံ့ဖြိုးဖို့ဆိုတာ နိုင်ငံခြားဧည့်သည်တွေဝင်ရောက် လေ့လာခွင့်ရမှသာ အဆင်ပြေတာပါ"ဟု ဦးအောင်ဖြိုးလွင်ကရှင်းပြသည်။

ဧရာဝတီမြစ်အတိုင်း မန္တလေးမြို့မှ ဗန်းမော်မြို့အထိ သွားရောက်ကြသည့် ပြည်ပဧည့်သည်များသည် နွယ်ငြိမ်းဒေသနှင့်အတူ ပျူဒေသဟန်လင်းနှင့် ငါးမည်ရရွှေဘိုဒေသသို့ပါ ဝင်ရောက်လေ့လာနိုင်ရန် ခရီးစဉ်လမ်းကြောင်းကို ရေးဆွဲထားရာ နွယ်ငြိမ်းရွာကို CBTအဖြစ်ဖော်ဆောင်ထားခြင်းသည် ပြည်ပ ခရီးသွားများနှင့် ဒေသအတွက် များစွာလက်တွေ့အကျိုးရှိနေကြောင်း သိရသည်။

"နွယ်ငြိမ်းဒေသကို နိုင်ငံခြားသားဧည့်သည်အဝင်၊ အထွက်ရှိတယ်၊ မန္တလေး ကနေ ဧရာဝတီမြစ်တစ်လျှောက်လာရင်း နွယ်ငြိမ်းမှာ ဝင်နားရင်း အိုးလုပ်ငန်း၊ စဥ့်ထည်လုပ်ငန်းတွေကိုဝင်ရောက်လေ့လာကြပါတယ်၊ လေ့လာရင်းရွာထဲက ဝါးစိုက်တာ၊ ဝါးနဲ့လုပ်တဲ့လုပ်ငန်းတွေကိုပါ လေ့လာကြတာပါ။ နွယ်ငြိမ်းက တစ်ဆင့် ဟန်လင်းဘက်၊ ရွှေဘိုဘက်တွေကိုပါသွားပြီး လေ့လာနိုင်အောင် ခရီးသွားလမ်းကြောင်းလေးတွေဆွဲပြီး သွားကြပါတယ်"ဟု ဦးအောင်ဖြိုးလွင်က ဆိုသည်။

နွယ်ငြိမ်းရွာသို့လာသည့် ပြည်ပဧည့်သည်များသည် ပြီးခဲ့သည့်ဧပြီလက ၄၂ ဦးသာရှိရာ အလွန်နည်းခဲ့သည်၊ နွယ်ငြိမ်းကျေးရွာသို့ ၂၀၁၇-၂၀၁၈ခုနှစ် တစ်နှစ်လုံး (အောက်တိုဘာလမှမတ်လအထိ) ပြည်ပဧည့်သည်ဝင်ရောက်မှု သည် ၇၇၃ ဦးဝင်ပြီး ဗြိတိန်နိုင်ငံသား အများဆုံးဖြစ်ကာ စပိန်နှင့်ပြင်သစ် နိုင်ငံသားလည်း အဝင်များကြောင်းသိရသည်။ နွယ်ငြိမ်းရွာတွင် ယခင်က တစ်ရွာလုံး စဥ့်လုပ်ငန်းလုပ်ကိုင်ကြသော်လည်း လက်ရှိတွင် ၁၂ ဦးသာ လုပ်ကိုင်ကြတော့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## နွေရာသီသုံးလပန်းချီသင်တန်းဆင်းကလေးများ၏ မီးအိမ်ရှင်ပန်းချီပြပွဲ ကျင်းပ

**မန္တလေး မေ ၂၈**
နွေရာသီ ပန်းချီ သုံးလသင်တန်းဆင်း ကလေးများ၏ လက်ရာမွန်ကလေးပန်းချီများနှင့် အောင်မြေသာစံမြို့နယ် ၂၂ လမ်းရွှေပန်းမြိုင် ပရဟိတကျောင်းမှ နွေရာသီပန်းချီ သင်တန်းဆင်းကလေးပန်းချီ လက်ရာများ ပြသပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ မန္တလေး မြို့ အောင်မြေသာစံမြို့နယ် ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်ရှိ လူထုဧရိယာ၌ ကျင်းပရာ မန္တလေးမြို့တော်ဝန် ဒေါက်တာ ရဲလွင်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဝင်များ၊ ပန်းချီချစ်မြတ်နိုးသူများ လာရောက်ကြည့်ရှု အားပေးကြသည်။

မီးအိမ်ရှင်ကလေးပန်းချီပြပွဲတွင် နွေရာသီကလေးပန်းချီ သင်တန်းမှ ကလေးငယ် ၇၅ ဦးနှင့် ရွှေပန်းမြိုင် ပရဟိတ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၈ ဦးရေးဆွဲ ထားသော ရေဆေးပန်းချီ လက်ရာ ၁၆၅ ကားပြသသည်။

အဆိုပါနွေရာသီပန်းချီသင်တန်းကို မတ် ၁ ရက်မှ မေ ၂၅ ရက်အထိ အခမဲ့သင်ကြားပေးခဲ့ပြီး အသက် ငါးနှစ်နှင့်အထက် မူလတန်း၊ အလယ်တန်းကလေးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## တာချီလိတ်နယ်စပ်ဝင်ပေါက်မှ တစ်ဆင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လည်ပတ်

**နေပြည်တော် မေ ၂၈**
နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသွား ဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှ များ၊ ခရီးသွားဆွဲဆောင်သည့် နေရာ များ၊ တိုင်းရင်းသားတို့၏ မတူကွဲပြား သည့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် များ၊ လူနေမှုဘဝပုံစံများကို ကြည့် ရှုလေ့လာ သိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ် ဝင်၊ ထွက်သွားလာ လည်ပတ်လျက်ရှိ သည်။

မေ ၁၈ ရက်မှ မေ ၂၄ ရက်အထိ တာချီလိတ် နယ်စပ်ဝင်၊ ထွက်ပေါက် မှတစ်ဆင့် ညအိပ်၊ နေ့ချင်းပြန် ခရီးစဉ် လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသား ခရီးသွား ဧည့်သည် ၁၅၂၇၉ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံ ခရီးစဉ်အနေဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၀၅ ဦး၊ ဗီဇာဖြင့်လာရောက် လည် ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွား ဧည့်သည် ၁၁၃ ဦးရှိကြောင်း သိရ သည်။

နေ့ချင်းပြန်ခရီးစဉ် လာရောက် လည်ပတ်ကြသော ခရီးသွားဧည့်သည် အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သော တာ လော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာ မြတ်မုနိဘုရားကြီး၊ ဝမ်ကောင်းဈေး၊ ကိုးမြို့ရှင်နတ်နန်း၊ ရွှေတိဂုံစေတီ တော်၊ မြို့လယ်ဓမ္မာရုံ၊ ပဒေါင် ကျေးရွာ၊ နဂါးနှစ်ကောင် ဆရာတော် ကျောင်း၊ ကွမ်ရင်မယ်တော် တရုတ် ဘုံကျောင်း၊ ကျောက်တန်းဈေးများသို့ သွားရောက်လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ် လာရောက်လည် ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွား ဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရား ခြေတော်ရာစေတီ၊ ဈေးတန်းကြီး ဘုန်းကြီးကျောင်း၊ သမိုင်းဝင်ဆုတောင်းပြည့် ဆံတော် ရှင်စွန်တောင်းစေတီ၊ ကျိုင်းတုံမြို့ အဝင် ဗုဒ္ဓဉယျာဉ်နှင့် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခုံကျောင်း၊ မြဘုရား ကျောင်း၊ ကျိုင်းရင်းဘုန်းကြီးကျောင်း၊ ဝပ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျှန်ကျောင်း၊ ရပ်တော်မူ သစ်တစ် ပင်တောင်၊ ကမ္ဘာအေးစေတီ၊ စံပြ ယန်းလောကျေးရွာ၊ ကတ်တောင် ကျေးရွာအနီးရှိ ကိုးထပ်ရေတံခွန် စသည့် အထင်ကရ နေရာများသို့ သွားရောက်လည်ပတ်ကြသည်။

တာချီလိတ် နယ်စပ်ဝင်ပေါက်မှ တစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြား ခရီးသွားဧည့်သည် အရေအတွက်မှာ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ မေ ၂၄ ရက်အထိ ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသားအများစု ပါဝင် သော နေ့ချင်းပြန်ခရီးသည် စုစုပေါင်း ၁၁၉၇၁၆ ဦးဖြစ်ပြီး မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ခရီးသည် စုစုပေါင်း ၁၅၁၄ ဦးနှင့် ဗီဇာဖြင့် တာချီလိတ်မှတစ်ဆင့် လေယာဉ် ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက် လည်ပတ်သည့် ခရီးသည်စုစုပေါင်း ၁၁၅၃ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့ ကြောင်း သိရသည်။

**ကြေးမုံ**

## ညောင်ဦးမြို့နယ် နပွလင်ကျေးရွာ အလကမှ ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများလှူဒါန်း

**ညောင်ဦး မေ ၂၈**
ဒဂုံတက္ကသိုလ် ပထဝီဝင်ဌာနမှ ဌာနမှူး ဒေါက်တာကြည်လင် နှင့် ပါမောက္ခ ဒေါက်တာမေမြတ်သူတို့ ဦးဆောင်သော ဒေသန္တရ ကွင်းဆင်းလေ့လာရေး ကျောင်းသားကျောင်းသူ များအဖွဲ့သည် မေ ၂၇ ရက် ညနေ ၄နာရီက ညောင်ဦးမြို့နယ် နပွလင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့ လာ ရောက်ပြီး ကျောင်းသားကျောင်းသူများအား ကျောင်းသုံးဗလာ စာအုပ်နှင့် စာရေးကိရိယာပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့ ကြသည်။

ညောင်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ညောင်ဦး မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် (ပညာရေးမြှင့်တင်မှုကော်မတီအတွင်းရေးမှူး)က ညောင်ဦး မြို့နယ် နပွလင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများ လှူဒါန်းပေးမှုအပေါ် ကျေးဇူးတင် စကားပြောကြားခဲ့သည်။

ဆက်လက်၍ ဒဂုံတက္ကသိုလ် ပထဝီဝင်ဌာနမှ ဌာနမှူး ဒေါက်တာကြည်လင်က ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာပစ္စည်းများ လှူဒါန်းပေးရခြင်း၏ ရည်ရွယ် ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ပါမောက္ခ ဒေါက်တာမေမြတ်သူက ကျောင်းသားကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများ လှူဒါန်းခွင့်ရရှိမှုအပေါ် ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် နပွလင်ကျေးရွာအခြေခံပညာအလယ်တန်း ကျောင်း၌ ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူ များအား တန်ဖိုးငွေကျပ် ရှစ်သိန်းခန့်ရှိ ကျောင်းသုံးဗလာ စာအုပ်များနှင့် စာရေးကိရိယာပစ္စည်းများကို တစ်ဦးချင်းစီ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ကရင်ပြည်နယ်ဥပဒေချုပ်ရုံးတိုးချဲ့အဆောက်အအုံသစ်ဖွင့်

**ဘားအံ မေ ၂၈**
ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်နယ်ဥပဒေချုပ်ရုံးတိုးချဲ့အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၆ ရက် နံနက် ၇ နာရီက အမှတ် (၄) ရပ်ကွက် ခရေလမ်းရှိ အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပသည်။

ထို့နောက် ပြည်နယ်ဥပဒေချုပ်ဦးစောချစ်မြင့်လေးက တိုးချဲ့အဆောက်အအုံ ဆောက်လုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး Royal Kayin Family Co.,Ltd အုပ်ချုပ်မှုဒါရိုက်တာ ဦးစောခေါင်ပန်ထော့က ဆောက်လုပ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပြည်နယ်ဥပဒေအရာရှိ ဦးရဲလွင်ထံ အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ ပေးအပ်ခဲ့သည်။

အဆိုပါ ပြည်နယ်ဥပဒေချုပ်ရုံး တိုးချဲ့အဆောက်အအုံသစ်သည် Steel Structure အမျိုးအစားဖြစ်ပြီး (၅၀×၃၄×၂၄) ပေရှိ ပင်မအဆောက်အအုံနှင့် (၂၀×၁၀×၂၄) ပေရှိ တိုးချဲ့အဆောက်အအုံတို့ကို Royal Kayin Family Co.,Ltd က ကျပ် ၈၇ ဒသမ ၄၀၀ သန်းဖြင့် တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကျေးရွာပြည်သူများအဆင်ပြေချောမွေ့စေရေး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကွင်းဆင်းဆောင်ရွက်

**မယ်စဲ့ မေ ၂၈**
ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် ဝေးလံခေါင်ဖျားကျေးရွာ ပြည်သူများနှင့် ဌာနဆိုင်ရာများအကြား ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) တွင် ပါဝင်သော ဌာနဆိုင်ရာများ ပူးပေါင်း၍ အစွန်အဖျားကျေးရွာတစ်ရွာဖြစ်သော ဟိုဂျစ်ကျေးရွာသို့ မေ ၂၈ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအသီးသီးမှ မိမိတို့ဌာနများအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးရွာတွင် ဆောင်ရွက်ရန်မဖြစ်သည့် လုပ်ငန်းများကို မြို့နယ်ရုံးသို့ ဆက်သွယ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောဝတ်ရည်က ကျေးရွာစာကြည့်တိုက်ဖြစ်ပေါ်လာရေး၊ နယ်စပ်ဒေသဖြစ်သည့်အတွက် လူကုန်ကူးမှုအန္တရာယ်သတိပြုကြရန်နှင့် စာအုပ်စာပေများကို လေ့လာဖတ်ရှုကြရန် အသိပညာပေးဟောပြောပြီး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲပြသခြင်း၊ စာဖတ်ဝိုင်းဆောင်ရွက်ခြင်းတို့ ပြုလုပ်ကာ ဌာနဆိုင်ရာအသီးသီးမှ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



## ဖိုက်ဘာစက်လှေများနှင့် အသက်ကယ်အင်္ကျီများ ပေးအပ်

**ပဲခူး မေ ၂၈**
အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညောင်လေးပင်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ ဖိုက်ဘာစက်လှေများနှင့် အသက်ကယ်အင်္ကျီများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ မေ ၂၈ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်က ဖိုက်ဘာစက်လှေများနှင့် အသက်ကယ်အင်္ကျီများ လွှဲပြောင်းပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဝန်ကြီးချုပ် ဦးဝင်းသိန်းက ဖိုက်ဘာစက်လှေများနှင့် အသက်ကယ်အင်္ကျီများကို ညောင်လေးပင်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ပြီး ညောင်လေးပင်မြို့နယ်ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ဘေးအန္တရာယ်တုံ့ပြန်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဖိုက်ဘာစက်လှေအစင်း ၅၀နှင့် အသက်ကယ်အင်္ကျီ ၄၅၁၀ ထည်တို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် Semas Myanmar ကုမ္ပဏီနှင့် Sun Shine ကုမ္ပဏီတို့ထံမှ စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေပေးပို့လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အတွင်းရှိ မဒေါက်ဒေသသည် နှစ်စဉ်ရေကြီးရေလျှံမှုများ ကြုံတွေ့နေရသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဖိုက်ဘာစက်လှေ နှစ်စင်း၊ အသက်ကယ်အင်္ကျီအထည် ၂၀ အားပေးအပ်ခြင်းဖြစ်ပြီး ပြည်မြို့နယ်အတွက် ဖိုက်ဘာစက်လှေ သုံးစင်း၊ အသက်ကယ်အင်္ကျီအထည် ၃၀၊ ရွှေတောင်မြို့နယ်အတွက် ဖိုက်ဘာစက်လှေ တစ်စင်း၊ အင်္ကျီ ၁၀ ထည်၊ မိုးညိုမြို့နယ်အတွက် ဖိုက်ဘာစက်လှေ နှစ်စင်း၊ အင်္ကျီအထည် ၂၀ တို့အား လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ကျွန်းစုမြို့နယ်၌ ပျားရည်များ ဈေးကောင်းရသဖြင့် တစ်နိုင်တစ်ပိုင် ပျားမွေးမြူသူများပြား

**ကျွန်းစု မေ ၂၈**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာအုပ်စု ထိန်ချောင်းကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာများ၌ ယခုအခါ ပျားရည်များ ဈေးကောင်းရရှိသဖြင့် အပိုဝင်ငွေများရရှိလာသောကြောင့် တစ်နိုင်တစ်ပိုင် ပျားမွေးမြူသူ များပြားပြီး အဆင်ပြေလျက်ရှိကြောင်း ဒေသခံ ပျားမွေးမြူရေးလုပ်ကိုင်နေသူများထံမှ သိရသည်။

"ပျားမွေးမြူတာက ကိုယ်ပိုင်ဥယျာဉ်ခြံအတွင်းမှာရှိတဲ့ နှစ်ရှည်သစ်ပင်တွေပေါ်မှာ သစ်သားပုံးတွေ ချိတ်ဆွဲပြီးမွေးမြူတာပါ၊ ပျားမွေးမြူရေးလုပ်ငန်းကို နှစ်စဉ် မိုးအကုန် ဆောင်းအကူးကာလကနေစပြီး မွေးမြူရတာဖြစ်တယ်၊ တပေါင်းလဆန်းလောက်မှာ ပျားရည်ကိုစတင်ထုတ်ယူကြပါတယ်၊ နှစ်စဉ်နှစ်တိုင်း ရိုးရာဓလေ့တစ်ခုဖြစ်တဲ့ ပျားရည်ဆွမ်းလောင်းလှူပွဲအမီထုတ်ယူပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်တဲ့သူတွေကို တစ်ဆင့်ပြန်လည်ရောင်းရသလို ကိုယ်တိုင်လည်း လောင်းလှူဖို့အတွက် ရည်ရွယ်ကာ တစ်နိုင်တစ်ပိုင် မွေးမြူလာကြတာဖြစ်ပါတယ်" ဟု ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာအုပ်စု ထိန်ချောင်းကျေးရွာနေ ပျားမွေးမြူထားသူ ဒေါ်တင်တင်ရီက ပြောသည်။

ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် တစ်နိုင်တစ်ပိုင် ပျားမွေးမြူသူများပြားလာရာ ယခုအခါ ပျားမွေးမြူသူ ၁၀၀ ကျော်ခန့်ရှိကြောင်း ဒေသခံပျားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်နေသူများထံမှ သိရသည်။

"အရင်တုန်းကကျေးရွာတွေမှာ ပျားရည်ရရှိဖို့အတွက် သဘာဝပျားရည်တွေကို တောတောင်တွေထဲမှာ သွားရှာရပါတယ်၊ အခုဆိုရင်တော့ တောင်တွေထဲမှာ ရှာရတာသိပ်မလွယ်တော့ဘူး၊ ရှာတဲ့သူလည်း များလာတယ်၊ ဒါကြောင့် အလွယ်တကူရနိုင်ဖို့ ရွာခံတွေက ဥယျာဉ်ခြံတွေမှာ ကိုယ်တိုင်မွေးမြူလာကြတယ်" ဟု ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာအုပ်စု ထိန်ချောင်းကျေးရွာမှ ဦးထွန်းကျော်က ပြောသည်။

ယင်းပျားမွေးမြူရေးလုပ်ငန်းမှ ပျားရည်ထုတ်ယူရာ၌ တောတောင်ထဲတွင်ရှိသော သဘာဝပျားရည်များ ရယူခြင်းကဲ့သို့ ပျားအုံများကို မီးရှို့ပျားဖွပ်ရန် မလိုသောကြောင့် ပျားအုံများ ပျက်စီးခြင်း၊ ပျားကောင်များ သေကျေဆုံးရှုံးခြင်းမရှိဘဲ ရာသီအလိုက် ပျားရည်ထုတ်ယူနိုင်ပြီး လက်ရှိတွင် မွေးမြူရေးပျားရည် ဈေးနှုန်းမှာ ပျားရည်တစ်လီတာဘူး တစ်ဘူးလျှင် ငွေကျပ် ၈၀၀၀ မှ ၁၀၀၀၀ အထိ ရှိကြောင်း သိရသည်။ မြိတ်မြို့ပေါ်၌ သဘာဝပျားရည်ဈေးနှုန်းမှာ လက်ရှိတွင် တစ်လီတာဘူးတစ်ဘူးလျှင် ငွေကျပ် ၁၅၀၀၀ မှ ၂၅၀၀၀ အထိ ဈေးနှုန်းရှိကြောင်း မြို့ပေါ်ပျားရည်အရောင်းဆိုင်များမှ သိရသည်။



**မြင့်ဦး (မြိတ်)**



## ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပရဟိတအဖွဲ့များနှင့် စုပေါင်းဆောင်ရွက်

**ရန်ကုန် မေ ၂၈**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပရဟိတအဖွဲ့များ၊ ပြည်သူများ ပူးပေါင်း၍ မေ ၂၇ ရက် နံနက် ၇ နာရီက အောင်မင်္ဂလာရပ်ကွက်အတွင်း သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းလုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

သန့်ရှင်းရေး စုပေါင်းဆောင်ရွက်မှုလုပ်ငန်းကို အောင်မင်္ဂလာစာဖတ်ခန်းနှင့် ပရဟိတအဖွဲ့၏ ဦးဆောင်မှုဖြင့် ပရဟိတအဖွဲ့ဝင်များ၊ ပြည်သူများ စုစုပေါင်းအင်အား ၇၀ ကျော်သည် အောင်မင်္ဂလာရပ်ကွက် ကျိုက်ဒေးယျံစေတီနှင့် အာဇာနည်ကျောက်တိုင်၊ လေးထပ်တိုက်၊ သုံးထပ်တိုက်နှင့် အောင်မြင့်မိုရ်လမ်းတို့တွင် အမှိုက်များကောက်ခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းပြီး စည်ပင်သာယာရေး အမှိုက်သိမ်းယာဉ်ဖြင့် သတ်မှတ်အမှိုက်စွန့်ပစ်နေရာတွင် သွားရောက်စွန့်ပစ်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေး၊ ရေနုတ်မြောင်းများအား ပြန်လည်ဖော်ထုတ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပရဟိတအဖွဲ့နှင့် ပြည်သူများ စုပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားခဲ့ကြကြောင်းသိရသည်။

**သက်နိုင် (သန်လျင်)**

## ကွမ်းခြံကုန်းတွင် သက်ငယ်မုဒိမ်းမှုကျဆင်းရေး အသိပညာပေး

**ကွမ်းခြံကုန်း မေ ၂၈**
ကွမ်းခြံကုန်းမြို့နယ် အင်္ဂလုံးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မေ ၂၇ ရက်က ကွမ်းခြံကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုင်းသိန်းမောင်က သက်ငယ်မုဒိမ်းမှုနှင့် လူကုန်ကူးမှု ကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ ယာဉ်တိုက်မှု လျော့နည်းကျဆင်းရေးတို့အတွက် အသိပညာပေး ဟောပြောဆောင်ရွက်ခဲ့ရာ ကျေးရွာနေ ပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# တိုက်လိပ်တို့ရဲ့တိုက်ပွဲ

နော်ကောင်း

၂၀၀၀ ပြည့်နှစ်ဝန်းကျင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့အနီး ဒုဋ္ဌဝတီမြစ်ရိုးတစ်လျှောက် လိပ်ထိန်းသိမ်းရေးလုပ်ငန်း ကိစ္စတစ်ခုဖြင့် တောတွင်းလှည့်လည်နေစဉ် လတ်လတ်ဆတ်ဆတ် သွေးသံတရဲရဲဖြင့် အသတ်ခံထားရသည့် လိပ်အခွံအကြီးကြီးတစ်ခုကို သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံ အစီအစဉ်) မှ လိပ်ထိန်းရေးသမားတစ်စုက တွေ့ရှိခဲ့သည်။ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံ အစီအစဉ်) မှ လိပ်ထိန်းရေးသမားများအဖို့ ထိုကဲ့သို့ အသတ်ခံထားရသော လိပ်အခွံများကို မြင်ရသည်မှာ မထူးဆန်းတော့သည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။

'ကျွန်တော်တို့ အဲဒီလိပ်အခွံကို မြင်ရတဲ့ အချိန်မှာတော့ အတော်အံ့ဩသွားတယ်၊ တကယ့်ကို လတ်လတ်ဆတ်ဆတ်မှ လတ်လတ်ဆတ်ဆတ်ကြီးကိုပဲ' ဟု လိပ်အခွံကို တွေ့တွေ့ချင်းခံစားချက်ကို သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ Dr.Steven Platt က ပြောသည်။

"မျှော်လင့်ချက် အလင်းရောင် အမျှင်တန်းလေးကို မြင်မိတယ်ဆိုရမှာပဲ၊ ဘာလို့လဲဆိုတော့ အဲဒီလိပ်မျိုးဟာ ကမ္ဘာမှာ မျိုးသုဉ်းသွားပြီလို့ထင်ထားခဲ့တာ ၇၅ နှစ်လောက်ရှိပြီ၊ အဲဒီလိပ်မျိုးကို နောက်ဆုံး စာရင်းတွေအရ ဖော်ပြထားခဲ့တာက ၁၉၃၁ ခုနှစ်လောက်မှာပဲ နောက်ဆုံးရှိသေးကြောင်း ခန့်မှန်းထားခဲ့ကြတာဖြစ်တယ်" ဟု ဒေါက်တာကလျာက ဆိုသည်။

ထိုသို့ မျိုးသုဉ်းသွားပြီဟု တစ်ကမ္ဘာလုံးမှာ မှတ်တမ်းတင်ထားပြီးသား လိပ်မျိုးစိတ်ကို လတ်လတ်ဆတ်ဆတ် အခွံကိုတွေ့ရတော့ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ လိပ်ထိန်းသိမ်းရေးအဖွဲ့သည် ဓာတ်ပုံမှတ်တမ်းများရယူပြီး လိပ်ကျွမ်းကျင်ပညာရှင်များထံ တင်ပြခဲ့သည်။ လိပ်ကျွမ်းကျင်ပညာရှင် အကုန်လုံးက ထိုလိပ်အခွံသည် လွန်ခဲ့သောနှစ်ပေါင်း ၇၅ နှစ်က မျိုးသုဉ်းသွားခဲ့ပြီဖြစ်သော လိပ်မျိုးစိတ်ဖြစ်ကြောင်း ထောက်ခံခဲ့ကြသည်။ ထိုလိပ်မှာ မြန်မာ့ဂုဏ်ဆောင် တိုက်လိပ်ပင်ဖြစ်သည်။

ထိုသို့ လိပ်အခွံကို တွေ့ခဲ့သည့် နှစ်မှာပဲ ထိုလိပ်မျိုး မည်သည့်နေရာတွင် ကျန်ရှိသေးကြောင်း မြန်မာတစ်နိုင်ငံလုံးအနှံ့ တစ်ချောင်းဝင် တစ်ချောင်းထွက် လိပ်ရှာဖွေရေး စတင်ခဲ့တော့သည်။ ထိုလိပ်ကို ရှာဖွေခဲ့စဉ်က သစ်တောဌာနမှ ဝန်ထမ်းများ၊ ဩစတြေးလျမှ ပါမောက္ခ ဒေါက်တာဂျလဝါဟော၊ မန္တလေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့ (TSA) နှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ ဝန်ထမ်းများ အပတ်တကုတ်ရှာဖွေခဲ့ကြသည်။

"ဧရာဝတီမြစ်ရယ် ဧရာဝတီမြစ်ရဲ့ မြစ်လက်တက်ဖြစ်တဲ့ ချင်းတွင်းမြစ်ရယ် မြစ်ရိုးတစ်လျှောက် ချောင်းလက်တက်မကျန် ရှာဖွေလိုက်တဲ့အချိန်မှာ ကျွန်မတို့ ကံကောင်းတယ်လို့ ဆိုရမလားပဲ၊ မြန်မာတစ်နိုင်ငံလုံးမှာမှ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ချင်းတွင်းမြစ်ကမ်းက ရွာလေးတစ်ရွာနားမှာ အဲဒီလိပ်ကို ပြန်ရှာတွေ့ခဲ့တယ်"ဟု ဒေါက်တာကလျာက ပြန်ပြောင်းပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်ရှိ လင်းဖားကျေးရွာရဲ့ ချင်းတွင်းမြစ်ကမ်း သောင်ပေါ်မှာ ထိုလိပ်မျိုးများကို ပြန်လည်ရှာတွေ့ခဲ့ကြသည်။ တစ်ချောင်းဝင် တစ်ချောင်းထွက် အသည်းအသန်ရှာဖွေခဲ့သည့် လိပ်မျိုးမှာ တခြားလိပ်မျိုးမဟုတ်။ မြန်မာမျိုးရင်း တိုက်လိပ်များပင်ဖြစ်သည်။ တိုက်လိပ်များကို ရွာခံများက ခုနစ်စင်ကြယ်လိပ်များဟုခေါ်ဆိုကြသေးသည်။ အကြောင်းမှာ ထိုလိပ်များသည် ဥ ဥစဉ်အခါတွင် ကျင်းခုနစ်ကျင်းတူး၍ ဥ ဥတတ်သောကြောင့်ပင်ဖြစ်သည်။

"ဒီလိပ်လေးဟာ သူ ဥထားတဲ့ ဥလေးတွေထဲက တစ်ကျင်းကို လူတွေ တူးသွားခဲ့ရင်တောင် ကျန်တဲ့ ကျင်းထဲက လိပ်လေးတွေ ရှင်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီလို ခုနစ်ကျင်းဥတတ်တယ်လို့ ဒေသခံတွေက ဆိုကြပါတယ်၊ ဘယ်လောက်ချစ်စရာကောင်းတဲ့ သဘာဝ အသိလဲရှင်" ဟု ဒေါ်ကလျာက ကရုဏာသက်စွာဆိုရှာသည်။

တွေ့ရှိရသော လိပ်ဥများကို တူးဖော်ယူကာ တိုက်လိပ်ထိန်းသိမ်းရေးကို စတင်ခဲ့ကြသည်။ လိပ်ဥများကို တူးဖော်၍ လင်းဖားကျေးရွာ၌ တိုက်လိပ်ထိန်းသိမ်းရေးစခန်းဖွင့်လှစ်ကာ တိုက်လိပ်ထိန်းသိမ်းရေးလုပ်ငန်းကို ၂၀၀၄ ခုနှစ်တွင် စတင်ခဲ့ကြသည်။

"ကျွန်မတို့က အဲဒီလိပ်ဥတွေကို မပျက်စီးရအောင် ၂၄ နာရီ အလှည့်ကျ ထိုင်စောင့်ခဲ့ကြရတယ်၊ လိပ်ဥကိုက လူလည်းကြိုက်တယ်၊ နောက်ပြီး မြွေတို့ တခြား တိရစ္ဆာန်တွေလည်း ကြိုက်ကြတယ်လေ" ဟု ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်စဉ် ကြုံတွေ့ရသည့် အခက်အခဲများကို ပြန်ပြောပြသည်။

ဒေါ်ကလျာတို့သည် မြစ်ချောင်းတစ်လျှောက် သဘာဝအတိုင်း ဥ ဥသည့် အကောင်များကို ထိန်းသိမ်းခဲ့ကြသည်။ ထိုအကောင်များကို ဥဖောက်နိုင်အောင် လုပ်ပေးသည်။ အရေးပေါ် ထိန်းသိမ်းခြင်းစနစ်တစ်ခုဖြစ်သော In Situ Conservation (မူလနေရာတွင်ပဲ ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်း) လုပ်ကြသည်။ ချင်းတွင်းမြစ်အထက် ကောင်းဟိန်းကျေးရွာမှာလည်း အနည်းငယ်တွေ့ရကြောင်း သတင်းရရှိသဖြင့် ဒေသခံများပေးသည့် အချက်အလက်များကို စုပြီး လုပ်ဆောင်ပြီး လိပ်ရှာဖွေရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။ ထိုမှတစ်ဆင့် ချင်းတွင်းအထက်ပိုင်း သဲသောင်ပြင်တစ်လျှောက်တွင် ဥထားသည့် ဥများကို လိုက်လံစုဆောင်းခဲ့ကြသည်။ ထို့အပြင် ၎င်းဒေသများတွင် နေ့စဉ် ကင်းလှည့်ထိန်းသိမ်းခြင်း၊ သတိပေးစာတန်းများ ကပ်ခြင်း၊ သဲသောင်တစ်လျှောက် လိပ်ဥ ဥထားသည့် ကျင်းများကို ခြံများခတ်ပြီး လိပ်ထိန်းသိမ်းခြင်းလုပ်ငန်းကို စနစ်တကျလုပ်ဆောင်ခဲ့ကြသည်။

ထိုတိုက်လိပ်များ၏ နှစ်စဉ်သားပေါက်နှုန်းကိုလည်း အမြဲလေ့လာမှတ်တမ်းတင်ခဲ့ကြသည်။ တိုက်လိပ်များကို လိပ်နာရောဂါကျပြီး မျိုးသုဉ်းသွားမည်စိုးသောကြောင့် Ex-situ conservation (မူရင်းဒေသမဟုတ်သော အခြားတစ်နေရာတွင် ထိန်းသိမ်းခြင်းလုပ်ငန်း) အနေဖြင့် မန္တလေး လောကနန္ဒာ အမျိုးသားဥယျာဉ်နှင့် ထမံသီတို့တွင် လိပ်ထိန်းသိမ်းရေးစခန်းများ ဖွင့်လှစ်ကာ လိပ်များကို ဆက်လက်ထိန်းသိမ်းခဲ့ကြသည်။ ထို့အပြင် ၎င်းလိပ်များ၏ မိရင်း ဖရင်း မည်မျှရှိကြောင်း သိရှိနိုင်ရန် DNA စစ်ခြင်းလုပ်ငန်းကိုလည်း လုပ်ဆောင်ခဲ့ကြသည်။

"ဒီချင်းတွင်းမြစ်က အဘိုးအဘွားတွေ တိုက်လိပ်နဲ့ ပတ်သက်ပြီးပြောကြတဲ့ ဆိုရိုးတစ်ခုရှိတယ်။ ဒါကဘာလဲဆိုတော့ လိပ်ကျင်းတူးရင် နောင်လာနောက်သားအတွက် ငါးလုံးချန်ပါဆိုပြီးတော့။ တကယ်လည်း တိုက်တိုက်ဆိုင်ဆိုင်ပဲ။ ကျွန်မတို့ DNA စစ်ကြည့်လို့ရလာတဲ့ ရလဒ်ဟာ သားဖောက်ပြီးရလာတဲ့ လိပ်လေးတွေရဲ့ မိရင်း ဖရင်းဟာ အမသုံးကောင်နဲ့ အထီးနှစ်ကောင်ပဲရတယ်" ဟု ပြန်ပြောပြသည်။

၂၀၀၄-၂၀၁၈ ၁၀ နှစ်ကျော် ကာလအတွင်း အကောင်ရေ ၉၀၀ ကျော် အထိတိုးပွားလာအောင်ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ပြီဖြစ်သည်။ ထို့အပြင် သဘာဝမြစ်အတွင်း တိုက်လိပ်များ၏ အခြေအနေကိုလည်း စောင့်ကြည့်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ "၂၀၁၄-၂၀၁၅ ခုနှစ်မှာဆိုရင် အားလုံးပေါင်း လိပ်ကောင်ရေ တစ်ကောင်ပဲပေါက်တယ်၊ ကျန်တဲ့ ဥတွေ အကုန်လုံးဟာ သန္ဓေမအောင်တာ တွေ့ရတယ်၊ အဲဒါဟာ သဘာဝထဲ အထီးရှားသွားခြင်းကြောင့်ဖြစ်တယ်" ဟု သဘာဝမြစ်ချောင်းများအတွင်း အထီးရှားပါးလာရခြင်း အခြေအနေကို ဒေါက်တာကလျာက ရှင်းလင်းခဲ့သည်။

ထို့ကြောင့် ၂၀၁၁ ခုနှစ်တွင် သားဖောက်ထားပြီးသား အကောင်များထဲမှ ပထမအကြိမ် အထီး ၁၀ ကောင် ပြန်လွှတ်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အထီးအမ စုစုပေါင်း အကောင် ၆၀ သဘာဝအတွင်းသို့ ပြန်လည်လွှတ်ပေးခဲ့သည်။ အကျိုးဆက်အားဖြင့် ၂၀၁၆ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် လိပ်အကောင်များ ပြန်လည်ပေါက်ပွားလာခဲ့သည်။

"ပထမနှစ် အကောင် ၃၀ နီးပါး၊ ဒုတိယနှစ် အကောင် ၄၀ နီးပါးပြန်ပေါက်တယ်၊ အခုဆိုရင် မန္တလေး တိရစ္ဆာန်ဥယျာဉ်မှာဆိုရင် ၁၀၀ နီးပါးပေါက်တယ်" ဟု ဒေါက်တာကလျာက ထိန်းသိမ်းရေးလုပ်ငန်း အောင်မြင်မှုအခြေအနေများကို ဝမ်းသာအားရဆိုသည်။

ထိုသို့ပေါက်လာသော လိပ်သားပေါက်များကို တစ်နေရာတည်း၌ ထိန်းသိမ်းမည်ဆိုသော် ကူးစက်ရောဂါကျရောက်ပါက တစ်ကောင်နှင့် တစ်ကောင် ရောဂါကူးစက်ခြင်းနှင့် တခြားသော အန္တရာယ်များကျရောက်ပါက ကြိုတင်ကာကွယ်နိုင်ရန် မြန်မာနိုင်ငံတွင် လင်းဖား၊ ထမံသီ၊ မန္တလေးရတနာပုံ တိရစ္ဆာန်ဥယျာဉ်နှင့် လောကနန္ဒာဘေးမဲ့တောများတွင် နေရာခွဲခြားပြီး ထိန်းသိမ်းမှုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခဲ့သည်။ ထို့အပြင် စင်ကာပူနိုင်ငံသို့လည်း ၂၅ ကောင်ပို့ကာ ထိန်းသိမ်းကာကွယ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

"လက်ရှိထိန်းသိမ်းထားတဲ့ အကောင်တွေကနေ ပေါက်လာမယ့် အကောင်ပေါက်(တတိယမျိုးဆက်)တွေကိုမှ အကုန်လုံးမြစ်ထဲကိုပြန်လွှတ်မယ်၊ ဒီနှစ်လည်း မြစ်ထဲကို နောက်ထပ် အကောင် ၆၀ လွှတ်ဖို့ ရည်ရွယ်ထားပါတယ်" ဟု ဒေါက်တာကလျာက တိုက်လိပ်ထိန်းသိမ်းရေးလုပ်ငန်း၏ လက်ရှိအခြေအနေကို ရှင်းပြသည်။

တိုက်လိပ်များကို မြစ်ထဲလွှတ်သည့် အခါတွင်လည်း လွှတ်လိုက်သည့် အကောင်များ အမှန်တကယ် အသက်ရှင်နေထိုင်နိုင်မည်လား။ ဒါမှမဟုတ် သဘာဝကို အန်မတုနိုင်ဘဲ သေဆုံးသွားသလား သိနိုင်ရန်အတွက် နောက်ယောင်ခံလိုက်သည့် နည်းလမ်း (Radio telemetry method) အသုံးပြုကာ စောင့်ကြည့်လေ့လာခဲ့သည်။



> **လိပ်သားပေါက်များကို တစ်နေရာတည်း၌ ထိန်းသိမ်းမည်ဆိုသော် ကူးစက်ရောဂါကျရောက်ပါက တစ်ကောင်နှင့် တစ်ကောင် ရောဂါကူးစက်ခြင်းနှင့် တခြားသော အန္တရာယ်များကျရောက်ပါက ကြိုတင်ကာကွယ်နိုင်ရန် ...**

"ပထမဆုံးအကြိမ်လွှတ်တုန်းက မြစ်ထဲကို တိုက်ရိုက်လွှတ်ခြင်းနဲ့ ညင်သာစွာစေလွှတ်ခြင်း နည်းလမ်းနှစ်ခုလုံးနဲ့ စမ်းသပ်ခဲ့တယ်။ ညင်သာစွာ စေလွှတ်ခြင်းဆိုတာကတော့ လွှတ်မယ့်အကောင်ပေါက်လေးတွေကို မြစ်ကမ်းနံဘေးမှာ ဝါးခြံခတ်ပြီး လွှတ်ထားတယ်၊ ပြီးမှ ဝါးခြံကို ဖြေပေးလိုက်တယ်၊ အဲဒီတော့ အဲဒီနှစ်နည်းမှာ ဘယ်ဟာက ပိုသင့်တော်သလဲလို့ နောက်ယောင်ခံလိုက်တဲ့ နည်းလမ်း (Radio telemetry method) လေ့လာကြည့်တဲ့ အခါမှာတော့ ညင်သာစွာစေလွှတ်တဲ့ နည်းလမ်းနဲ့လွှတ်တဲ့ လိပ်ကောင်တွေဟာ တစ်ကီလိုမီတာ ပတ်လည်အတွင်းမှာပဲ ကျက်စားတာတွေ့ရတယ်၊ တိုက်ရိုက်လွှတ်လိုက်တဲ့ အကောင်တွေကျ အဝေးဆုံး ၂၄ ကီလိုမီတာအထိ ကျက်စားတာတွေ့ရတယ်၊ ဒီတော့ ညင်သာစွာလွှတ်တဲ့နည်းက အကောင်ပေါက်တွေအတွက် သူတို့ နေထိုင်ကျက်စားမယ့် နေရာကို လေ့ကျင့်ပေးသလိုဖြစ်နေတာတွေ့ရတယ်၊ ဒါကြောင့် ဒီနှစ်အတွင်း လွှတ်မယ့်အကောင် ၆၀ လုံးကို ညင်သာစွာစေလွှတ်ခြင်း နည်းလမ်းနဲ့ လွှတ်ဖို့ ရည်ရွယ်ထားတယ်" ဟု တိုက်လိပ်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လေ့လာတွေ့ရှိချက်များကို ဒေါက်တာကလျာက အားပါးတရ ရှင်းလင်းပြောကြားသည်။

တိုက်လိပ်များသည် မျိုးသုဉ်းပြီးသား မျိုးစိတ်တစ်မျိုးဖြစ်သည်။ ထိုသို့သောမျိုးစိတ်ကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့ရသည်။ ထိုသို့ ပြန်လည်ရှာတွေ့ခဲ့ပြီးနောက်တွင် ယခုအချိန်၌ မြစ်အတွင်းသို့ အကောင် ၉၀၀ ဝန်းကျင်အထိ ပြန်လည်တိုးပွားလာအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ထိုအကောင်များမှ ပြန်လည်ပေါက်ပွားလာသည့် အကောင်များသည်လည်း အရွယ်ရောက်နေသည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် တိုက်လိပ်များသည် မြန်မာနိုင်ငံတွင် မျိုးသုဉ်းပြီးအခြေအနေမှ ပြန်လည်ရှာဖွေတွေ့ရှိခြင်းကြောင့် မျိုးသုဉ်းမည့် အန္တရာယ်မှ ကင်းဝေးအောင် ထိန်းသိမ်းရေးလုပ်ငန်းဖြင့်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

"ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေစဉ်ကာလအတွင်း အဖျက်အဆီးအမျိုးမျိုး (ဥပမာ၊ ကြယ်လိပ်) ရှိတဲ့ကြားမှနေပြီး မျိုးသုဉ်းပြီးသား မျိုးစိတ်တစ်မျိုးကို မျိုးသုဉ်းမယ့် အန္တရာယ်ကနေ ကင်းဝေးအောင် ပြန်လည်ခေါင်းမော့လာနိုင်တဲ့ မျိုးစိတ်တစ်မျိုးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူမိတယ်၊ စိတ်ဓာတ်ကျရမယ့် အစား ဒီလို ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အတွက် ဒီလို အောင်မြင်လာကြောင်း ပေါ်လွင်စေတဲ့ တိုက်ပွဲတစ်ခုပါပဲ" ဟု ဒေါက်တာကလျာက တိုက်လိပ်တို့၏ တိုက်ပွဲအကြောင်းကို စီကာပတ်ကုံး ရှင်းပြသည်။ ။

# ကျောက်ကြီးတွင် မျိုးစေ့သန့်စင်စက်ဖွင့်

**ကျောက်ကြီး မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ တောင်သူမျိုးစေ့သန့်စင်စက် ဖွင့်ပွဲအခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) မဲဆန္ဒနယ်မှ ဦးတင်ဆန်းဦးက အဖွင့်အမှာစကားပြောကြားပြီး တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်ဦးက တောင်သူမျိုးစေ့သန့်စင်စက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ တောင်သူများ၏ ကိုယ်စား ကျောက်ကြီးမြို့နယ် တုံးကြီးအုပ်စု တောင်သူ ဦးနိုင်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**



ထန်းတပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်း သံပုရာကုန်းကျေးရွာအုပ်စုရှိ ဘုန်းတော်ကြီးကျောင်း၌ မေ ၂၇ ရက် မွန်းလွဲ ၁ နာရီက အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ အလုပ်သမများ၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများကို သက်ငယ်မုဒိမ်းမှုနှင့်မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောစဉ်။

ဇာနည်မောင်

# လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေး



**ချမ်းမြသာစည် မေ ၂၈**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တို့ ပူးပေါင်း၍ လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို မေ ၂၇ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီ နာယက ဒေါက်တာယုယုမေ တက်ရောက်အားပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ချမ်းမြသာစည်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်က လူငယ်ဖွံ့ဖြိုးရေးအကြောင်းကိုလည်းကောင်း၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဝေဝေဖြိုးက ပြည်သူ့စကားဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်နှင့်အားကစား ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရာ ချမ်းမြသာစည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုး၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ အမျိုးသားစာပေဆုရှင် စာရေးဆရာ ညီပုလေး၊ Youth Development Pilot Project Committee ဥက္ကဋ္ဌ ဒေါ်မေမြတ်နွယ်၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းဂိုးသမား မြဖူးငုံတို့က လူငယ်နှင့် အားကစားဖွံ့ဖြိုးရေးဆွေးနွေးကြသည်။

အခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံမှ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသား သင်တန်းသူများ၊ ချမ်းမြသာစည်မြို့နယ်ရှိ ပုဂ္ဂလိက ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ အားကစားစိတ်ဝင်စားသူလူငယ်များ၊ သတင်းမီဒီယာများ တက်ရောက်ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲ မြစ်ကြီးနား၌ ကျင်းပ



**မြစ်ကြီးနား မေ ၂၈**

ကချင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၁)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ၊ ပိုစတာပြိုင်ပွဲကို မေ ၂၇ ရက် နံနက် ၇ နာရီက မြစ်ကြီးနားမြို့ ရှမ်းစု တောင်ရပ်ကွက်ရှိ ကွန်ပျူတာ တက္ကသိုလ်၌ ကျင်းပခဲ့သည်။

ပန်းချီပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀၊ အထက်တန်းအဆင့် တစ်ဦး၊ ကာတွန်းပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား ငါးဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ အထက်တန်းအဆင့် တစ်ဦး၊ ပိုစတာပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား ရှစ်ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ခြောက်ဦးနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ လေးဦး၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ နှစ်ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲကျင်းပရာသို့ ကချင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ကချင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရ မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြင့်လွင်၊ ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထက်လွင်၊ ပြည်နယ်ပညာရေးမှူး (ညွှန်ကြားရေးမှူး) ဒေါ်ခင်သန်းနွဲ့နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

**ဦးလေးကြီး**

# တာချီလိတ်၌ အစားထိုးသီးနှံ နှစ်ချင်းမျိုးစေ့၊ နှစ်ရှည်ပျိုးပင်နှင့် ဓာတ်မြေဩဇာထောက်ပံ့

**တာချီလိတ် မေ ၂၈**

အစားထိုးသီးနှံ နှစ်ချင်းမျိုးစေ့၊နှစ်ရှည်ပျိုးပင်နှင့် ဓာတ်မြေဩဇာပေးအပ်ပွဲကို မေ ၂၄ ရက် နံနက် ၁၀ နာရီခွဲက တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့စုမှူး ရဲမှူးစိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်မျိုးစေ့တာဝန်ခံ ဦးအေးကိုက ပေးအပ်သည့် မျိုးစေ့၊ ပျိုးပင်များအကြောင်း ရှင်းလင်းပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်က အခမ်းအနား ပြုလုပ်ရခြင်း ရည်ရွယ်ချက်များနှင့် ဖြန့်ဖြူးပေးသည့် မျိုးစေ့၊ ပျိုးပင်နှင့် သွင်းအားစု ဓာတ်မြေဩဇာများအား တောင်သူများအနေဖြင့် ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးချ စိုက်ပျိုး အောင်မြင်စေရေးအတွက် လုပ်ငန်းစဉ်များနှင့် ဝန်ထမ်းများက ကွင်းထဲအရောက် စိုက်စနစ် မှန်ကန်စေရေး ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မူးယစ်တပ်ဖွဲ့စု(၃၀)မှ ရဲမှူးစိုးနိုင်နှင့် တာဝန်ရှိသူများက ဘိန်းအစားထိုး စိုက်ပျိုးသီးနှံများဖြစ်သည့် GW-1အထွက်ကောင်း စပ်မျိုးစပါးမျိုးစေ့ ၁၀၀ ဧကအတွက် ကီလို ၇၀၀၊ အစေ့ထုတ်ပြောင်း စီပီ-၂၈၈ မျိုး ကီလို ၄၀၊ နှစ်ရှည်ပျိုးပင်လျှော်ဖြူပင် ငါးဧကစာအတွက် ပျိုးပင်များ သွင်းအားစု ဓာတ်မြေဩဇာ ကီလို ၅၀ ၁၆အိတ်တို့အား ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများထံသို့ ပေးအပ်ခဲ့သည်။

မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက မြန်မာ၊ ရှမ်း၊ လားဟူ ဘာသာများဖြင့် ထုတ်ဝေထားသော ပညာပေးလက်ကမ်းစာစောင်များနှင့် အိုးအမ်ဘိုကာရှိ ပြုလုပ်သုံးစွဲနည်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**



# မြို့နယ်အဆင့် မြစိမ်းရောင် သုံးသပ်ဆွေးနွေးပွဲပြုလုပ်

**သဲကုန်း မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အဆင့် မြစိမ်းရောင်သုံးသပ်ဆွေးနွေးပွဲကို မေ ၂၆ ရက်က သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သုံးသပ်ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရေးကော်မတီဝင်များ၊ မြို့နယ် ကျေးလက်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

သဲကုန်းမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထိ စီမံကိန်း (၃၃)ယူနစ်ဖြင့် ကျေးရွာ ပေါင်း ၆၄ ရွာအား အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူးထံမှ သိရသည်။

**သူရအောင်(ပြည်)**

# လက်ပံတန်းမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စံပြဆုချီးမြှင့်ပွဲကျင်းပ

**လက်ပံတန်း မေ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်း စံပြဆုချီးမြှင့်ခြင်းနှင့် လုပ်ငန်းများ သုံးသပ်ဆွေးနွေးခြင်းကို လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ မေ ၂၄ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်တင်မေအိက အဖွင့်အမှာစကား ပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမြင့်အောင်က ကရင်ကံကလေးကျေးရွာအား စံပြဆုအဖြစ် ရွေးချယ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အားသာချက်၊ အားနည်းချက်များကို ပွင့်လင်းမြင်သာစွာ သုံးသပ်ဆွေးနွေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


UPG
ORIENT
Professional
Emulsion Paint
အရည်အသွေးကောင်းမွန်သော ORIENT Professional ကို ကွန်ကရစ်၊
ပလတ်စတာနှင့် အင်္ဂတေမျက်နှာပြင်များပေါ်တွင် အလှဆင်ရန်အတွက်အသုံးပြုနိုင်သည်။
4 YEARS
4 YEARS PERFORMANCE
EXTERIOR/ INTERIOR
WEATHER RESISTANCE
ALGAE RESISTANCE
480 designing colors
Through Tinting System
♦ ဆေးသားလိပ်ကွာထွက်ခြင်းနှင့် အမှုန့်ဖွာထွက်ခြင်းမရှိပါ။
♦ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသည်။
♦ မှိုနှင့် ရေညှိတက်ခြင်းကိုခံနိုင်ရည်ရှိသည်။
♦ လေးနှစ်အာမခံဖြစ်သည်။
♦ ခဲနှင့် ပြဒါးပါဝင်မှုမရှိပါ။
UPG UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care
Global Compact Network (Myanmar)
No. 174/ 188, 2nd Floor, Bo Myat Tun Street, Shwe Gabar Tower (II),
Pazundaung Township, Yangon, Myanmar.
Tel: 95-1-200535, 299432 Fax: 95-1-299605
web site : www.upgpaint.com
email : info@upgpaint.com
facebook.com/upgpaint



# လက်ဆောင်သစ်

ပြောင်းလဲပြင်ဆင်လိုက်သည့်ပုံစံသစ် နမူနာမေးခွန်းနှင့် ဖြေဆိုချက်များကို
လေ့လာနိုင်စေရန် စုစည်းပေးထားသော

၂၀၁၉-ခုနှစ်
တက္ကသိုလ်ဝင်တန်း
မေးခွန်းပုံစံသစ်
ဘာသာစုံ

နမူနာမေးခွန်းပေါင်းချုပ်နှင့်
စံပြလမ်းညွှန်ဖြေဆိုချက်များ



မြန်မာစာ-ဒေါ်ခင်မြင့်ကြည်
အင်္ဂလိပ်စာ-ဦးချစ်စိန်
သင်္ချာ-ဦးသိန်းမြင့်
ဓာတုဗေဒ-ဦးစန်းမောင်
ရူပဗေဒ-ဦးသန်းထွန်း
ဇီဝဗေဒ-ဒေါ်ခင်ခင်မျိုး
ဘောဂဗေဒ-ဆရာပြည်ဟိန်းကျော် (DMD)

ထွက်နေပါပြီ

ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ငြိမ်း)၊ ကထိက (ငြိမ်း)များလမ်းညွှန်ဖြေဆိုထားပါသည်။

ဦးကျော် (ပညာမော်ကွန်း)
စီစဉ်သည်



## ရွှေပဒုမ္မာမြေ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

(မွေ့စကြာနေ့ ဝါဆိုသင်္ကန်းကပ်အထူးခရီး)

၈ရက် - သံဝေဇနီယ (၄) ဌာန၊ အဝိဇဟိတ (၃) ဌာန၊ နာလန္ဒာ

၁၅ရက် - သံဝေဇနီယ (၄)ဌာန၊အဝိဇဟိတ(၄) ဌာန၊နယူးဒေလီ၊ တပ်ချုပ်မဟာ

(၁၀)ဦး စုစည်းလိုက်ပါလျှင် (၁)ဦး၊ (၅)ဦးစုစည်းလိုက်ပါလျှင် (၂၀%)ကိုသိုလ်ယူ ပို့ဆောင်ပေးပါမည်။

ကျိုက်ထီးရိုး (နေ့ချင်းပြန်) ၊ နေပြည်တော် (ဗုဒ္ဓဂယာ) နေ့ချင်းပြန် (July 26/27 )

09-259280727,09-259280728,09-259280729,09-5250900


### ဖခင်အမည်မှန်

သရက်ချောင်းမြို့နယ်၊ တီတွတ်ပြင်ကျေးရွာ၊ အလက(ခွဲ) တီတွတ်ပြင် တတိယတန်းမှ မအိမြတ်ဇင်၏ဖခင် ဦးသန်းဇော်ဦး၏ အမည်မှန်မှာ ဦးသန်းဇော်ထွေး [၆/သရခ(နိုင်)၀၄၀၉၀၃] ဖြစ်ပါကြောင်း။

ဦးသန်းဇော်ထွေး

### မိခင်အမည်မှန်

သရက်ချောင်းမြို့နယ်၊ ကျွဲခြံကျေးရွာ၊ အလက(ခွဲ) ကျွဲခြံ ဒုတိယတန်းမှ မောင်ကောင်းမြတ်စိုး၏မိခင် ဒေါ်သိန်းမာချို၏ အမည်မှန်မှာ ဒေါ်အေးမာချို[၆/သရခ(နိုင်)၀၇၃၉၅၁] ဖြစ်ပါကြောင်း။

ဒေါ်အေးမာချို


**"ညီနိုင်ငံဈေးဖြင့်(အမြန်) ရောင်း/ငှါးမည်"** (ပွဲစားမလို)

* သုဝဏ္ဏ၊ ဗိုလ်ချုပ်ရွာ (2400Sqft) အကျယ်ရှိ 3RC, M4,A/C4,(တိုက်သစ်),(ဂရန်) ဈေးနှုန်း - 5600သိန်း
* မရမ်းကုန်း၊အောင်သိဒ္ဓိလမ်းမနီး(55'x70')အကျယ်ရှိ မြေ၊(မြေပိုင်မြေ)၊∠ကွက် ဈေးနှုန်း - 2950သိန်း
* ကြည့်မြင်တိုင်၊ ဗားဂရာလမ်းမနီး(25'x60')အကျယ်ရှိ (၁)ထပ်တိုက်ခံအိမ်၊(မြေပိုင်မြေ) ဈေးနှုန်း - 850သိန်း
* ဗဟန်း၊ ဦးထွန်းမြတ်လမ်း(115'x115') အကျယ်ရှိ 1RC,M4,A/C3,(လုပ်ငန်းလက်ခံ) ဈေးနှုန်း - 50သိန်း

01 552742,09 73500535,09 5060940,09 5060938



PRIME-BOSS

Trade In Any Copier Available Up to 500,000 KS

Digital Full Color MFP System

MX-2310R/F

- RSPF : Feeder/ Duplex
- 7" Color LCD Touch Screen Control Panel
- Std: A3Color Copy/ Network Print
- Password Protected User Accounts
- 20% Color Coverage A4 = 40 Kyats



(တိုနာကုန်ကျစရိတ်အလွန်သက်သာပါသည်။)

* Photo Show with Option

Full Color Digital MFP နှင့် အခြားစက်ကြီးများလည်း ရရှိနိုင်ပါသည်။

Prime - Boss Company Limited Since 1996

» Yangon Office : G-7, MGW Tower, Bo Aung Kyaw Street, Botahtaung Township, Yangon.
Tel : 01 256644, 256508
Hot Line : 09 788888929 Fax -01 256158

» Naypyitaw : Tel: 067-421393
Email: sales@primeboss.com.mm



**မင်္ဂလာပါ**

အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296



**မကြွေသောပန်း**

အသင့်ဖြင့်အိမ်ပြောင်း၊အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
ကားကြီးကားငယ်
ဆိုဒ်စုံများနှင့် အလုပ်သမားများအပါ
တပါတည်းပြောင်းရွှေ့ပေးသည်။
(မြို့တွင်း / နယ်ဝေး)
09-258022220
09-250499979
09-73209992
09-254449533



**ရောင်းမည်** တောင်ဒဂုံ လူနေစက်မှုဇုန် (၂)၊ ၆၄ ရပ်ကွက်၊ ဂရန်အမည်ပေါက် (44'×80')၊ 3600 Sqft၊ ပါဝါမီတာ၊ အဝီစိတွင်း၊ (17'×50')၊ 2 RC၊ ကွန်ကရစ်လမ်း၊ ချင်းတွင်းလမ်းမကြီးကျောကပ်လမ်း၊ ညှိနှိုင်း။ Ph: 09 254203272



**ကိုမောင်ဇော် + မနီ (အိမ်ခြံမြေ ရောင်း/ဝယ်ရေး)**
ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း)
မြေကွက်များ ဝယ်လိုသည်။
အိမ်အရောက်ငွေချေပေးပါသည်။ ပွဲခပေးရန်မလိုပါ။
၀၉၄၀၀၅၀၀၈၃၄၊ ၀၉ ၄၅၀၄၅၀၈၃၄



**ရွှေညီကို**

အိမ်ခြံမြေအကျိုးဆောင်
ဒဂုံမြို့သစ်အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09 -402116144



**မိုးရှာမောင်**

အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏အိမ်ခန်း၊ ရုံးခန်းပြောင်းရွှေ့ခြင်းများအတွက် 10', 15', 16'
ကားများနှင့်အလုပ်သမားစီစဉ်ပေးသည်။
09 5024774
09 73179228
09 49155515
09 49225338



**ကွန်ဒိုငှားမည်**

SPACE ကွန်ဒို (1600 sqft) အဆင့်မြင့်ပြင်ဆင်ပြီး၊ ရန်ကုန်လမ်းမ ( ရွှေအုန်းပင်အိမ်ရာအရှေ့ )၊ ရန်ကင်းမြို့နယ်။
River View Point ကွန်ဒို (2000 sqft)၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ကမ်းနားလမ်းနှင့် သစ်တောလမ်းထောင့် အလုံမြို့နယ်။
ဖုန်း - ၀၁ - ၃၆၈၇၂၉၀၊ ၀၉ - ၇၈၅၀၁၉၆၆၇



တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏






အထူးပရိုမိုးရှင်း

မေလ(၁)ရက်မှ (၃၁)ရက်နေ့အထိ

For 256GB FREE
wireless Charger
LED View Cover

For 128GB FREE
LED View Cover


ISO 9001/2000 လက်မှတ်ရ
STEEL DRAGON
STAINLESS STEEL & ALUMINIUM COMPOSITE
STEEL DRAGON အား ယုံကြည်မှုအပြည့်ဖြင့် အစဉ်တစိုက် အားပေးလာကြသော
မိတ်ဆွေကြီးများကို ကျေးဇူးတုံ့ပြန်မည့်
SUPER JACKPOT 2018
LUCKY DRAW
ကံစမ်းမဲကာလ မေ(၁၈)ရက် မှ
စက်တင်ဘာလ (၃၀)ရက် ၂၀၁၈ အထိ
ပထမဆု
Suzuki Ciaz
2018 Model
ကားအသစ်(၁)စီး
ဒုတိယဆု
Suzuki Pickup
2018 Model
ကားအသစ်(၂)စီး
တတိယဆု
Loujia 110
(2018 Model)
ဆိုင်ကယ်အသစ်(၁၀၀)စီး
အခြားဆုမဲပေါင်းများစွာ
STEEL DRAGON ဆိုင်များတွင် ကျပ်(၁၀၀၀၀၀) ဖိုးဝယ်ယူအားပေးပြီး
ကံစမ်းမဲ ကူပွန်တစ်စောင် ရယူကံစမ်းနိုင်ပါပြီ. . .
ဆိုင်အမှတ်(၁) အမှတ်(၄၀၊၄၁၊၄၂၊၄၃) စံပယ်လမ်း၊ သီရိမွန်ပလာဇာဝင်းအတွင်း၊ ဘုရင့်နောင်မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၅၂၈၅၂၄၊ ၀၁-၃၅၂၈၅၈၇၊ ၀၁-၃၅၈၈၆၄၃၊ ၀၁-၃၅၈၈၆၄၅၊ ၀၉-၉၆၉၇၇၄၄၆၅
ဆိုင်အမှတ်(၂) အမှတ်(၁၄၉၇) ပြည်ထောင်စုလမ်းမကြီး၊ ၂၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၈၁၀၀၀၀၉၊ ၀၁-၈၁၀၀၀၁၀၊ ၀၁-၈၁၀၀၂၆၉၊ ၀၁-၈၁၀၀၂၇၀၊ ၀၉-၅၁၃၉၁၉၃၊ ၀၉-၉၆၉၇၇၄၄၂၁
ဆိုင်အမှတ်(၃) အမှတ်(၃၀၅၅)ရာဇဌာနီလမ်းနှင့် ပုန်းညက်လမ်းထောင့်၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်။ ဖုန်း - ဝ၆၇-၂၅၈၇၀၊ ဝ၆၇-၂၅၈၇၁၊ ၀၉-၂၅၅၇၁၇၂၃၈၊ ၀၉-၉၆၉၇၇၄၄၃၁
ဆိုင်အမှတ်(၄) အမှတ်(၉၈)၊ ကျိုက္ကမီလမ်း၊ ဒေါင်းဇရပ်၊ ဈေးကြီးရပ်ကွက်၊ မော်လမြိုင်မြို့။ ဖုန်း - ၀၅၇-၂၂၄၈၄၊ ၀၉-၂၅၅၇၁၇၂၃၉၊ ၀၉-၉၆၉၇၇၄၄၄၁
ဆိုင်အမှတ်(၅) အမှတ်(၁၀၁)၊ (၄၂)လမ်း၊ ၈၁×၈၂ကြား၊ မန္တလေးမြို့။ ဖုန်း - ၀၉-၂၅၀၃၅၈၃၄၈၊ ၀၉-၂၅၀၆၆၆၀၅၂၊ ၀၉-၉၆၉၇၇၄၄၅၁
ဆိုင်အမှတ်(၆) အမှတ်(၁၀၂)၊ အနောက်မြို့ပတ်လမ်းနှင့် (၅)လမ်းထောင့်၊ ဘုရင့်နောင်လမ်းမကြီး၊ ဓေတ္တရာမြို့သစ်၊ ပြည်မြို့။ ဖုန်း - ၀၅၃-၂၈၆၁၉၊ ၀၅၃-၂၈၃၃၆၊ ၀၉-၉၆၉၇၇၄၄၆၁၊ ၀၉-၇၈၈၂၂၂၄၄၆၀
ဆိုင်အမှတ်(၇) အမှတ်(ရ/၁၇၃)၊ အနောက်မြို့ပတ်လမ်းနှင့် ဂုဏ်ထူးလမ်းထောင့်၊ ရတနာသီရိရပ်ကွက်၊ တောင်ကြီးမြို့။ ဖုန်း - ၀၈၁-၂၀၅၁၅၂၊ ၀၈၁-၂၁၂၅၂၂၀၊ ၀၉-၄၄၀၀၅၀၉၇၇၊ ၀၉-၄၄၀၀၅၀၉၈၈၊ ၀၉-၉၆၉၇၇၄၄၇၁
ဆိုင်အမှတ်(၈) အမှတ်(၆၄-က)၊ ဥဿာမြို့သစ်(၆)ရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်းမကြီး၊ ပဲခူးမြို့။ ဖုန်း - ၀၅၂-၂၂၀၁၃၇၃၊ ၀၉-၄၄၀၀၅၁၁၂၂၊ ၀၉-၉၆၉၇၇၄၄၈၁၊ ၀၉-၉၆၉၇၅၂၁၈၁
ဆိုင်အမှတ်(၉) အမှတ်(၃၄)၊ သီရိမွန်လမ်းမကြီး၊ သီရိမွန်ပလာဇာဝင်းအတွင်း၊ ဘုရင့်နောင်မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၅၂၈၅၂၆၊ ၀၉-၇၆၅၈၂၈၅၂၄၊ ၀၉-၇၆၅၈၂၈၅၈၇

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ရေတွင်း၊ ရေကန်၊ ကုဋီ ဒါယကာကြီး**

### ဦးစိုးညွန့်

**အသက်(၈၄)နှစ်**

ဦးကျော်သက်နိုင် (အောင်သရဖူ လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး)နှင့် ဦးကျော်ညိုမြတ် (ကျော်ညိုမြတ် ထရေးဒင်းကုမ္ပဏီလီမိတက်၊ အောင်မြန်မာလျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး) တို့၏ ဖခင်သည် ၂၆-၅-၂၀၁၈ (စနေနေ့) နံနက် ၂း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**Board of Directors**
**Asia General Holding Co.,Ltd**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးစိုးဝင်း

**အသက်(၇၅)နှစ်**

စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ (၁၂)ပန်းခြံလမ်းနေ ဒေါက်တာခင်မျိုးမြင့်(အတွင်းရေးမှူး)မြန်မာနိုင်ငံတိဘိဝန်ထမ်းများအသင်း၏ခင်ပွန်း၊ ဦးစိုးဝင်းသည် ၂၇-၅-၂၀၁၈ ရက် နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံတိဘိဝန်ထမ်းများအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးစိုးဝင်း

**အသက်(၇၅)နှစ်**

ဦးစိုးဝင်း (အထွေထွေမန်နေဂျာ၊ စက်မှုနှင့်လျှပ်စစ်-ငြိမ်း၊ မြန်မာ့မီးရထား)သည် ၂၇-၅-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရွာထောင်ဒီဇယ်စက်ခေါင်းစက်ရုံမှ တပည့်များ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ပါမောက္ခ ဂျယ်ရမီသာထွန်း(ခ)ဦးမောင်မောင်သာ

**အသက် (၇၀)**

ဒေါ်အေးမရသာ (General Manager) Marketing, Communications, Public relations, Loyalty Program & Corporate Affairs. (Myanmar Airways International & Air KBZ)၏ဖခင် ပါမောက္ခ ဂျယ်ရမီသာထွန်း(ခ) ဦးမောင်မောင်သာ အသက် (၇၀)သည် ၂၃-၅-၂၀၁၈ရက် ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Management of Myanmar Airways International**

---

## ဝမ်းနည်းကြေကွဲခြင်း

**နဂိုယာတက္ကသိုလ် ကျောင်းသားဟောင်း**

### ဒေါက်တာဇော်ဝင်းကို

**အသက်(၅၀)**

**ကထိက၊ ဘူမိဗေဒဌာန၊ မန္တလေးတက္ကသိုလ်**

ဒေါက်တာနီလာကြူ (ပါမောက္ခ၊ ဌာနမှူး၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၏ ခင်ပွန်းသည် ၉-၅-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နဂိုယာတက္ကသိုလ် ကျောင်းသားဟောင်းများအသင်း**
**(Nagoya University Alumni, Myanmar) NUAL**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

### ဒေါ်မြခင်ရီ (သထုံ)

**နိုင်ငံတော်၏ သက်ကြီးကန်တော့ခံ**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ်(၂၄၆)၊ သုံးလွှာနေ (ဦးအောင်မြတ်-ဒေါ်ဒေါင်း) တို့၏ သမီး၊ ဦးကိုကို(ထိပ်တန်းရုပ်ရှင်ကုမ္ပဏီပိုင်ရှင်)၏ ချစ်လှစွာသောဇနီး၊ (ဒေါ်ရွှေသန်း)၊ (ဒေါ်မြကြိုင်)၊ (ဒေါ်မြတင်ကြည်)တို့၏ ညီမ၊ ဒေါ်မြစန်းကြည်(ကကနက်-ငြိမ်း)၏ အစ်မ၊ ဒေါက်တာအေးအေးကို(ဒုတိယပါမောက္ခချုပ်၊ မြစ်ကြီးနားတက္ကသိုလ်)၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်၊ မောင်တေဇာထွန်း၏ ချစ်လှစွာသော မေမေသည် ၂၆-၅-၂၀၁၈ (စနေနေ့) ည ၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွား ပါသဖြင့် ၂၇-၅-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၁၈ (သောကြာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးမျိုးအောင်

**အသက်(၇၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြုကျေးရွာနေ (ဦးတင့်-ဒေါ်သန်းစိန်)တို့၏ သား၊ ပဲခူးမြို့နေ ဦးခင်မော်-(ဒေါ်မြခင်)၊ ဦးစန်းမောင်တို့၏ ညီ/မောင်၊ ဦးတိုးမောင်-ဒေါ်ခင်စောဝင်း (ဘိုမ အထည်ဆိုင် ပဲခူးဈေး)၊ ဦးညွန့်မြင့်-ဒေါ်မူမူအေး၊ ဦးကျော်စိန်(ခ)ဦးတီလုံး-ဒေါ်မူမူငွေး(ကျော်ဖက်ရှင်ပဲခူး)တို့၏အစ်ကို၊ အမှတ်(၂၈၂/၄)၊ ကျောင်းလမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏနေ ဒေါ်စုစုကြည် (လ/ထ မန်နေဂျာ-ငြိမ်း၊ စိုက်ပျိုးရေးဦးစီးဌာန)၏ ခင်ပွန်း၊ ဦးမျိုးဝင်းထွဋ်၊ ဦးကျော်ကျော်ဦး-ဒေါ်ဖြူပြာမျိုးအောင် (AYA Bank) တို့၏ဖခင်၊ မောင်စစ်ပိုင်မှူး၏အဘိုးသည် ၂၈-၅-၂၀၁၈ (တနင်္လာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးသူရလင်း

**Max High Way (Max Myanmar Group)**

**အသက် (၃၆) နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၉/၃၂၆)၊ ပန်းခြံ(၆)လမ်း၊ (၂)ရပ်ကွက်နေ (ဦးစောကီဒို)-ဒေါ်နန်းစောကြည်တို့၏သားလတ်၊ ဦးကျော်စွာလင်း၏ညီ၊ ဦးအောင်ကိုကို၏အစ်ကို၊ မဇင်ဝါမြင့် (Max Myanmar Group)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၈-၅-၂၀၁၈ (တနင်္လာနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

### ဦးသန်းအောင်

**အသက် (၇၂) နှစ်**

သူငယ်ချင်းချိုချိုအောင်၏ဖခင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အားစု၊ ဆုမွန်၊ ထွေးရီ၊ ဥသာ၊ ဖဒို၊ ညွန့်**
**၈၅-၉၂ ကံ့ကော်ဆောင်သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်တင်တင်ရည်(ကြို့ပင်ကောက်)

**အသက် (၇၁) နှစ်**

**B.Ecom (I.T)**

အထက(၂) (ဟုမ်းလမ်း/ထီးတန်း)ကြည့်မြင်တိုင်၊ ကျောင်းသားဟောင်းများအသင်းနာယက၊ ဗိုလ်မှူးစိုးဝင်း(ငြိမ်း) (မြို့တော်စည်ပင်-ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်တင်တင်ရည်သည် ၂၁-၅-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရ ပါသည်။

**အထက(၂) (ဟုမ်းလမ်း/ထီးတန်း)ကြည့်မြင်တိုင်**
**ကျောင်းသား/ကျောင်းသူဟောင်းများအသင်း**

---

## အာနိစ္စ

**ထားဝယ်အသင်း**

### ဦးရွှေကြည်(ထားဝယ်)

**အသက်(၈၇)နှစ်**

**သက်ကြီးကန်တော့ခံ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ်(၅၀၄)နေ (ဒေါ်တင်ရီ)၏ခင်ပွန်း ဦးရွှေကြည် (၇၄၅)သည် ၂၇-၅-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေး အပ်ပါသည်။ (အသင်းမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့၊ ထားဝယ်အသင်း

---

**ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)**

### ဦးစိန်လှိုင်

**(စာရေးဆရာမုဒိတာ)**

**အထက်တန်းပြ(ငြိမ်း)**

**အသက် (၈၅) နှစ်**

**အသင်းနာယက၊ မြန်မာနိုင်ငံစာရေးဆရာအသင်းသက်ကြီးကန်တော့ခံ**

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့၊ ၁×၂ မက္ကဖွဲလမ်းနေ (ဦးရဲထွဋ်-ဒေါ်ခင်ညွန့်)တို့၏သား ဦးစိန်လှိုင်သည် ၂၆-၅-၂၀၁၈ရက် မွန်းလွဲပိုင်းတွင် ကွယ်လွန်သွားပါဖြင့် ၂၈-၅-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ကျိုက်လတ်မြို့ ပိတောက်မြိုင်သုသာန်၌ ဂူသွင်းသဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**

### ဒေါ်ဘေဘီအေး(ကျိုက္ခမီ)

**အသက် (၆၇) နှစ်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ (ဦးသော်ဇင်-ဒေါ်အေးတင်)တို့၏သမီး၊ ကျိုက္ခမီမြို့နေ (ဦးကျော်ဒင်)-ဒေါ်ရွှေကျင်တို့၏သမီးချွေးမ၊ (ဦးသိန်းငွေး-ဒေါ်အေးအေးစီ)၊ (ဦးသောင်းငြိမ်း)-ဒေါ်ခင်သန်းငွေး၊ (ဒေါ်ကြည်ကြည်ခင်)၊ (ဦးညဏ်ဝင်း)-ဒေါ်ခင်စန်းနွဲ့တို့၏ညီမ၊ (ဦးကျော်မင်း)-ဒေါ်ဥမ္မာလှိုင်၊ ဦးတိုးလွင်-ဒေါ်ကြည်ကြည်ခင်၊ ဦးမင်းဆွေ-ဒေါ်ခင်စန်းရီတို့၏အစ်မ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၄)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံအနီး၊ မြနန္ဒာအိမ်ရာ၊ တိုက်(၁၄)၊ အခန်း(၃၀၃)နေ ဦးကျော်ရွှေ၏ ချစ်လှစွာသောဇနီး၊ ကိုနေလင်းအောင်-မပိုင်းဝတ်ရည်ကျော်၊ ကိုရန်အောင်ကျော်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မယွန်းယုယအောင်၏ အဘွားသည် ၂၇-၅-၂၀၁၈ (တနင်္ဂနွေနေ့) ည ၉း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### ဦးသိန်းထွေး(ခ)

### ရော်နယ်အင်းနစ်(စ်)

**တပ်မတော်-ရေ (ငြိမ်း)၊**

**Exera Co., Ltd**

**အသက် (၆၁)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ်(၂၂)နေ [ဦးဘာဘာ(ခ) အင်းနစ်(စ်)-ဒေါ်မြကြီး]တို့၏ သားထွေး၊ ဦးအေး-(ဒေါ်အေးမီ)တို့၏သားသမက်၊ ဒေါ်လှမျိုးနွယ်(ခ)မေရီအင်းနစ်(စ်)၏ ချစ်လှစွာသောခင်ပွန်း၊ မမေမျိုးသူ၊ မောင်ဇေသီဟတို့၏ဖခင် ဦးသိန်းထွေး (ခ) ရော်နယ်အင်းနစ်(စ်)သည် ၂၇-၅-၂၀၁၈ ရက် ည ၁၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၅-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁၃၁)၊ ကျိုက္ကစံလမ်း၊ တာမွေမြို့နယ်၊ စိန့်ဖရန့်စစ်အစီစီ ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဥယျာဉ်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးသိန်းဝင်း(B.A, Ed) (၁၉၅၆)

**စစ်ကွင်း(အထက)၊ ကန်တော့ခံဆရာကြီး**

**အငြိမ်းစား သ/မ ဦးစီးဌာန**

**အသက် (၈၆)နှစ်**

တောင်ကြီးမြို့၊ မြို့မရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရိုးမရိပ်သာ၊ အခန်း(၃၀၂/၃၀၃)နေ ဒေါ်စန်းရီ(သ/မဦးစီးဌာန-ငြိမ်း)၏ခင်ပွန်း၊ ဟိုင်းကြီးကျွန်းမြို့နေ ဗိုလ်မှူးချုပ် ကျော်ရွှေထွန်း-ဒေါ်ဥမ္မာဝင်း(တရားလွှတ်တော်ရှေ့နေ)၊ တောင်ကြီးမြို့နေ ဦးဝင်းကျော်ငွေး-ဒေါ်စပွါယ်ဝင်း (မရွှေဖူး ဖက်ရှင်ရှော့နှင့်မြသီတာဆွယ်တာစတိုး)၊ ဒေါ်မဥ္ဇူဝင်း(မြသီတာဆွယ်တာစတိုး၊ ဗိုလ်ချုပ်လမ်း)၊ ဦးကျော်ဆန်းဝင်း(ညွှန်ကြားရေးမှူး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ်)-ဒေါ်ခိုင်ယဉ်မွေးတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဆက်မြတ်ထွန်း (University of West Scotland UK)၊ မဖြူသီရိကျော်(ဥပဒေထူးချွန်၊ တ-နှစ်၊ ရန်ကုန်တက္ကသိုလ်)၊ မဖူးဌာနီကျော်(Sec 3 ILBC)၊ မောင်ထူးမြတ်ကျော်(Pro 6 ILBC)၊ မောင်အောင်ကောင်းသန့်တို့၏ဘိုးဘိုးကြီးသည် ၂၇-၅-၂၀၁၈ (တနင်္ဂနွေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံ သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၆-၂၀၁၈ (စနေနေ့) နံနက် ၆ နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဒုဗိုလ်မှူးကြီးထိန်ဝင်း(ငြိမ်း) OTS(32)

**သူရဲကောင်းမှတ်တမ်းဝင်**

**အသက်(၇၉)နှစ်**

**ကြည်း-၁၀၅၅၈**

**ပဲခူးတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(အတွင်းရေးမှူး-ငြိမ်း)**

ကျုံမငေးမြို့နေ (ဦးစိန်ဒိုင်-ဒေါ်ကျင်)တို့၏ သား၊ လက်ပံတန်းမြို့နေ (ဦးမောင်ခွင်-ဒေါ်တင်)တို့၏ သားသမက်၊ ကျုံမငေးမြို့နေ (ဦးကြည်အောင်)-ဒေါ်ရီတီ တို့၏ မောင်၊ ဦးဘိုထွေး-ဒေါ်ခင်စန်းမြင့် တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို(၀၆၀၁/A)ဆောင်နေ ဒေါ်အေးမွန်(အထပြ-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ဒုဗိုလ်မှူးကြီးတင်ထွန်း(ငြိမ်း)ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)-ဒေါ်အေးမြတ်မြတ်ဝင်း၊ ဒုဗိုလ်မှူးကြီးအောင်နိုင်လူ(တပ်မတော်ရေ-ငြိမ်း၊ရေကြောင်းပြမှူးကြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်အေးနုနုဝင်း၊ ဦးဇော်မိုးဝင်း-ဒေါ်သူဇာထွန်းတို့၏ဖခင်၊ မသက်ထားခင်၊ မောင်သူရဖြိုး၊ မယသော်မြတ်နိုး၊ မစံပယ်မြတ်နိုး၊ မငွေစင်လင်းလက်၊ မောင်မင်းကောင်းခန့်တို့၏ အဘိုးသည် ၂၆-၅-၂၀၁၈ ရက် ည ၁၀း၁၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီးခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူဒါယကာကြီး**

### ဦးစောသိန်း

**အဖွဲ့ခွဲမှူး-ငြိမ်း၊ အလုပ်သမားဝန်ကြီးရုံး**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ အမှတ်(၄၆၃)နေ ဒေါ်ခင်ထွန်း၏ခင်ပွန်း၊ ကိုမျိုးမင်းဇော်-မအေးအေးစော၊ ကိုလှိုင်မျိုးသိန်း၊ ကိုလှိုင်မင်းသိန်း၊ ကိုတင်ထွန်းဝင်း-မခင်ဖြူဖြူထွန်း၊ ကိုဖြိုးအောင်ကျော်-မဆင့်ဆင့်ထွန်းတို့၏ဖခင် ဦးစောသိန်းသည် ၂၈-၅-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးထွန်းအေးနိုင်(ခ)ဦးနိုင်

**လူမှုထူးချွန်(ပထမဆင့်)**

**အသက် (၆၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၂)ရပ်ကွက်၊ စစ်တောင်းရိပ်မွန်၊ တိုက် (၃၅)၊ အခန်း (၃၀၂)နေ ဒေါ်အေးအေးကြည်၏ခင်ပွန်း၊ မိတ္ထီလာမြို့နေ (ဦးစံထိုက်-ဒေါ်အေးစိန်)တို့၏သား၊ (ဦးစိန်-ဒေါ်အုန်းတင်)တို့၏သားသမက်၊ မိတ္ထီလာမြို့နေ (ဦးသိန်းအောင်-ဒေါ်မြသန်း)၊ (ဦးတင်လှိုင်)-ဒေါ်တင်အေး၊ (ဦးလှရွှေ-ဒေါ်တင်မြိုင်)၊ ဦးအောင်ခင်-ဒေါ်ငွေးတို့၏ ညီ/မောင်၊ ကိုသက်နိုင်ဦး (2/0 Lizstar Shipping Company)-မခင်သန်းထွေး၊ ကိုမိုးဟိန်းနိုင်-မဝင်းလဲ့ရည်တိုး(HR Myanmar Ha Hae Co., Ltd)၊ ကိုအောင်ကိုကိုဦး(ဦးစီးအရာရှိ၊ ဥတ္တရသီရိမြို့နယ်၊ မီးသတ်ဦးစီးမှူး၊ နေပြည်တော်)-မအေးသီတာနိုင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မခင်လပြည့်ဦး၊ အိမ့်ချယ်ဦး (အထက-၂၊ လသာ)၊ သူရအောင်နိုင်(မဟာနွယ်ကျောင်း)၊ စည်သူအောင်နိုင်တို့၏အဘိုးသည် ၂၇-၅-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၈ရက် ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**စစ်ကွင်းအထက ကန်တော့ခံဆရာကြီး**

### ဦးသိန်းဝင်း (B.A.Ed) (၁၉၅၆)

**အသက်(၈၆)နှစ်**

**အငြိမ်းစား သမဝါယမဦးစီးဌာန**

ဗိုလ်မှူးချုပ် ကျော်ရွှေထွန်း-ဒေါ်ဥမ္မာဝင်း(တရားလွှတ်တော်ရှေ့နေ)တို့၏ ကျေးဇူးရှင်ဖခင် ဦးသိန်းဝင်း သည် ၂၇-၅-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းအောင်-ဒေါ်နန်းမွှေးကြိုင် မိသားစု**
**M.G.W Construction Ltd.**

---

## ဝမ်းနည်းကြေကွဲခြင်း

**စစ်ကွင်းအထက ကန်တော့ခံဆရာကြီး**

### ဦးသိန်းဝင်း (B.A.Ed) (၁၉၅၆)

**အသက်(၈၆)နှစ်**

**အငြိမ်းစား သမဝါယမဦးစီးဌာန**

ဗိုလ်မှူးချုပ် ကျော်ရွှေထွန်း-ဒေါ်ဥမ္မာဝင်း(တရားလွှတ်တော်ရှေ့နေ)တို့၏ ကျေးဇူးရှင်ဖခင် ဦးသိန်းဝင်း သည် ၂၇-၅-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သူငယ်ချင်းများ**
**မွှေး၊ သီတာ၊ စန္ဒာ၊ နီလာ၊ မာလာ၊ အကြည်၊ ဝင်းဝင်း၊ လွင်လွင်ငွေး**

---

**ဘုရားဒါယကာကြီး**

### ဦးရွှေကြည်(ခ)ဦးကြည်သာ

**(ထားဝယ်)ပြည်တွင်းအခွန်ဦးစီးဌာန**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ်(၅၀၄)နေ ဦးစိုးဝင်းအောင်-ဒေါ်ညွန့်ညွန့်မော်၊ (ဦးဟန်ထွန်း)-ဒေါ်တင်တင်ဝင်း၊ ဒေါ်ဥမ္မာ(ခ)ဒေါ်ခင်မမ၊ ဦးစိုင်းအောင်ဗိုလ်-ဒေါ်မြစန္ဒာ၊ ဦးသန်းထွေးအောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ဘွားဘွား၊ ဒေါ်တင်ရီ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၇-၅-၂၀၁၈ (တနင်္ဂနွေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၆-၂၀၁၈(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်းဒါယိကာမကြီး**

### ဒေါ်ခင်ညို (၈၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ တပ်မြေ၊ မြခွာညိုလမ်း၊ အမှတ်(၁၂)နေ (ဦးသိန်းအောင်)-ဒေါ်ခင်ရီတို့၏ အစ်မကြီး၊ ကိုဝင်းစိုးနိုင်၊ ကိုသိန်းဇော်ဝင်း(ကထိက၊ ပထဝီဝင်ဌာန၊ ဟသ်ာတတက္ကသိုလ်)-မခင်ယုလှိုင်၊ ကိုဝင်းထွဋ်ဝင်း(ဆက်သွယ်ရေး)-မခင်ခင်ယု(ဆက်သွယ်ရေး)၊ ကိုဝင်းမြင့်အောင်(ခ)ကိုကိုဝင်း-မခင်မို့မို့စိမ်းတို့၏ အဒေါ်၊ မောင်ဝေဖြိုးအောင်(အရှေ့ပိုင်းတက္ကသိုလ်)၊ မရည်မွန်သီရိသိမ်း (TTC)၊ မောင်ကောင်း ထက်အောင်(လသာ-၁)၊ မဖြူစင်သီရိခိုင်(TTC) တို့၏ချစ်လှစွာသော ဘွားဘွားသည် ၂၇-၅-၂၀၁၈ ရက် မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၈ ရက်တွင် ကျီစုသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### ဦးစောဂျွန်ကျား (၉၁)နှစ်

**အထက်တန်းကျောင်းအုပ် (ငြိမ်း)**

အမှတ်(၃၂)၊ တန်းမြင့်ကျောင်းလမ်း၊ တောင်သူကုန်းရပ်ကွက်နေ (ဆရာဦးကျား-ဒေါ်နော်အဲစေ)တို့၏ သား၊ ဒေါ်စဲလေကျား-ဦးမြတ်သူတို့၏ မောင်၊ ဒေါ်မာဂရက်ကျား-(ဦးစောထီးခူ)၊ ဒေါ်နော်အေးချိုကျားတို့၏ အစ်ကို၊ ဒေါ်နော်ဂျူးနာဂျွန်၏ ချစ်လှစွာသော ခင်ပွန်း၊ နော်ဂျိုအဲနာ-စောစေးနေ၊ နော်ဂျိုးစလင်း-(ဦးမြင့်နိုင်)တို့၏ ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၇-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၀း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် တောင်သူကုန်းကရင်နှစ်ခြင်းဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်ကရင်နှစ်ခြင်းသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုတိယဝန်ကြီးများနှင့် ဂျပန်သံအမတ်ကြီးတို့ မောင်တောဒေသတွင် ကြည့်ရှုလေ့လာ



**စစ်တွေ မေ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီး H.E.Mr. Ichiro MARUYAMA တို့ ဦးဆောင်သောအဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ပြည်နယ်ဝန်ကြီး ဦးကျော်လွင်နှင့်အတူ ယနေ့ နံနက် ၉ နာရီ ၁၀ မိနစ်တွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် စစ်တွေမြို့မှ တောင်ပြိုလက်ဝဲမြို့သို့ ရောက်ရှိကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် ဂျပန်သံအမတ်ကြီးဦးဆောင်သောအဖွဲ့သည် မော်တော်ယာဉ်များဖြင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့ရောက်ရှိကြရာ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်အခြေအနေ၊ နယ်စပ်မျဉ်းပေါ်တွင်နေထိုင်ကြသူများ၏အခြေအနေ၊ တစ်ဖက်နိုင်ငံမှ မြန်မာနိုင်ငံဘက်သို့ CCTV တပ်ဆင်စောင့်ကြည့်လျက်ရှိသည့် အခြေအနေများနှင့် အဖွဲ့အစည်းအချို့၏ တရားမဝင်ထောက်ပံ့ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်ကင်းစခန်းအတွင်းမှ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဂျပန်သံအမတ်ကြီးသည် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး နေထိုင်လျက်ရှိသူများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်နိုင်မည့် အခြေအနေများနှင့် NV Card ထုတ်ယူရရှိနိုင်ရေးဆိုင်ရာ အကြောင်းအရာသတင်းအချက်အလက်များကို သိရှိခြင်း ရှိ၊ မရှိ မေးမြန်းသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳**

**ဂျပန်သံအမတ်ကြီးနှင့် မိမိဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာကြသည့် နေရပ်စွန့်ခွာသူများ လှဖိုးခေါင်ကြားစခန်းတွင် တွေ့ဆုံစဉ်။**

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲများ ကျင်းပမည်

**ရန်ကုန် မေ ၂၈**

၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲများကို မေ ၃၀ ရက်နှင့် ဇွန် ၆ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး MNL အသင်းကြီးများ ပါဝင်လာကာ ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေသည်။

ဒုတိယအဆင့်ပွဲများကို တစ်ရက်လျှင် သုံးပွဲနှုန်းဖြင့် စုစုပေါင်း ခြောက်ပွဲယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ဒုတိယအဆင့်ပွဲများအဖြစ် မေ ၃၀ ရက်တွင် အောင်ဆန်းကွင်း၌ မကွေးအသင်းနှင့် ဒဂုံအသင်း၊ သုဝဏ္ဏကွင်း၌ Southern အသင်းနှင့် GFA အသင်း၊ ပဒုမ္မာကွင်း၌ ဧရာဝတီအသင်းနှင့် ရှိုင်ရယ်သန်လျင်အသင်း၊ ဇွန် ၆ ရက်တွင် ပဒုမ္မာကွင်း၌ ရတနာပုံအသင်းနှင့် စစ်ကိုင်းအသင်း၊ အောင်ဆန်းကွင်း၌ ဟံသာဝတီအသင်းနှင့် ဇွဲကပင်အသင်း၊ သုဝဏ္ဏကွင်း၌ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**

## ဟိုင်းကြီးကျွန်းတွင် ရုတ်တရက်လေပြင်းတိုက်ခတ်မှုကြောင့် အရေးပေါ်ကမ်းကပ်စဉ် ခရီးသည်တင် ရေယာဉ်တစ်စင်း ကျောက်တန်းပေါ်တင်

**ဟိုင်းကြီးကျွန်း မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ကျောက်ငူကျေးရွာအနီး ပုသိမ်မြို့မှ ဟိုင်းကြီးကျွန်းမြို့နယ် ခမောက်မော်ရွာသို့ ထွက်ခွာလာသည့် စိုးလင်းကျော် (၅)ရေယာဉ်သည် ယနေ့ နံနက်ပိုင်းက ရုတ်တရက်လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်ငူကျေးရွာဆိပ်ကမ်းသို့ အရေးပေါ်ဆိုက်ကပ်စဉ် ရေအောက်ရှိကျောက်တန်းပေါ်သို့ တင်သွားခဲ့ရာ မြို့သစ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့နှင့်ဒေသခံများက ရေယာဉ်ပေါ်ပါခရီးသည်များကို ဆိပ်ကမ်းပေါ်သို့ရောက်ရှိရေး ကူညီဆောင်ရွက်ပေးခဲ့ရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။



စိုးလင်းကျော်(၅)ရေယာဉ်ပေါ်တွင် ခရီးသည် ၇၀ လိုက်ပါစီးနင်းလာခဲ့ကြပြီး ကျောက်ငူကျေးရွာဘုန်းကြီးကျောင်းတွင် ၃၇ ဦးနှင့် အခြားသူများအား ကျောက်ငူကျေးရွာအတွင်းရှိ အသိမိတ်ဆွေများ၏နေအိမ်များတွင် ခေတ္တနားခိုရန် စီစဉ်ပေးထားကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အဆိုပါရေယာဉ်မှာ ရေတက်ချိန်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး လှိုင်းလေတည်ငြိမ်သည့်အချိန်တွင် ခရီးစဉ်အတိုင်း ပြန်လည်ထွက်ခွာရန်စီစဉ်ထားသော်လည်း ကျောက်တန်းပေါ်မှ ရေယာဉ်ကို ပြန်ချရန် အခက်အခဲရှိနေသောကြောင့် ခရီးသည်များမှာ ကုန်းလမ်းခရီးမှ မိမိတို့နေထိုင်ရာဒေသများသို့ ကား၊ ဆိုင်ကယ်များဖြင့် ထွက်ခွာသွားကြပြီဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

